

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

အတွင်းမှန်ချပ်ထုတ်ပုံနှိပ် ဆောင်မြင့်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

ဖြန့်ချိရေး ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်(ဇူလိုင်)၊ အုပ်ရေ(၅၀၀)။

၈၉၅.၈၃

မေဒဝတာ

သီသာယာ/မေဒဝတာ။ - ရန်ကုန်၊

အောင်မြင့်စာပေ၊ ၂၀၁၅။

၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) မေဒဝတာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com




# အခန်း(၁)

မြင်ဦးလွင်၊ မေမြို့တောင်၊ လှေကားမြို့တော်ဟု ‌ . သုံးမည်ရမြို့လေးသည် တောင်စောင်း၊ တောင်ထိပ်၊ တောင်ခါးပန်းတစ်လျှောက် ပြန့်ပြောရှည်လျားစွာ တည်ရှိလို့နေသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ခန့်က အင်္ဂလိပ်များ နွေရာသီကာလတွင် ရုံးစိုက်ရန်အတွက် ဖော်ထုတ်ခဲ့သော မြို့လေးလည်းဖြစ်သည်။

ရေခဲအောင်အေးသည့် ဒေသမှလာပြီး ပူအိုက်စွတ်စိုသည့်



www.burmeseclassic.com

www.burmeseclassic.com


နွေးသမဒေသတွင် ကိုလိုနီထူထောင်မိသော မျက်နှာဖြူများ ရန်ကုန် နွေဒဏ်ကို မခံနိုင်ကြသဖြင့်. . အလွန်အေးပြီး မန္တလေးနှင့်လည်း မဝေးသော ထိုအရပ်တွင်မြို့တည်ကာ မေမြို့ဟု အမည်ပေးခဲ့ကြခြင်း ဖြစ်သည်။ ထိုမြို့တွင် ကိုလိုနီခေတ်လက်ရာ အဆောက်အဦးတွေ လည်း များလှ၏။

BURMESE CLASSIC

တဖြည်းဖြည်းနှင့် လူနေထူထပ်ပြီး သစ်တောများ ရှားပါး သွားသည်မို့ ယခုကာလမှာ ပြင်ဦးလွင်၏ ရာသီဥတုလည်း ဖောက် ပြန်ပျက်စီးစပြုကာ အအေးပေါ့လာခဲ့ပြီဖြစ်သည်။

ထိုအအေးဓာတ်ကို အန်တုရင်း လမ်းမကြီးပေါ်သို့ ကား တစ်စီး အရှိန်ဖြင့်မောင်းတက်လာ၏။

မောင်းလာသူက အကြားအမြင်ဆရာမလေး ရှင်မင်း ဖြစ် သည်။ သူမဦးတည်ရာက ရတနာပျိုးခင်း ပုဂ္ဂလိကစာသင်ကျောင်း သို့ဖြစ်သည်။

သားငယ်လေး၏ဆရာက ဖုန်းဆက်လှမ်းခေါ်၍ ကျောင်း လွှတ်ချိန်မတိုင်မီ တစ်နာရီခန့် ကြိုထွက်လာခဲ့ခြင်း ဖြစ်သည်။

ငါးတန်းရောက်နေပြီဖြစ်သော သားလေးပြည့်စုံ စာမလိုက် နိုင်လို့လား၊ ကျောင်းမှာရန်ဖြစ်လို့လား. . . စသည်ဖြင့် တွေးပူကာ စိတ်လောနေသည်မို့ လမ်းရှင်းလျှင်ရှင်းသလို အရှိန်တင်ကာ ခတ် သွက်သွက် မောင်းလာခဲ့သည်။

ကျောင်းဝင်းထဲချိုးကွေ့ဝင်လိုက်မှပဲ လီဗာပေါ်မှ ခြေထောက် အား ဖယ်မိတော့၏။ ဆရာသော်တာ၏ရုံးခန်းကို မေးမြန်းစုံစမ်းပြီး တွေ့ခွင့်တောင်းရသည်။

သူကိုယ်တိုင် လှမ်းခေါ်ထားသည်မို့ ဆရာသော်တာနှင့်


www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် တွေ့ခွင့်ရသည်။ သားလေး၏ဆရာဆိုသော်လည်း သူနှင့် မတိမ်းမယိမ်း သုံးဆယ်ကျော်လောက်ပဲရှိဦးမည့် လူရည်သန့်တစ်ယောက်အဖြစ် တွေ့ရသည်။

လူငယ်သော်လည်း ပညာကမငယ်. .။ ရုံးခန်းအဝင်ဝတွင် အမည်နှင့်တွဲ၍ ရေးသားချိတ်ဆွဲထားသော ဆိုင်းဘုတ်ငယ်မှာ ဘွဲ့သုံးခုလောက် တွေ့ခဲ့ရသည်။

"ကျွန်မ မောင်ပြည့်စုံရဲ့အမေပါ ဆရာ"

"ဪ. . ထိုင်ပါ"

ရှင်မင်းဝင်ထိုင်လိုက်ပြီး တစ်ယောက်ကိုတစ်ယောက် အကဲခတ်ရင်းနှင့် ခေတ္တခဏ စကားပြတ်သွားကြသည်။ အချိန်လုနေရသော ရှင်မင်းကပင် တိုက်ဆိုတ်မှုကို အဆုံးသတ်ပေးလိုက်၏။

"သားလေး ဘာများဖြစ်လို့လဲ ဆရာ"

"မောင်ပြည့်စုံက ကြိုးစားအားထုတ်မှုကောင်းပါတယ်၊ စည်းကမ်းလိုက်နာမှုလည်း မဆိုးပါဘူး၊ ဒါပေမယ့် ကလေးက တမှိုင်မှိုင်နဲ့ တခုခုများဖြစ်နေသလားလို့. . ."

"ရှင်!. ."

ဆရာ၏မှတ်ချက်ကြောင့် ရှင်မင်း သားအတွက် စိုးရိမ်သွား၏။

"သိပ်တော့မစိုးရိမ်ပါနဲ့. .၊ အိမ်မှာရော သူ့ပုံစံက ဒီလိုပဲလား"

"ဪ. . ဒီနေ့က သူ့အဖေဆုံးတာ သုံးနှစ်ပြည့်တဲ့နေ့လေ၊ သားလေး သူ့အဖေကိုသတိရလို့ မှိုင်နေတာနဲ့တူတယ် ဆရာ"

"မောင်ပြည့်စုံရဲ့အဖေက မရှိတော့ဘဲကိုး၊ ဟုတ်ပြီ. . စိတ်စွ



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကို အတော်လွှမ်းမိုးထားတယ်နဲ့တူတယ်၊ ဒါဆို မောင်ပြည့်စုံ ဆွဲထားတဲ့ပုံကို ကြည့်လိုက်ပါအုံး မရှင်မင်း၊ ကျွန်တော် ဘာပြောချင် သလဲဆိုတာ သိသွားပါလိမ့်မယ်. . ."

ဆရာသော်တာ လှမ်းပေးသော ပုံဆွဲစာရွက်ကို ရှင်မင်း လှမ်းယူကာ ကြည့်လိုက်၏။ ထိုစာရွက်ကြည့်ရင်း ရှင်မင်း မျက်လုံး ဝိုင်းသွားရသည်။

သားလေးဆွဲထားသည်က သရဲတစ္ဆေပုံများဖြစ်နေ၍ ရှင် မင်း ငိုင်တွေတွေ ဖြစ်သွား၏။

"ကလင်!. . . ကလင်!. . . ကလင်!. . ."

ထိုအချိန်တွင် ကျောင်းဆင်းဘဲလ်သံ မြည်လာ၏။ ရှင်မင်း နှုတ်ဆက်ပြီး ထိုင်ရာမှထမည်အလုပ်. . .။

"မောင်. . မောင်ရေ. . အထဲမှာရှိလား"

အသံစာစာနှင့် အခန်းထဲဝင်လာသော မိန်းမချောလေး တစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုမိန်းမချောလေးက အထဲကို ရောက်မှ ရှင်မင်းအား သတိပြုမိပြီး ရှုံးတို့ရှန်းတန်းနှင့်မို့ ဆရာသော် တာကပဲ. . .

"ဪ. . မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်အမျိုးသမီး နဒီလှိုင်းတဲ့၊ နဒီ. . ဒါက မောင်တို့ကျောင်းက ကျောင်းသားရဲ့အမေ လေ. . ."

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ် ဆရာကတော်၊ ကျွန်မက ရှင်မင်းပါ"

"ဟုတ်ကဲ့"

လောကဝတ်အရ အပြန်အလှန်နှုတ်ဆက်ပြီး အပ်ကွန့်စရာ



www.burmeseclassic.com

www.burmeseclassic.com



စကားမရှိတော့သဖြင့် ရှင်မင်း ထရပ်ပြီး ပြန်ဖို့ပြင်လိုက်သည်။

"ကျွန်မကို ခွင့်ပြုပါဦး . . ဆရာနဲ့ ဆရာကတော်"

သူတို့က အပြုံးလေးနှင့် နှုတ်ဆက်ခေါင်းညိတ်ပြ၏။

နဒီလှိုင် ဆိုသည့်အမျိုးသမီးက ရှင်မင်းအား သေချာစူးစမ်းအကဲခတ်နေသည်ကို ရှင်မင်း သတိပြုမိ၏။

ရှင်မင်း တံခါးနားအရောက် . .

"ဩော် . . မှတ်မိပြီ၊ ရှင် . . ရှင်က အကြားအမြင်ဟောတဲ့ ဆရာမ မဟုတ်လား"

သူ့ကိုသိနေသည်ဆိုတော့လည်း ရှင်မင်း နောက်ပြန်လှည့်ကာ အလိုက်အထိုက် စကားပြောရပြန်သည်။

"ဟုတ်ကဲ့ရှင့် . . ကျွန်မတို့ ဆုံဘူးကြသလား မသိဘူး၊ ကျွန်မ မမှတ်မိတာ စိတ်မရှိပါနဲ့နော်"

"ရပါတယ်ရှင်၊ ဆရာမက အများနဲ့ဆက်ဆံနေတာ မဟုတ်လား၊ နဒီက သူငယ်ချင်းတစ်ယောက်နဲ့ ဆရာမ့အိမ် ရောက်ဖူးတာပါ၊ ဒါပေမယ့် နဒီမေးတာတော့ မဟုတ်ဘူး"

"ဩော် . . ဟုတ်ကဲ့"

"ကြုံတုန်းကြုံခိုက် ကျွန်မတို့လင်မယားရဲ့ အနာဂတ်လေးကို ဘချက်လောက် ဟောပေးသွားပါလား၊ ကျွန်မတို့နှစ်ယောက် တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေသွားနိုင်မလားလို့"

"ဟာ . . နဒီကလည်းကွာ၊ ဆရာမကို အားနာစရာကြီး"

ဆရာသော်တာက နဒီ့အပြောကို အားနာဟန်နှင့် ပြော၏။ ရှင်မင်း သူတို့နှစ်ယောက်ကို ကြောင်တောင်တောင်ပုံစံလေးနှင့် ငေး ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရှင်မင်းတစ်ယောက်တည်းအား လေတစ်ချက် ဝှေ့တိုက်လိုက်သည့်အလား. . ဆံပင်များ လေထဲဝေ့ဝဲသွား၏။

တပြိုင်နက်တည်းမှာပင် ဆရာသော်တာ၏ စားပွဲပေါ်မှ ခဲတံတစ်ချောင်း သူ့အလိုလို လိမ့်သွားတာကို တွေ့နေရသည်။ ခဲတံမှာ စားပွဲစွန်းအရောက် အောက်သို့ပြုတ်ကျသွားလေ၏။

"ဒုတ်!. ."

"ဟင်!. ."

မြင်လိုက်ရသည့်မြင်ကွင်းက ရှင်မင်းအတွက် သွေးပျက်ဖွယ်ကောင်းနေသည်။ ခဲတံ ကြမ်းပြင်ပေါ် သို့အကျ. . သူမ မြင်လိုက်ရသည်က ကြမ်းပြင်မဟုတ်ဘဲ ရေကွက်တစ်ခုဖြစ်နေသည်။

ထိုရေကွက်ထဲတွင် ဒဏ်ရာများနှင့် ရေနူးနေသော ခြေထောက်တစ်စုံ. .။ ထိုခြေထောက်ပိုင်ရှင်က နဒီလှိုင်းဖြစ်နေ၍ ပိုပြီး အံ့အားသင့်သွားမိသည်။

နဒီလှိုင်းက ရှင်မင်း အမူအရာပျက်နေသည်ကို တွေ့၍. .

"ဆရာမ ဘာများဖြစ်လို့လဲဟင်"

အသံကြားမှ ရှင်မင်း ဣန္ဒြေအမြန်ဆည်ကာ. . နဒီလှိုင်း ခြေထောက်ကို ပြန်ကြည့်မိသည်။ ဒီအခါတော့ ခဲတံပြုတ်ကျနေတာလည်းမတွေ့၊ ရေကွက်လဲပျောက်ကာ ဖြူဖွေးရှင်းသန့်နေသော နဒီလှိုင်း၏ ခြေထောက်ကိုသာ တွေ့လိုက်ရသည်။

"ဟို. . ဟို ဘာမှမဟုတ်ပါဘူး၊ ကျွန်မ သွားလိုက်ပါဦးမယ်"

နှုတ်ဆက်အပြီး ရှင်မင်း လှည့်ထွက်လာလိုက်သည်။ ရင်ထဲမှာတော့ စိုးတထိတ်ထိတ်နှင့်. .၊ သူမ မြင်လိုက်ရသော အနေအထားအရ နဒီလှိုင်းအတွက် မကောင်းဘူးဆိုတာပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ကားဘေးရပ်၍ မျှော်နေသောသားငယ် သူ့ကိုတွေ့မှ . .

"မေမေ ဘယ်တွေသွားနေတာလဲ၊ သားစောင့်နေတာကြာလှပြီ"

"ဒီနားခဏပါ သားရယ်၊ လာ . . တက်၊ အမေတို့မုန့်သွားစားကြမယ်"

အချိန်ကလည်း ညနေစောင်းပြီမို့ မြို့မဈေးကြီးသို့ မောင်းလာခဲ့၏။ ရှင်မင်းမှာ အကြားအမြင်ဟောရတာကတစ်ကြောင်း၊ အိမ်မှုကိစ္စတွေ လုပ်ရတာကတစ်ဖုံ၊ ယောကျ်ားဆုံးပြီးမှ ဘဝကို ပိုမိုရုန်းကန်ခဲ့ရသည်မို့ သားကို ကျောင်းပို့ကျောင်းကြိုကလွဲပြီး သီးသန့်အချိန် မပေးနိုင်ခဲ့။ ခုတော့ သားကို နွေးနွေးထွေးထွေး ဂရုစိုက်ပေးမှရတော့မည်။

ဈေးကပ်လျက်လမ်းရှိ ညဈေးတန်းအရောက် သားကြိုက်သည့် တို့ဟူးနွေးမှာပေးပြီး . . သူကိုယ်တိုင်လည်း တစ်ဆိုင်ကျော်မှ ခေါက်သားတုတ်ထိုးတစ်ပွဲ လှမ်းမှာစားလိုက်သည်။

သူတို့ မိသားစုအားလုံး မေမြို့ဒေသခံစစ်စစ်တွေ ဖြစ်သော်လည်း ရှမ်းခေါက်ဆွဲ၊ တို့ဟူးနွေး၊ နှစ်ပြန်ကျော်၊ သားရေပွကြော် . . စသည့် ဒေသစာတွေကို ရှင်မင်း သိပ်ခံတွင်းမတွေ့လှ။

အားပါးတရ စားနေသော သားကိုကြည့်ရင်း ရှင်မင်း ဝမ်းနည်းပီတိဖြစ်ရလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၂)

ရှင်မင်း အိမ်မှုကိစ္စတွေကို ဇယ်စက်သလို လုပ်နေရသည်။ သားကိုကျောင်းပို့ပြီး ပြန်ရောက်တော့ ကိုးနာရီထိုးနေပြီဖြစ်သည်။ ရှင်မင်း နားမနေအား၊ ဟောခန်းဖွင့်ပြီး ပြင်ဆင်စရာရှိတာတွေ ဆက်တိုက်လုပ်ဆောင်ရသည်။ ကန်တော့ပွဲမှာ သပြေပန်းအသစ်ထိုးပြီး အမွှေးတိုင် ဖယောင်းတိုင်တွေ ထွန်းညှိလိုက်သည်။

တိုကင်ယူထားသူ ဖုန်းဆက်ချိန်းဆိုထားသူတွေ ရှိသော်လည်း တစ်ယောက်မှရောက်မလာကြသေး၊ ကိုးနာရီကျော်လောက်


www.burmeseclassic.com

www.burmeseclassic.com



တွင် ခြံထဲ ဆိုင်ကယ်တစ်စီးဝင်လာသံ ကြားရသည်။ မကြာခင်မှာပင် လူတစ်ယောက် ဟောခန်းထဲဝင်လာ၏။

"ဆရာမ . ."

"ဪ . . ကိုစိုင်း၊ လာထိုင် . ."

"ဟုတ်ကဲ့ . ."

"ကျွန်တော့်စီးပွားရေးနဲ့ ပတ်သက်ပြီး . ."

"ကျွန်မ အားလုံးစီစဉ်ထားပြီးပါပြီ ကိုစိုင်းရယ်"

"ဒါဆို ကောင်းတာပေါ့"

ရှင်မင်းက တဲရော့ဖဲထုပ်ကို ကိုစိုင်းရှေ့ ဖြန့်ခင်းပေးလိုက်ရင်း . . .

"ကိုစိုင်း . . ဖဲတစ်ချပ် ရွေးလိုက်"

သူဆွဲထုတ်လိုက်သော ဖဲချပ်ကို ရှင်မင်း လှန်ကြည့်လိုက်၏။ ပုံက ဓါးကိုင်ထားသော တမန်တော်ပုံဖြစ်နေ၍ ရှင်မင်းရင်ထဲ မကောင်းဖြစ်သွားသည်။

ရှင်မင်း မျက်စိမှိတ်ကာ အတန်ကြာနေလိုက်၏။ အာရုံထဲ မပီဝိုးတဝါးပုံရိပ်များ ပေါ်လာ၏။ အတန်ကြာမှ ပီပြင်သောပုံရိပ်ကို မြင်ရသည်။ မြင်ရသည်ကလည်း မင်္ဂလာမရှိသည့် ခေါင်းတလားတစ်လုံးနှင့် ငိုကြွေးနေသော လူတစ်စုပုံရိပ်သာ ဖြစ်နေ၏။

"ဟင်း . . ."

ရှင်မင်း သက်ပြင်းရှိုက်လိုက်မိသည်။

"ဘာမြင်လို့လည်း ဆရာမ၊ ပြောပါ အားမနာပါနဲ့"

"အင်း . . ကိုစိုင်း မိသားစုထဲမှာ မကျန်းမာသူများ ရှိသလား"

"ဟင် . . ဟုတ် . . ဟုတ်ကဲ့၊ တူလေးတစ်ယောက်တော့ . .



www.burmeseclassic.com

www.burmeseclassic.com



ဖျားနေတယ်"

"ပြောရမှာ စိတ်တော့မကောင်းဘူး၊ နာရေးတစ်ခု မြင်နေတယ် ကိုစိုင်း"

"ဗျာ!. ."

ရှင်မင်း၏ ဟောပြောမှုကြောင့် ထိုလူ အကြီးအကျယ် ထိတ်လန့်သွားသည်။

"သွားတာလာတာ သတိထားပါ၊ အားလုံးရဲ့ ကျန်းမာရေးကို ဂရုစိုက်ပါ"

"ဟုတ်. . ဟုတ်ကဲ့ ဆရာမ"

"ကျွန်မက ဗေဒင်ဆရာမဟုတ်လို့ ယကြာတော့ မပေးတတ်ဘူး၊ အကောင်းဆုံးက ကုသိုလ်ရေးကိစ္စ များများလုပ်ပေါ့၊ အဲဒါ. . အကောင်းဆုံး လောကုတ္တရာကုသိုလ်ပဲ"

"ဟုတ်ကဲ့ပါ"

ကိုစိုင်းက ငွေဖလားကြီးထဲ ထောင်တန်နှစ်ရွက် ထည့်ခဲ့ပြီး ခေါင်းငိုက်စိုက်နှင့် ထွက်သွားလေ၏။ နောက်ထပ်စောင့်ဆိုင်းနေသူ လူလတ်ပိုင်းအရွယ် စုံတွဲတစ်တွဲ ဝင်လာကြသည်။

"ထိုင်ကြပါ. . ဘာနဲ့လာကြတာလဲ"

"ရထားလုံးနဲ့ပါ ဆရာမ"

"သြော်. . ဒါကြောင့် အသံမကြားတာကိုး"

ကိုလိုနီခေတ် အမွေတစ်ခုအဖြစ် မြင်းဆွဲသည့် ဘီရိုလှည်းဖြစ်သော ပြင်ဦးလွင်က. . ထိုမြင်းလှည်းကြောင့် နာမည်ကြီးနေခြင်းဖြစ်သည်။ ထိုမြင်းလှည်းက နိုင်ငံခြားသားများနှင့် ပြည်တွင်းခရီးသည်အသုံးစွဲနိုင်သူတချို့သာစီးကြ၍ တိမ်ကောမတတ်ဖြစ်နေပြီး၊ တိုးတက်လာသည်.

www.burmeseclassic.com



နှင့်အမျှ ဆိုင်ကယ်တွေ၊ တုတ်တုတ်တွေ၊ ကားတွပေါ်လာသည့် ခေတ်မှာ ဒေသခံတွေ မြင်းလှည်းကို သိပ်မသုံးကြတော့။

"ကဲ. . ကျွန်မဘာကူညီရမလဲ"

ဧည့်သည်စုံတွဲက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးလိုက်ကြသည်။ အမျိုးသားက ရှက်နေပုံနှင့် အမျိုးသမီးကိုသာ မေးဆတ်ပြသည်။ မိန်းမချင်း ပြောကြပါဆိုသည့်သဘော. .၊ အမျိုးသမီးလည်း လည်ချောင်းရှင်းလိုက်ပြီး. .။

"ဒီလိုပါ ဆရာမ၊ ကျွန်မတို့. . မကြာခင် အိမ်ထောင်ပြုကြတော့မှာပါ၊ အဲဒါ ကျွန်မတို့ရဲ့ အိမ်ထောင်ရေးအခြေအနေ"

"ကောင်းပါပြီ"

ရှင်မင်းက သူ့ထုံးစံအတိုင်း ဖဲချပ်တားရော့ကတ်များကို တုလားဖန်ထိုး၍ ထိုစုံတွဲရှေ့၌ ဖြန့်ခင်းလိုက်သည်။

"တစ်ယောက်ကို ဖဲတစ်ချပ်စီ ယူလိုက်ပါ"

ရှင်မင်း တောင်းဆိုသည့်အတိုင်း ထိုစုံတွဲ ပြုလုပ်ကြသည်။ ထိုဖဲနှစ်ချပ်ကို စားပွဲနှင့်ပွတ်၍ လျောတိုက်ဆွဲယူရင်း ရှင်မင်း လှန်ကြည့်လိုက်သည်။ စောင်းတီးနေသော နတ်သားပုံနှင့် ကလေးငယ်တစ်ဦးကိုချီကာ ပျော်ရွှင်နေသော နတ်သမီးတစ်ယောက်ပုံတို့ ဖြစ်သည်။

ဖဲချပ်ပါပုံအတိုင်း နိမိတ်ကောက်လျှင်ပင် အလွန်ကောင်းနေလေပြီ။ ပို၍ သေချာသွားအောင် ရှင်မင်းက. .

"နှစ်ယောက်စလုံး ညာလက်တွေကို မှောက်ထားလိုက်ပါသား"

"ဟုတ်ကဲ့. ."



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းပြောသည့်အတိုင်း စုံတွဲက လိုက်နာကြသည်။ သူတို့၏ လက်များကို တစ်ဖက်စီအုပ်ကိုင်ပြီး အာရုံခံကြည့်သည်။ ထိုအခါမှာတော့ ကြည်လင်ပြတ်သားသည့် ပုံရိပ်များကို တွေ့ရလေသည်။ ရှု့မဆုံးအောင် ကျယ်ပြောပြန့်ပြူးသော ပန်းခင်းကြီးအလယ်တွင် ပျော်မြူးပြေးလွှားနေသော လူသားနှစ်ယောက်အား မြင်နေရသည်။

ဒါ ကောင်းသောနိမိတ်ဆောင်သည့် မြင်ကွင်းပင် ဖြစ်သည်။ ရှင်မင်း ကျေနပ်သွား၏။ လက်ကိုပြန်ရုတ်၍ မျက်လုံးဖွင့်ကြည့်လိုက်၏။ သူ့အား မျှော်လင့်တကြီး စောင့်စားနေသော မျက်ဝန်းနှစ်စုံကို တွေ့ရသည်။

"သိပ်ကောင်းပါတယ်၊ အရမ်းကိုသာယာတဲ့ အိမ်ထောင်တစ်ခု ဖြစ်လာလိမ့်မယ်"

ထိုအချိန်တွင် ခြံထဲသို့ တုတ်တုတ်တစ်စီး ဝင်လာသံကြားလိုက်ရသည်။ ဘယ်သူပဲဝင်လာလာ ရှင်မင်း အာရုံစူးစိုက်မှုကို လွင့်ပျံ့မသွားအောင် ထိန်းထား၏။

"သားသမီးရတနာလည်း ထွန်းကားလိမ့်မယ်. . ။ သိပ်ကိုကောင်းတဲ့ ဆုံဆည်းမှုပါပဲ၊ နတ်တော်လပြည့်နေ့မှာ မင်္ဂလာဆောင်နိုင်ရင် ပိုပြီးကောင်းနိုင်ပါတယ်"

"ကျေးဇူးတင်လိုက်တာ ဆရာမရယ်"

လူလတ်ပိုင်းစုံတွဲက ငါးထောင်တန်တစ်ရွက်ကို ဖလားထဲထည့်ကာ ပြုံးရွှင်စွာနှုတ်ဆက်၍ ပြန်သွားကြသည်။ ဒီလို အနာဂါတ်ကောင်းသူများကို ဟောပြောပေးရတာ ရှင်မင်း သဘောကျလှသည်။ သူတို့၏အပျော်တွေက ဟောသူထံပါ ကူးစက်ခံရ၍ ပျော်သည်။

ထိုစုံတွဲထွက်သွားပြီးတော့လည်း နောက်ထပ်မေးမြန်းသူ



www.burmeseclassic.com

www.burmeseclassic.com


တွေ တစ်ယောက်ပြီးတစ်ယောက် ဝင်လာကြသည်။ တုတ်တုတ်နှင့် သာသော ခြောက်ယောက်အဖွဲ့နှင့်ပင် အချိန်အတော် ကုန်သွား၏။ ါတောင် တစ်ယောက်စောင့်နေသေးတာ လှမ်းမြင်ရ၏။

ရှင်မင်း အာခြောက်ပြေအောင် ရေအေးအေးတစ်ခွက် သောက်လိုက်ရသည်။ ဦးထုပ် အနားပြန့်ပြန့်ဆောင်းပြီး နေကာမျက် မှန်တပ်ထားသော ထိုအမျိုးသမီး စားပွဲရှေ့လာရပ်မှ. . သူငယ်ချင်း မှုယာ ဖြစ်နေမှန်းသိတော့သည်။

"ဟယ်. . မှုယာ အိမ်ထဲရောက်နေပြီ၊ နေကာမျက်မှန်ကြီး ချွတ်ပါအုံးဟဲ့"

မှုယာက ဘာမှပြန်မပြောဘဲ ဦးထုပ်နှင့် မျက်မှန်ကို ချွတ် လိုက်၏။

"ဟင်!. . "

မှုယာ့မျက်နှာ၌ ဒဏ်ရာတွေက မြင်မကောင်းရှုမကောင်း၊ မျက်ကွင်းတစ်ဖက် ညိုမည်းနေသလို နှုတ်ခမ်းထောင့်မှ ဒဏ်ရာက လည်း သွေးစို့နေသေး၏။

"ဖြစ်မှဖြစ်ရလေ မှုယာရယ်၊ ကျော်စိုးနဲ့ ရန်ဖြစ်ကြပြန်ပြီပေါ့၊ ါ. . သူ့လက်ချက် မဟုတ်လား"

မှုယာ ဝမ်းနည်းကြေကွဲဟန်နှင့် ခေါင်းညိတ်ပြသည်။

"ဒဏ်ရာတွေကို ဆေးခန်းရော ပြရဲ့လား"

"ဟင့်အင်း ရှက်လို့ ကြက်ပူထိုးပြီး ဒဏ်ကျေဆေးပဲ လူးထား တယ်"

"အင်း. . ကျော်စိုးကလည်း ခုထိသူ့စိတ်ဓါတ်ကို မပြင်သေး ဘူး. . ၊ ပြောပါဦး. . ဘာလိုဖြစ်ကြရပြန်တာလဲ"


www.burmeseclassic.com

www.burmeseclassic.com


"အိမ်ပြန်တာနောက်ကျလို့ ပြောတာကို မကျေနပ်ဘူးလေ၊ သူ့ အပြင်မှာ မိန်းမတွေနဲ့ရှုပ်တာ သတင်းရတယ်လို့ ပြောတာကနေ စရန်ဖြစ်ကြတာ၊ ငါကလည်းမခံဘူး ပြန်ပက်တာ၊ နင်ပြောခဲ့တဲ့ကိစ္စပါ အစဆွဲထုတ်ပြီး ပြောလိုက်တော့ ပွဲကြမ်းကုန်တာပေါ့"

"အင်း. . စိတ်မကောင်းပါဘူးဟာ၊ နင်မေးလို့သာ မြင်တဲ့အတိုင်း ဟောလိုက်ရတာ၊ သူ့ မျက်နှာများမယ်ဆိုတဲ့အကြောင်း ပြောလိုက်လို့ ဒေါသူပုန်ထသွားတာလား"

"ဟုတ်တယ်. ."

"ဒါဆို ဟုတ်လို့နေမှာပေါ့၊ အနာပေါ် တုတ်ကျသွားတာ"

"ငါ. . ငါ ဘာဆက်လုပ်ရမလဲ သူငယ်ချင်းရယ်"

မူယာက အားကိုးတကြီး မေးသည်။

"ရပ်ကွက်ရုံး အကြောင်းကြားထားပေါ့၊ ဒီလောက်ဒဏ်ရာဆို လင်မယားချင်းပေမယ့် အမှုဖွင့်လို့ရတယ်၊ အဲဒီ့ကောင်ကို ထောင်ထဲလည်း ထည့်လို့ရတယ်၊ ဒါမှမဟုတ် ကွာရှင်းလိုက်တော့ဟာ. . သူနှိပ်စက်တာ များနေပြီ"

သူငယ်ချင်းမူယာ့ဘက်မှ နာကာ ရှင်မင်းလည်း ဒေါသနှင့် ပြောချလိုက်၏။

"ရှင်မင်းရယ် နင် ကျော်စိုးအကြောင်း ကောင်းကောင်းမသိလို့ ဒီစကားပြောတာပါ၊ ငါ အဲလိုလုပ်ရင်. . သူ ငါ့ကိုသတ်မှာ၊ ငါ သေမှပဲ သူ့ဆီက ခွာလို့ရမယ် ရှင်မင်း၊ ထွက်ပြေးလည်း မတွေ့တွေ့အောင်လိုက်ရှာမှာ၊ သူက ပြောရင် ပြောတဲ့အတိုင်း လုပ်တဲ့သူဟ"

တရားဥပဒေရှိတာတောင် အကြောက်လွန်သည့် ဒီလို မိန်းမသားတွေကြောင့် ခင်ပွန်းဖြစ်သူတွေ အကြမ်းဖက်ခွင့် လိုင်စင်


www.burmeseclassic.com

www.burmeseclassic.com


ရနေကြတာပဲ ဖြစ်မည်။

"ဒါဆိုရင်တော့ ငါလည်း ဘာမှမတတ်နိုင်ဘူး မူယာ"

"လုပ်ပါဟာ နှင့်ပညာနဲ့ပဲ ကူညီပေးပါ၊ ငါ့အသက်အန္တရာယ် ရှိနိုင်လား ကြည့်ပေးစမ်းပါအုံး"

ရှင်မင်း စိတ်ပျက်လက်ပျက်ဟန်နှင့် ခေါင်းခါရင်း တားရော့ ဖဲကတ်များကို စီထပ်လိုက်သည်။ ပြီးတော့. . တစ်ချပ် ရွေးခိုင်း၏။ မူယာရွေးသည့်ကတ်မှာ ကျောက်စာတိုင်ရှေ့ ရပ်နေသော သူတော်စင်တစ်ယောက်ပုံမို့ ရှင်မင်း သက်ပြင်းရှိုက်မိသည်။

"ဟင့်အင်း. . သူ အဲလောက်ထိတော့ မိုက်ရူးရဲ မလုပ်ဝံ့ပါဘူး၊ သူ ဘယ်သူ့ကိုမှ သတ်မှာမဟုတ်ပါဘူး"

"ဟုတ်လား. . တော်သေးတာပေါ့၊ ဒါနဲ့ နှင်ပြောခဲ့သလို အငယ်အနှောင်းရော ရနေပြီလား"

"အဲဒါကတော့ သေချာတယ် မူယာ၊ တစ်ယောက်ယောက်နဲ့တော့ ရှုပ်နေပြီ၊ အိမ်ခေါ်မလာပါစေနဲ့လို့သာ ဆုတောင်းထား"

မူယာ မျက်နှာမကောင်းစွာဖြင့် ပြန်သွားလေ၏။ ထို့နောက် ရှင်မင်း ရေမိုးချိုးကာ သားကျောင်းကြိုဖို့ ထွက်လာရခဲ့သည်။ သားကို ကြိုပြီး ရက္ခပေဒဥယျာဉ်သို့ ဝင်ဆော့ကစားခိုင်းသည်။

လေကောင်းလေသန့်ရှုရင်း မမောတမ်း ပြေးလွှားဆော့နေသော သားကိုကြည့်ရင်း စိတ်ထဲအေးချမ်းနေသည်။ ဒီလိုတော့လည်း သားက ယောက်ျားလေးပီပီ ဖျတ်လတ်နေပါလား အတွေးနှင့် အားတက်မိ၏။

မှောင်စပျိုးမှပဲ ပြန်ခဲ့ကြသည်။ ဆော့ထား၍လားမသိ. . ၊ ထမင်းစားပြီးသည်နှင့် သားက မျက်တောင်စင်းနေလေပြီ။ အိမ်စာ


www.burmeseclassic.com

www.burmeseclassic.com


လုပ်ရင်း အိပ်ပျော်နေသော သားကိုပွေ့ချီကာ သူ့အခန်းပို့ခဲ့သည်။ သားက တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်သည်ဆို၍ အခန်းခွဲသိပ်ခဲ့တာ တစ်နှစ်ခန့်သာ ရှိဦးမည်။

နွေးနွေးထွေးထွေး စောင်ခြုံပေးပြီး အခန်းမီးမှိတ်၍ အပေါ်ထပ်မှ ပြန်ဆင်းလာခဲ့၏။ အိမ်တံခါးများ လုံလုံခြုံခြုံပိတ်ကာ ရှင်မင်းလည်း အိပ်ယာဝင်ခဲ့သည်။ ထိုအခါမှ ကုတင်ဘေးကပ်လျက် စားပွဲပေါ်မှ ဓာတ်ပုံတစ်ပုံဆီ အကြည့်က အလိုလိုရောက်သွား၏။

(၂)နှစ်အရွယ် သားငယ်ကို ပွေ့ချီချော့မြူနေသော ခင်ပွန်းသည်၏ ပုံဖြစ်၏။ ရှင်မင်း၏ အထီးကျန်မှုကို ထိုပုံက မီးမောင်းထိုးပြလိုက်သလို ရှိနေသည်။ မိသားစုသုံးယောက် သိုက်သိုက်ဝန်းဝန်း ပျော်ရွှင်ခဲ့ရသောအချိန်များကို တမ်းတသတိရမိ၏။ ခင်ပွန်းဖြစ်သူ၏ ပြုစုယုယမှုများကိုပါ ပြက်ပြက်ထင်ထင် အမှတ်ရလာသဖြင့်. . ရှင်မင်း မျက်ရည်ဝဲသွားတော့သည်။

ဒီလိုအခြေအနေမှာ သတိရနေလျှင်လည်း ဘာမှထူးလာမှာ မဟုတ်သည့်အတွက် ထိုဓာတ်ပုံကို မှောက်ထားလိုက်ပြီး စာအုပ်တစ်အုပ်ဖတ်ရင်း. . မျက်စိညောင်းပြီး အိပ်ပျော်သွားအောင် ကြိုးစားရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

ဒီနေ့တော့ မနက်စောစောစီးစီး ဝတ်ကောင်းစားလှနှင့် အမျိုးသမီးတစ်ယောက် ရောက်လာ၏။ သားကျောင်းသွားဖို့ ရေချိုးနေသဖြင့် ဟောပေးရန်ဆုံးဖြတ်လိုက်သည်။ ထိုအမျိုးသမီးက စိုးရိမ်သောကတွေ ဝေနေသည့်ပုံနှင့်. .

"ကျွ. . ကျွန်မ စိန်နားကပ်တစ်ရံ ပျောက်သွားလို့ပါ၊ ကျွန်မ မေ့ပြီး မှန်တင်ခုံပေါ် တင်ခဲ့တာ၊ ပြန်လာတော့ အဲဒီနားကပ် မတွေ့တော့ဘူး ဆရာမ၊ အဲဒီ နားကပ်က စိန်တစ်ပွင့်တည်းပါ၊ စိန်ကအ



www.burmeseclassic.com

www.burmeseclassic.com



ရမ်းအဖိုးတန်ပါတယ်၊ ဘိုးဘွားအမွေလည်းဖြစ်တော့ ဆရာမရယ် လုပ်ပါအုံး. ."

ရှင်မင်းကတော့ တည်တည်ငြိမ်ငြိမ်ပင်. .

"ကျွန်မ ကြိုးစားကြည့်ပါ့မယ်"

ထိုအမျိုးသမီး ဆွဲယူလိုက်သောကတ်ကို ကြည့်လိုက်သည်။ ပုံက မရေရာသဖြင့် မျက်စိစုံမှိတ်ကာ အာရုံပြုလိုက်သည်။ ဒီအခါမှာတော့ ကြမ်းပြင်ပေါ် ခင်းထားသော ကော်ဇောနီတစ်ချပ်ကို တွေ့ရလေသည်။

"မှန်တင်ခုံအောက်မှာ ဘာခင်းထားလဲ"

"ကောဇောပါ ဆရာမ"

"အနီရောင်မဟုတ်လား"

ထိုအမျိုးသမီးမျက်နှာက ဝင်းလက်သွား၏။

"ဟုတ်. . ဟုတ်ပါတယ်"

"ကော်ဇောကို လှန်ပြီးကြည့်လိုက်ပါ. . ၊ သေချာကြည့်နော် ကော်ဇောမှာကပ်နေတာလည်း ဖြစ်နိုင်တယ်"

"ဟုတ်လား. . ဒါဆို ကျွန်မ အမြန်သွားရှာလိုက်မယ်"

ဝမ်းသာလွန်း၍ ဟောခပင်မပေးသွားဘဲ အမျိုးသမီးပြန်သွား၏။ ရှင်မင်း လှမ်းခေါ်မနေတော့. . သားကျောင်းပို့ဖို့သာ ပြင်ဆင်ရတော့သည်။

သားကိုကျောင်းပို့ပြီးနောက် ကားတံခါးချက် မကောင်းတာ ပြင်ဖို့ သတိရသည်။ သို့နှင့် မေမြို့လားရှိုးအထွက်လမ်းမှ သူငယ်ချင်း ဖြစ်သူ အောင်ခိုင်၏ဝပ်ရှော့သို့ တစ်ခါတည်းဆက်မောင်းလာခဲ့၏။ အောင်ခိုင်က သူငယ်သူငယ်ချင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝပ်ရှော့ရောက်တော့ အောင်ခိုင်က (Tool box) ကိုင်ကာ ကားတစ်စီးပေါ် တက်ဖို့ ဟန်ပြင်နေသည်။ ထိုကားဘေးတွင် ယူဉ်ရပ်ထိုက်ရင်း ကားပေါ်မှ ဆင်းလိုက်၏။

"ဟဲ့ . . ဒါကဘယ်တုန်း စောစောစီးစီး"

"ဆင်ခေါင်းရွာမှာ ကားတစ်စီးသွားပြင်မလို့"

"ဟာ . . ဒုက္ခပါပဲ၊ ငါလည်း ကားလာပြင်တာ"

"နင့်ကား ဘာဖြစ်လို့လဲ"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ တံခါးချက်မကျလို့"

"အေ်ာ . . ဒါများ ထားခဲ့လေဟာ၊ ပြင်ပြီး လာပြန်ပို့ပေးမှာပေါ့"

"ငါက ဘာနဲ့ပြန်ရမှာလဲ"

"ငါ့ကားနဲ့ လိုက်ခဲ့လေဟာ၊ နင့်ကိုပို့ပြီးမှ ဆင်ခေါင်းဆက်သွားမယ်လေ"

"ဒါဆို အဆင်ပြေတာပေါ့"

ရှင်မင်း အောင်ခိုင့်ကားပေါ် တက်ထိုင်လိုက်သည်။ သူ့ကားသော့ကို အောင်ခိုင်လက်သို့ သေချာအပ်၏။

"ကားလာပို့မှပဲ ပြင်ခယူပေါ့"

"ဒါတွေပြောစရာလား ရှင်မင်းရာ၊ ဟိုကောင် ရှိစဉ်ကတည်းက နင်တို့လင်မယားနှစ်ယောက်လုံး ငါ့အပေါ်ကောင်းခဲ့ကြတာပဲဟာ၊ ပြီးတော့ . . ခုချိန်ထိငါ့မှာ သူငယ်ချင်းဆိုလို့ နင်တစ်ယောက်ပဲရှိတာလေ"

"အေးပါ . . ငါသိပါတယ်"

သူက ကားကို ကျွမ်းကျင်စွာ ပြင်တတ်သော်လည်း လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့စိတ်ကိုမဖတ်တတ်. .၊ ဒါကြောင့်လည်း ခုချိန်ထိ လူပျိုကြီးဖြစ်နေသည်လား မပြောတတ်ပေ. .။

အောင်ခိုင်က ပထွေးနှင့်နေရသူဖြစ်သည်။ ပထွေးနှင့်လည်း အဆင်မပြေ၍ စိတ်ထွက်ပေါက်ရှာရာမှ အရက်သမား ဖြစ်ခဲ့ရသည်။ ပထွေးကလည်း အရက်သမား. .၊ အလုပ်ကလည်း မယ်မယ်ရရမရှိသဖြင့် နေ့တိုင်း အမေနှင့်လည်း ရန်ဖြစ်နေ၏။ တစ်ခါတလေ ပထွေးကို ဓားကြိမ်းကြိမ်းသည့်အဆင့်ပါ အောင်ခိုင် လုပ်တတ်၏။ ညနေငါးနာရီထိုးသည်နှင့် အလုပ်ကို လုံးဝရပ်တန့်ကာ အရက်နှင့် တစ်ကိုယ်တော် အပန်းဖြေလေ့ရှိသည်။

လူပျိုပီပီ ဘာတာဝန်မှ မရှိသဖြင့် သူ့ကိုယ်ပိုင်အချိန်ကို သူနှစ်သက်သလို အသုံးပြုတာ ဘာမှပြောစရာမရှိ. .၊ သို့သော် အရက်ကြောင့် သက်တမ်းစေ့ မနေရဘဲ၊ စောစောစီးစီး သေရသူတွေ များလှပြီမို့ အောင်ခိုင့်အား ရှင်မင်းက ကြုံတိုင်း အရက်လျှော့သောက်ဖို့ မှာတတ်သည်။

ခုလည်း ကားမောင်းနေရင်းနှင့်ပင် အောင်ခိုင့်မျက်နှာက အုံ့မှိုင်းညို့ဆိုင်းနေ၏။ ဒီကောင် ဘာတွေကြေကွဲနေပြန်ပြီလဲမသိ။

"ငါ မနေ့က သိပ်ပျော်ခဲ့ရတယ်ဟာ"

"ဟုတ်လား ပြောပါဦး၊ နင့်ဘဝအတွက် အဖော်မွန် တွေ့ခဲ့လို့လား"

"အဖော်မွန် ဟုတ်လား၊ ဟား. . ဟား. . ဟား ဟုတ်တယ် အဖော်မွန်တော့ အဖော်မွန်ပဲ၊ ဒါပေမယ့် လူမဟုတ်ဘူး၊ အဖော်ဟာ အရက်. . ဂေါ်ရချို့ဆိုတဲ့အရက်"

"လုပ်ပြီဟာ နင်ကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ မနေ့က ဂေါ်ရခါးလူမျိုး အဘိုးကြီး တစ်ယောက်နဲ့ မိတ်ဆွေဖြစ်ခဲ့တယ်၊ သူက အရက်ကို ကိုယ်တိုင်ချက်ပြီး သောက်တာ၊ ဂေါ်ရချီအရက်တဲ့၊ သူတို့ရိုးရာနည်းအတိုင်း ဆေးဖက်ဝင်အောင် ချက်ထားတာ. . နောက်ဆို အဲဒီအရက်ပဲ သောက်တော့မယ်၊ နည်းနည်းအသက်ပိုရှည်တာပေ့ါဟာ"

"ဟုတ်ပါပြီ. . ဟုတ်ပါပြီ၊ နင့်ကို ပြောမယ့်ဆိုမယ့် လူမှမရှိတာ လုပ်ချင်သလိုလုပ်ပေ့ါ၊ ဒါ နင့်လွတ်လပ်မှု နင့်ရွေးချယ်ပိုင်ခွင့်ပဲ"

ထိုစကားကြောင့် အောင်ခိုင် ခံစားသွားရသည်ထင်၏။

စကားမဆက်တော့ဘဲ မျက်နှာညှိုးသွား၏။

အတန်ကြာမှ. .

"နင် ငါ့အကြောင်း ပောခဲ့တာတွေ ငါ ခုထိ မမေ့သေးပါဘူး"

အောင်ခိုင် ဘာဆိုလိုတာလည်းဆိုတာ ရှင်မင်း သိသည်။ လွန်ခဲ့သော သုံးနှစ်လောက်က အောင်ခိုင့်အား အသက်(၃၃)နှစ်တွင် သေကိန်းရှိသည်ဟု မြင်သည့်အတိုင်း သူမပောပြောခဲ့သည် မဟုတ်လား။

"ကံကြမ္မာဆိုတာ ပြောင်းလဲတတ်ပါတယ်ဟာ၊ ငါပြောခဲ့တာတွေ တထစ်ချမယုံပါနဲ့ဟာ. .၊ မှားချင်လည်းမှား နေနိုင်တာပဲဟာ"

အောင်ခိုင့်မျက်နှာက ငိုတော့မလို ဖြစ်လာ၏။ သူနှင့် ရှင်မင်းက သက်တူရွယ်တူတွေမို့ ဒီနှစ်မှာ နှစ်ယောက်လုံး (၃၃)နှစ်ပြည့်ကြမည်ဖြစ်သည်။

သေမိန့်ကျထားသူတစ်ယောက်၏ ခံစားမှုကို ရှင်မင်း နား



www.burmeseclassic.com

www.burmeseclassic.com



လည်နေ၏။ ထိုစဉ်မှာပင် အောင်ခိုင်က ကားကို ရုတ်တရက် ဘရိတ်အုပ်လိုက်သည်။

"ကျွီ!. . အီ!. . အီ!!. . ."

ရှင်မင်းလည်း ရှေ့လေကာမှန်နှင့် မဆောင့်မိအောင် သတိကြီးစွာ ရှောင်တိမ်းလိုက်ရ၏။ ကားလုံးဝရပ်သွားတော့. .

"အောင်ခိုင်. . အောင်ခိုင် ဘာဖြစ်လို့လဲ၊ နင်. . နင်. . အဆင်ပြေပါတယ်နော်"

အောင်ခိုင်က ခေါင်းတရမ်းရမ်း. .

"ငါ. . ငါ့ကို ထပ်ဟောပေးပါဦး၊ ငါ့အနာဂါတ်ကို ကြည့်ပေးပါဦး၊ ငါ. . ငါ. . အရမ်း. . အရမ်းကြောက်နေလို့ပါ၊ ငါ့အိပ်မက်ထဲမှာလေ အပြာရောင်စိန်တစ်လုံးကို အမြဲတွေ့နေရတယ်၊ ငါ့အထင် အိပ်မက်ကို ဆန့်ကျင်ဘက်နိမိတ်ကောက်မယ်ဆိုရင် မကောင်းတာတွေပဲ ကြုံရတော့မှာ၊ ငါ. . ငါ. . မလွဲမသွေ သေရတော့မယ်ထင်တယ်"

သူပြောခဲ့သည့်အကြောင်းကို အောင်ခိုင်စိတ်စွဲနေသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။

"မဟုတ်သေးပါဘူး. . အောင်ခိုင်ရယ်၊ နင် မသေနိုင်သေးပါဘူး. . ဟာ"

လက်ခုံနှင့် မျက်ရည်သုတ်နေသော အောင်ခိုင့်အတွက် သူ့လက်ကိုင်ပုဝါကို ထုတ်ပေးလိုက်၏။ မျက်ရည်သုတ်အပြီး သူက လက်ကိုင်ပုဝါလေးကို တယုတယနှင့် အကျႌအိတ်ထဲ ထည့်လိုက်၏။

"လျှော်ပြီးမှ ပြန်ပေးမယ်နော် ရှင်မင်း"

"ရပါတယ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါမသေနိုင်သေးဘူးဆိုတာကြားတော့ ငါအရမ်းဝမ်းသာမိတယ်၊ နင့်စကားကြောင့် လောကကိုဆက်ရင်ဆိုင်ဖို့ သတ္တိတွေအပြည့်ပြန်ဖြစ်သွားပြီဟာ"

အောင်ခန့်အပြောနှင့် အမူအယာကြောင့် ရှင်မင်းလည်း စိတ်လွတ်ကိုယ်လွတ် ရယ်မိတော့သည်။ သို့သော်. .

"ဟင်း. . ."

သက်ပြင်းကို ရှင်မင်း ခိုးရှိုက်လိုက်မိသည်။

သူမမှာ အောင်ခိုင် စိတ်ကျေနပ်အောင်သာ ပြောလိုက်ခြင်းဖြစ်ပြီး အမှန်မှာက. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

ညဦးပိုင်း ဘုရားရှိခိုးပြီးနောက် သားကိုရှာကြည့်သည်။ စာကြည့်ခန်းမှာလည်း မတွေ့၊ ဧည့်ခန်းမှာလည်း မတွေ့၍ အိပ်ခန်းဆီသို့ တက်လာခဲ့၏။ သားက အိပ်နေပြီဖြစ်သည်။ နာရီကြည့်လိုက်တော့. . ခုနစ်နာရီတောင် မခွဲသေး၊ သားဘာလို့ အစောကြီးအိပ်သွားသလဲ တွေးရင်း အခန်းထဲဝင်လာခဲ့၏။

ထိုအခါမှ အယ်(လ်)ဘန်စာအုပ်ကြီး ရင်ဘတ်ပေါ်တင်ကာ အိပ်နေသော သားကိုတွေ့တော့၏။ ရင်ဘတ်ပေါ်မှ အယ်(လ်)ဘန်



www.burmeseclassic.com

www.burmeseclassic.com


လှမ်းယူလိုက်သည်။ သားကြည့်နေသည့် ပုံတွေမြင်တော့ ရှင်မင်း ပို့ပြီး ရင်မောသွား၏။ သားငယ်စဉ်က သူ့အဖေနှင့်တွဲရိုက်ထားသော ပုံများဖြစ်နေသည်။ ထိုစဉ်. .

"ဒေါက်!. . ဒေါက်!. . ဒေါက်!. . "

တံခါးခေါက်သံ ကြားရလေ၏။ ဟောချိန်က ညနေ(၄)နာရီ ထိပဲဆိုတာမသိသည့် ဧည့်သည်များလားအတွေးနှင့် တံခါးဖွင့်ကာ ကြည့်မိသည်။

"ဟင်!. . "

"ခင်ဗျား. . ကျုပ်ကို မှတ်မိလား"

"ရှင်. . ရှင်. . မူ. . မူယာ့ယောကျ်ား"

ကျော်စိုးကို တွေ့လိုက်ရသဖြင့် ရှင်မင်း တအံ့တဩ ဖြစ်သွား သည်။

"အေး. . ဟုတ်တယ် ငါပဲ"

ကျော်စိုးက သူ့စရိုက်အတိုင်း ခပ်ဟဟသာ ဖွင့်ထားသော တံခါးကို အတင်းတွန်းဖွင့်ပြီး ဝင်လာလေသည်။

"ဟင်!. . ရှင်. . ရှင်"

ဖိနပ်မချွတ်ဘဲ အိမ်ထဲတန်းဝင်သွားပြီး. . .

"ခုနစ်နာရီခွဲပဲ ရှိသေးတယ်၊ သိပ်တော့ မိုးမချုပ်သေးပါဘူး နော်၊ ငါးမိနစ်လောက် ပြောစရာရှိတာပြောပြီးရင် ပြန်မှာပါ"

"ရှင့်ဖိနပ်ကို အပြင်မှာ ပြန်ချွတ်ထားရင် ကောင်းမယ်နော်"

"ဟား. . လေသံက မာလှချည်လား မချွတ်နိုင်ဘူး၊ ခင်ဗျား ကျုပ်မိန်းမကို ပေါက်ကရတွေမဟောဖို့ လာသတိပေးတာ၊ ခင်ဗျား ကြောင့် ကျုပ်တို့လင်မယား ခဏခဏရန်ဖြစ်ရတာ ခင်ဗျားသိလား"


www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကိုမစော်ကားနဲ့ ကျွန်မ ပြောတဲ့အထဲမှာ ပေါက်ကရ တစ်ခုမှမပါဘူး"

"ဘာလို့မပါရမှာလဲ၊ ကျုပ်က မိန်းမရှုပ်တယ်၊ မယားငယ်နဲ့ အိပ်နေတယ်လို့ ခင်ဗျား ပေါက်ကရတွေပြောလွှတ်လိုက်တာ မဟုတ်ဘူးလား"

"ရှင့်အကြောင်း ရှင်အသိဆုံးပဲဖြစ်မှာပေါ့"

"တော်စမ်းပါကွာ. . ခင်ဗျားဟာ တကယ်တော့ စုန်းမပဲ၊ ထင်ရာမြင်ရာတွေ လျှောက်ပြောပြီး သူများအိမ်ထောင်ရေးကို သပ်လျှိုနေတဲ့ ကောင်မ"

ကျော်စိုးက သူများအိမ်ထဲဝင်ကာ အော်ဟစ်စော်ကားနေ၍ ရှင်မင်း တဖြည်းဖြည်းလန့်လာ၏။ မူယာ့ကိုရိုက်သလို သူ့ကိုမလုပ်ဟု မပြောနိုင်သည့်အတွက်လည်း ခြေးပေါက်နှင့် ခုခံကာကွယ်စရာ လက်နက်တစ်ခုခုကို အကြည့်နှင့် အမောတကော ရှာနေရသည်။

"ရှင် အခုချက်ချင်း ကျွန်မအိမ်ထဲကထွက်သွား. .၊ ခုထွက်သွား"

ရှင်မင်း ဟန်ကိုယ့်ဖို့လုပ်ရင်း လေသံမာမာနှင့် နှင်ထုတ်နေ၏။ ကျော်စိုးက ထိမထင် အမူအရာနှင့် သူနားသို့ တိုးကပ်လာ၏။ သူမနှင့် တစ်ပေခန့်အကွာတွင်ရပ်ပြီး ငုံ့ကြည့်ကာ. . .

"ကျုပ်ပြောချင်တာက သူ ခင်ဗျားဆီလာရင်. . . ခင်ဗျား လက်မခံဖို့ဘဲ"

"ရှင် ကျွန်မကိုလာပြီး အမိန့်တွေပေးမနေနဲ့၊ ဒါကျွန်မအိမ် ကျွန်မအလုပ် ကျွန်မလုပ်နေတာ. . ရှင်ဘာမှလာပြောနေစရာအကြောင်းမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com


ရန်ဖြစ်သလို ပေါက်ကွဲသံစဉ်နှင့် ပြောဆိုနေသည်မို့ အပေါ်ထပ်၌ အိပ်နေသော သားငယ်ပါလန့်နိုးသွား၏။ အောက်ထပ်ဆင်းလာသော သားငယ်ကို သူ့ကိုယ်နှင့် ကာထားလိုက်ပြီး. .

"ဒီမယ် ကျွန်မဆီလာရင်တော့ လက်ခံရမှာပဲ. . ၊ မလာစေချင်ရင် ရှင့်မိန်းမရှင် ထိန်းထားပေါ့၊ ရှင် အခုထိ မပြန်သေးဘူးလားရှင့်ကိုပိုင်နက်ကျူးလွန်မှုနဲ့ အမှုဖွင့်ပြီး ထောင်ထဲထည့်လို့ ရတယ်နော်"

ကျော်စိုးက မဲ့ပြုံးပြုံးရင်း. .

"ဟင်း. . ဟင်း. . ခင်ဗျားသားက ချစ်စရာလေးပဲ. ."

ကျော်စိုးက ပြောပြောဆိုဆို ကိုယ်ကိုကိုင်းကာ. .

"ဟေ့ကောင်. . မင်းနာမည် ဘယ်လိုခေါ်လဲ"

သားကို လုံးဝအထိမခံနိုင်သည့် အမေတစ်ယောက်၏ ကာကွယ်မှုမျိုးနှင့် ရှင်မင်းက ကျော်စိုးအား ဆောင့်တွန်းလိုက်၏။

ကျော်စိုး ဟက်ခနဲ တစ်ချက်ရယ်ရင်း ခြေတစ်လှမ်း နောက်ဆုတ်သွားသည်။ ထို့နောက် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်းလှည့်ထွက်သွား၏။ ရှင်မင်းလည်း နောက်မှလိုက်သွားကာ တံခါးကိုပိတ်လိုက်သည်။

သို့သော် ရုတ်တရက်ဆိုသလိုပင် ကျော်စိုး ပြန်လှည့်ပြီး. . တံခါးကို ဆောင့်ကန်လိုက်လေရာ. . .

"ဝုန်း!!. ."

"အောင်မလေး!. ."

ထင်မှတ်မထားသဖြင့် ရှင်မင်း အတော်လန့်သွား၏။

"ကျုပ်ပြောတာ မြဲမြဲမှတ်ထား. . အဲဒီလိုမဟုတ်ရင်တော့


www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ကျုပ်အကြောင်းသိရလိမ့်မယ်"

ထိုသို့ ခြိမ်းခြောက်ပြောဆိုကာ ကျော်စိုး ပြန်ထွက်သွား၏။

ရှင်မင်း တံခါးကိုပိတ်ပြီး ဂျက်တွေအထပ်ထပ် ချလိုက်ရသည်။ ပြီးမှ အားကိုးတကြီးနှင့် ကြည့်နေသောသားကို ဒူးထောက်ပြီး ပွေ့ဖက်ထားလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

ဉပုသ်နေ့မို့ ဟောခန်းပိတ်သည်။ သားလည်း ကျောင်းပိတ်သည်မို့ နှစ်ယောက်သား အိမ်သန့်ရှင်းရေး လုပ်နေကြ၏။ သားအမိနှစ်ယောက် အလုပ်ရှုပ်နေကြစဉ် ခြံထဲသို့ မူယာ သုတ်သီးသုတ်ပြာနှင့် ဝင်လာသည်။ မူယာကိုမြင်တော့ ရှင်မင်း စိတ်ရှုပ်သွားရသည်။ သို့သော် သူငယ်ချင်းဖြစ်နေ၍ အပြစ်တော့မတင်ရက်။

"ည. . ညက ကိုကျော်စိုး လာရစ်သွားတယ် မဟုတ်လား ရှင်မင်း"



www.burmeseclassic.com

www.burmeseclassic.com


"အင်း. ."

"ငါတောင်းပန်ပါတယ် ရှင်မင်းရယ်"

"ရပါတယ်ဟာ၊ ဒါပေမယ့် နင် ငါ့ဆီမလာသင့်ဘူးနော်"

မျက်ကွင်းညှို ဒဏ်ရာသက်သာစ မူယာ့အားကြည့်ပြီး စိတ်မသက်မသာ ဖြစ်မိသည်။

"ငါ. . ငါလေ နင့်ကို ပြောစရာရှိလို့ပါ"

မူယာက ရှင်မင်းအား ဆွဲခေါ်ကာ သားငယ်နှင့် ဝေးရာသို့ လျှောက်လာကြရင်း. .

"ငါ. . ငါ့ရှေ့ရေးကို ကြည့်ပေးပါဦး သူငယ်ချင်းရယ်၊ ငါ အရမ်းစိတ်ညစ်နေတယ်၊ တံတားပေါ်ကပဲ ခုန်ချဖြစ်မလား၊ ဒါမှမဟုတ် တစ်ခုခုလုပ်မိမလား မပြောတတ်တော့ပါဘူး၊ သူ တစ်နေ့တခြား ပိုပိုဆိုးလာနေပြီ"

"နင် ပြန်ပါတော့ မူယာရယ်"

ထိုအချိန်တွင် ကားတစ်စီး ခြံထဲအပြင်းမောင်းဝင်လာသံကို ကြားလိုက်ရ၏။ ကျော်စိုး လိုက်လာတာမှန်းသိ၍ နှစ်ယောက်လုံး ထိတ်လန့်သွားကြသည်။ ကျော်စိုးကားကို ခြံထဲမှာ ချာလပတ်လည်အောင်ကွေ့၍ ရပ်လိုက်ပြီး ဒေါသတကြီးနှင့် ဆင်းလာ၏။

"ဘယ်. . ဘယ်လိုလုပ်ကြမလဲဟင်၊ ကိုကျော်စိုးလိုက်လာပြီ"

"နေ. . နေ. . ငါ ရဲခေါ်လိုက်မယ်"

"မလုပ်နဲ့. . မလုပ်ပါနဲ့ဟယ်၊ အဲလိုတော့ မလုပ်ပါနဲ့"

ဒီလောက်ဖြစ်နေတာတောင် မူယာက အချစ်မပြယ်နိုင်သေး. .၊ မူယာနှင့် ရှင်မင်း အပတ်မလည် ဖြစ်နေစဉ်မှာပင် ကျော်စိုး


www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ ဝုန်းဒိုင်းကျဲ ဝင်လာတော့၏။ သူ့အမူအယာက အဆုံးစွန်အထိ ခက်ထန်ကြမ်းတမ်းနေသည်။

"လာခဲ့စမ်း. . ကောင်မ"

ကျော်စိုးက သူ့မိန်းမကို အကြမ်းပတမ်း ဆွဲခေါ်သည်။

မူယာက ရုန်းကန်နေသဖြင့်. .

"ကောင်းကောင်းပြန်ခေါ်တုန်း လိုက်ခဲ့နော်၊ မဟုတ်ရင် အခါတည်း သတ်ပစ်လိုက်မယ်"

မူယာက တတ်နိုင်သလောက် ပြန်ခုခံကာ ပေကတ်နေ၏။ ကျော်စိုး ဒေါပွသွားပြီး မူယာအား လက်ပြန်ရိုက်ချလိုက်သည်။ မူယာ ခုန်းခနဲ ပစ်လဲကျသွား၏။ ထိုအခါမှ ကျော်စိုးက မူယာ့ဆံပင်တွေကို ၍ ဆုပ်ကိုင်ကာ တရွတ်တိုက် ဆွဲခေါ်သွားတော့သည်။

သားလေး ပြည့်စုံလည်း သူ့တသက် မမြင်ဖူးသည့် အကြမ်းဖက်မြင်ကွင်းကိုကြည့်ရင်း အကြောက်လွန်ကာ ကြက်သေသေလျက်ရှိသည်။ ရှင်မင်း သားဆီပြေးကာ ထွေးပွေ့ထားလိုက်ရ၏။ မူယာ့အဖြစ်ကိုလည်း မကြည့်ရက်သဖြင့်. .

"ရှင်. . ရှင်. . မူယာ့ကို လွှတ်. . လွှတ်လိုက်စမ်း"

ရှင်မင်း၏ တားမြစ်မှုက ဘာမှအရာမထင်၊ ကျော်စိုးက တရွတ်တိုက်ပါလာသည့် မူယာအား ဖိနပ်ချွတ်အရောက်တွင် ဆွဲထူကာ ဆောင့်တွန်းပစ်လိုက်၏။ မူယာမှာ အိမ်ရှေ့မြေကြီးပေါ်သို့ ဘလိမ့်ခေါက်ခွေး ပြုတ်ကျသွားလေသည်။

လှေကားက သုံးထစ်ပဲရှိသည်မို့ မူယာသက်သာသွားခြင်းဖြစ်သည်။

"ဒီစုန်းမနဲ့ မပေါင်းပါနဲ့လို့ ငါမှာထားတယ်မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ဒီကောင်မ ပေါက်ကရတွေပဲ လျှောက်ပြောနေမှာ"

ကျော်စိုး အမျိုးမျိုးကြိမ်းမောင်းဆဲဆိုရင်း မူယာ့အား ကားထဲ တွန်းထိုးထည့်ကာ ပြန်ခေါ်သွား၏။

ရှင်မင်းနှင့် သားလေးတို့ အပေါက်ဝမှ လှမ်းမျှော်ကြည့်ရင်း ရင်တထိတ်ထိတ်ဖြစ်ကာ ကျန်ခဲ့ကြလေသည်။

သား၏ခေါင်းကို ပွတ်သပ်ပေးရင်း နှစ်သိမ့်အားပေးလိုက် ၏။ သားငယ်က ကျော်စိုးကို အတော်ကြောက်သွားပုံရသည်။

"အဲဒီလူကြီး သိပ်မိုက်ရိုင်းတာပဲနော်"

"မကောင်းတဲ့လူက မကောင်းတဲ့နေရာပဲသွားမှာ. . သား"

"ဟုတ်. ."

"ကဲပါ. . မေမေတို့မှာ လုပ်စရာတွေ အများကြီးပဲ၊ အိပ်ယာ ခင်းတွေ၊ စောင်တွေ လျှော်ရဦးမှာ၊ သား မေမေ့ကို ကူမယ်မဟုတ် လား"

"ဟုတ်. . ကူမယ် မေမေ"

အိမ်တံခါးပိတ်ပြီး နောက်ဖေးရေကန်နား၌ သားအမိတွေ အဝတ်လျှော်ကြသည်။ ရှင်မင်းက ကိုယ်တိုင်လျှော်ရမှ စိတ်တိုင်းကျ ၍ အဝတ်လျှော်စက် ဝယ်မထားခြင်းဖြစ်သည်။ (၁)နာရီလောက် လျှော်အပြီး အဝတ်လှန်းသည့်အဆင့်သို့ ရောက်လာသည်။

နှစ်ယောက်လုံးလည်း လက်အံ့သေကာ မောနေကြပြီ။

"ရှင်မင်းရေ. . ရှင်မင်း"

ရှင်မင်းအဝတ်တွေ လှမ်းနေခိုက် ခေါ်သံကြားသဖြင့် အိမ် ဘေးမှပတ်ကာ အိမ်ရှေ့ထွက်လာခဲ့သည်။ အဘွားဖြစ်သူ ဒေါ်နန်း ဝေကို တွေ့လိုက်၍ ဝမ်းသာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . အဘွား၊ ဖုန်းမဆက် ဘာမဆက်နဲ့ တစ်ယောက်တည်း ဘာလို့လာခဲ့ရတာလဲ"

"လိမ္မော်တွေ ပေါ်ပြီလေ၊ ငါ့မြေး ကြိုက်တတ်မှန်းသိလို့ ခေါင်းပေါ်ဖျား လာပို့ပေးတာ"

"ဒုက္ခရှာလို့ အဘွားရယ်၊ သားရေ အဘွားယူလာတာတွေ ကူသယ်ပေးပါဦး"

"ဟုတ်ကဲ့. ."

အဘိုးနှင့်အဘွားက တောင်သူစစ်စစ်တွေ ဖြစ်သည်။ ပြင်ဦးလွင် လေယာဉ်ကွင်းအနီးမှ ခြံကျယ်ကြီးတွင် လိမ္မော်မက်မန်း စိုက်ပြီး အသက်မွေးကြသည်။ လှုပ်လှုပ်ရှားရှား နေထိုင်သူများဖြစ်၍ ခုနစ်ဆယ်ကျော် ရှစ်ဆယ်နားနီးတာတောင် ကျန်းမာဖျတ်လတ်နေဆဲပင် ဖြစ်သည်။

ပြန်ခါနီးတွင် အဘွားက ရှင်မင်းအား ဂရုဏာသက်စွာကြည့်ရင်း. .

"ရှင်မင်း ဘုရားတရား မမေ့နဲ့၊ ကံငါးပါး လုံအောင်ထိန်း၊ သမီးကံက အညံ့ဘက်မှာ ရောက်နေတယ်၊ ပြဿနာတချို့ ကြုံရလိမ့်မယ်. . သမီး"

"ရှင်!. ."

အဘွားက ရှင်မင်းကဲ့သို့ပင် အကြားအမြင်ရသူဖြစ်၏။

"ဟုတ်. . သမီး သတိထားပါ့မယ် အဘွား"

"အေး. . အေး. . ဒါဆို အဘွားပြန်မယ်"

အဘွားအား အိမ်ရှေ့မှပင် ကယ်ရီငှားပေးပြီး ပြန်ခိုင်းရသည်။ အဘွားပြန်သွားတာကို မျက်စိတဆုံး ငေးကြည့်နေမိစဉ်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းအာရုံထဲ ထူးခြားသော အဖြစ်အပျက်တချို့ တွေ့မြင်လိုက်ရ
သည်။

သွေးစွန်းနေသော မှန်ကွဲ. . ၊ လူတစ်ယောက်၏ မသဲမကွဲ
မျက်နှာတစ်ခု၊ ဝတ်လစ်စလစ်နှင့် မိန်းမလှတစ်ယောက်၊ ပြီးတော့
ရေတွေ၊ လှိုင်းကြက်ခွပ်တွေ လှုပ်ရှားနေသော ရေမျက်နှာပြင်တစ်ခု
အားလုံး ရှုပ်ထွေးရောယှက်လျက် မြင်လိုက်ရ၏။

သို့သော်. . အတွေ့အကြုံအရ ဒီမြင်ကွင်းများမှာ မကြာခင်
ကြုံတွေ့ရမည့် သူ့အနာဂါတ်ဘဝနှင့် တစ်နည်းတစ်ဖုံ ဆက်စပ်နေ
လိမ့်မည်ဆိုတာ သေချာပေါက်သိနေ၏။ ထို့အတွက် စိတ်ရှုပ်ထွေး
သွားကာ သက်ပြင်းသာ ရှိုက်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

ဒီနေ့တော့ ဧည့်ခံပွဲဖိတ်ထားသဖြင့် ရှင်မင်း မဖြစ်မနေ ထွက်လာခဲ့ရသည်။ ဖိတ်ကြားထားသည့် ဒေါ်သူဇာဌေးက ရှင်မင်းကို ယုံကြည်အားထားသူ ဖြစ်သည်။ ရှင်မင်း အကြံဉာဏ်ပေးခဲ့၍ မက်မန်းပေါင်းလုပ်ငန်းမှ ဝိုင်ချက်လုပ်ငန်းထိ ချဲ့ထွင်နိုင်ခဲ့ကာ. . အခုနောက်ဆုံး ဟိုတယ်လုပ်ငန်းထိပါ ခြေချနိုင်ခဲ့သဖြင့် ရှင်မင်းအား တခုတ်တရနှင့် ဖိတ်ကြားထားခြင်းဖြစ်သည်။

အသစ်ဆောက်ပြီးသွားသော အခန်းရှစ်ဆယ်ပါလေးထပ်



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်သစ်ဖွင့်ပွဲက ညနေ ၆ နာရီမှ သန်းခေါင်ချိန်ထိဖြစ်၏။ ရှင်မင်း ရောက်သွားတော့ ဟိုတယ်ရှေ့ မြက်ခင်းပြင်မှာ လူအတော်စုံနေလေပြီ။ ဟိုတယ်ဖွင့်ပွဲပီပီ အနောက်တိုင်းစတိုင် ဘူဖေးလ်နှင့် ဧည့်ခံတာမို့ လူတွေအားလုံး ဝိုင်ခွက်ကိုယ်စီနှင့် မိုးတိုးမတ်တတ် ရှိနေကြသည်။

ရှင်မင်းက ကံငါးပါးစောင့်ထိန်းသူမို့ ဒေါ်သူဇာက အအေးစီစဉ်ပေးသည်။ အစားအသောက်တွေကတော့ အလျှံပယ်. . ကြိုက်တာယူစားရုံသာဖြစ်သည်။

မျက်နှာကြီးအသိုင်းအဝိုင်း ဧည့်ခံပွဲမို့ မြို့နယ်အဆင့်၊ ခရိုင်အဆင့် လူကြီးမင်းများပါ တက်ရောက်ချီးမြှင့်ကြတာတွေ့ရ၏။ အပေါ်ယံ ပကာသနနှင့် ဟန်လုပ်ပြုံးပြပြီး ရောက်တတ်ရာရာ ပြောဆိုနေတာ. . ကြာတော့ ရှင်မင်း ငြီးငွေ့လာသည်။

ထိုအချိန်တွင် လူတွေကြားထဲ ဆရာသော်တာတို့ ဇနီးမောင်နှံကို တွေ့လိုက်ရသည်။ သူတို့က ရှင်မင်းကိုတွေ့သည်နှင့် အနားရောက်လာကြ၏။

"ဟော. . မရှင်မင်းလည်း ရောက်နေတာကိုး၊ စောစောက မတွေ့မိဘူး"

"ဟုတ်တယ်ဆရာ ဒေါ်သူဇာငွေးနဲ့ စကားကောင်းနေလို့၊ အဟင်း. . ဆရာကတော်က အရမ်းလှနေတာပဲနော်"

မျက်စိကစားနေသော နဒီလှိုင်းက သဘောကျစွာပြုံးလျှက်

"တကယ်ပြောတာလား ဆရာမ၊ ကျွန်မက အဲလိုပြောတာမျိုးပဲ အမြဲကြားချင်နေတာနော်၊ အဟင်း. . အဟင်း"

သိပ်မကြာခင်မှာပင် သူတို့အနားသို့ သားသားနားနားနှင့် လူချောလူခန့်တစ်ယောက် ရောက်လာကာ. .



www.burmeseclassic.com

www.burmeseclassic.com



"ကိုသော်တာ ဆရာကတော်လေးနဲ့ တွဲကချင်လို့ စိတ်အနှောက်အယှက် မဖြစ်ပါဘူးနော်"

"ဟာ. . ဖြစ်စရာလားဗျာ၊ ရပါတယ်. . ကပါ"

ကိုယ့်မိန်းမကို တခြားယောကျ်ားတစ်ယောက်နှင့် တွဲကသည်ကို ခွင့်ပြုလိုက်သည့်အတွက် ရှင်မင်း ဆရာသော်တာကို အံ့ဩမိသည်။

နဒီလှိုင်း မြူးတူးသွားသလို ထိုလူကလည်း နဒီလှိုင်းလက်ကို တယုတယဆွဲခေါ်ကာ ကနေကြသော လူဘုံအလယ်သို့ ခေါ်သွားလေသည်။

"သူ့ကို သိလို့လားဆရာ"

ကိုသော်တာက ရှင်မင်းအား ရှက်သလိုလို သိမ်ငယ်သလိုလို မျက်နှာပေးနှင့် ကြည့်လိုက်ရင်း. .

"သိပါတယ်. . သူက ရှေ့နေလေ၊ အဟင်း. . နဒီက သိပ်ဆိုရှယ်ကျတာ ယဉ်ကျေးမှုအရ ခွင့်မပြုလို့လည်း မကောင်းဘူးလေ"

"ဟုတ်တာပေါ့. ."

ရှင်မင်းလည်း အားတုံ့အားနာနှင့် အလိုက်အထိုက် ပြန်ပြောရသည်။ တကယ်တော့. . ရှင်မင်း အံ့ဩမဆုံး ဖြစ်နေ၏။ ကိုယ်က ဒီလိုအသိုင်းအဝိုင်းနှင့် နီးစပ်မှု မရှိသည့်အတွက် မြင်မြင်သမျှ အထူးအဆန်း ဖြစ်နေသည်။ လူကုံထံ အသိုင်းအဝိုင်းမှာ အနောက်တိုင်းယဉ်ကျေးမှုက ရာနှုန်းပြည့် နေရာယူထားပြီဆိုတာကိုလည်း အထိတ်တလန့် လက်ခံလိုက်ရသည်။

"ကျွန်တော်ကတော့ ဒါမျိုးတွေ မရဘူး၊ အဲလိုကရရင် မီးတိုးခဲတွေပေါ် လမ်းလျှောက်ရသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်ချောမောပြီး ဆိုရှယ်ကျလွန်းသည့် ဇနီးချောကို ရထားသော လူရိုးလူအေး ဆရာတစ်ယောက်၏ သောကကို ရှင်မင်း ရိပ်စားမိလိုက်၏။

ရှင်မင်းလည်း ထိုနေရာတွင်ကြာကြာမနေချင်တော့၍ အား လုံးကိုနှုတ်ဆက်ကာ ဟိုတယ်ထဲမှ ထွက်လာခဲ့သည်။ ညကလည်း မှောင်စပြုနေပြီ။ ကားပါကင်အရောက်တွင် သူ့ကားနှင့် ယှဉ်ရပ် ထားသော ကားထဲမှ လှုပ်ရှားမှုပုံရိပ်များကြောင့် ရှင်မင်း မျက်လုံးပြူး သွား၏။

"အို်. . ဘုရား. . ဘုရား. . "

သေချာမြင်လိုက်ရသော မျက်နှာတွေက. . . နဒီလှိုင်းနှင့် ရွှေနေဇင်အောင်ဆိုသူတို့ ဖြစ်နေသဖြင့် အံ့ဩလွန်းကာ ထိုနေရာ တွင် ကြက်သေသေသွားသည်။

ကာမပိုင် လင်ယောကျာ်းရှိတာ သိသိကြီးနှင့်. . မရှက်မ ကြောက် ဖောက်ပြန်နေကြသော ထိုနှစ်ယောက်ကတော့. . ရာဂမီး တောက်လောင်လျက်ရှိသဖြင့် ပတ်ဝန်းကျင်ကိုပင် ဂရုမထားနိုင် အောင် မွှန်ထူလျက်ရှိသည်။

ယိုသူမရှက် မြင်သူရှက် ဆိုသလို ထူပူနေသည့် ရှင်မင်း မှာသာ သူ့ကိုတွေ့မသွားအောင် သူ့ကားဘေး၌ ဆောင့်ကြောင့်ထိုင် ကာ လူယောင်ဖျောက်နေလိုက်ရ၏။

အသံကြားသွားမှာစိုး၍ တံခါးဖွင့်ပြီး ကားထဲလည်း ဝင် နေရဲဘဲ သည်းခံပြီးစောင့်နေရ၏။ ကိုသော်တာကိုသာ ရှင်မင်းသနား နေမိတော့သည်။

ခဏနေတော့ ထိုနှစ်ယောက် လူခွဲပြီး ကားထဲမှ ထွက်သွား


www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ထိုအခါမှပဲ ရှင်မင်း ကားထဲဝင်ရဲတော့သည်။ သူ့ကိစ္စလည်း မဟုတ်ဘဲ တုန်လှုပ်ချောက်ချားကာ ဇောချွေးတွေ ပြန်နေ၍ ကိုယ့်ဘာသာ စိတ်တိုနေမိသည်။

ဒီလိုအသိုင်းအဝိုင်းမှာ ဆက်ပြီးမနေချင်တော့သဖြင့် ကား စက်နှိုးပြီး ခပ်မြန်မြန်ပင် မောင်းထွက်ခဲ့သည်။ နဒီလှိုင်း၏ အနေအထိုင်နှင့်ပတ်သက်ပြီး ဆရာ့ကိုအသိပေးလျှင် ကောင်းမလား တွေးကြည့်မိသေးသည်။

သူ့ကြောင့် အိမ်ထောင်တစ်ခု ပြိုကွဲသွားမှာလည်း စိုးရသေးသည်။ ဆရာကိုယ်တိုင်က သူ့မိန်းမ ဆိုရှယ်ကျတာကို ဖွင့်ဟပြောခဲ့သည်မို့ ဖွင့်မပြောဖို့ ရှင်မင်း ဆုံးဖြတ်လိုက်၏။

သားကို စိတ်မချ၍ အမေတို့အိမ်မှာ ထားခဲ့သည့်အတွက် ပြန်ဝင်ခေါ်ရသေးသည်။ အချိန်က ညဆယ်နာရီဝန်းကျင်ရှိပြီ၊ ရက္ခပေဒဉယျဉ်ကန်တော်ကြီးနှင့်နီးသော ရှင်မင်းတို့ရပ်ကွက်က ခြံနှင့်ဝင်းနှင့် အိမ်တွေသာများ၍ လူသွားလူလာ ပြတ်နေပြီဖြစ်သည်။ ဒီမှာမွေး ဒီမှာကြီးသည့် မြို့ခံတစ်ယောက်အနေနှင့် မကြောက်သော်လည်း အမှောင်အားကောင်းနေပြီမို့. . အနည်းငယ်တော့ စိုးရိမ်မိသည်။

သားလည်း အိပ်ချင်နေပြီမို့ ကီလိုခြောက်ဆယ်ကျော်ထိနင်းပြီး မောင်းလာခဲ့၏။ ခြံနှင့်အိမ်ကို လှမ်းမြင်ရတော့မှပဲ စိတ်အေးသွားကာ အရှိန်လျှော့လိုက်ရသည်။

သို့သော် သူ့မအိမ်က တစ်အိမ်လုံး မီးတွေထိန်လင်းနေ၍ ရင်ထဲ ဒိန်းခနဲဖြစ်သွားရသည်။

"ဟင်!. . ဒါ. . ဒါဆို"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲ လူဝင်နေပြီလား. . .။

သူခိုးများလားအတွေးနှင့် ကားပေါ်မှဆင်းဆင်းချင်း အိမ်သော့ကိုထုတ်လိုက်၏။

"သား. . မေမေ့နောက်မှာနေ. ."

အိမ်တံခါးသော့ ဖွင့်မည်အလုပ် တံခါးကဟနေသဖြင့် ပိုပြီးထိတ်လန့်သွားရသည်။ တံခါးကိုတွန်းဖွင့်ရင်း အိမ်ထဲကိုကြည့်မိသည်။ အောက်ထပ်မှာ အနေအထား မပျက်သလို လူရိပ်လူယောင်လည်း မတွေ့၊ လိုရမယ်ရသဘောနှင့် တံခါးကြားထောင်ထားသောတုတ်တစ်ချောင်းကို ဆွဲယူကာ ကျစ်ကျစ်ပါအောင် ကိုင်ထားလိုက်သည်။

"သား. . အောက်ထပ်မှာခဏနေခဲ့၊ အမေ အပေါ်တက်ကြည့်လိုက်ဦးမယ်"

တုတ်အားကိုးနှင့် ရှင်မင်းတစ်ယောက်ထဲ အိမ်ပေါ်ထပ်တက်လာခဲ့သည်။ အိမ်တစ်အိမ်၏ အိမ်ထောင်ဦးစီးတာဝန်ကို မနိုင်မနင်း ထမ်းဆောင်နေရသော မိန်းမသားတစ်ယောက်အတွက်. . လက်ရှိကြုံနေရသော အခြေအနေက သူမအတွက်အခက်အခဲဆုံးပင် ဖြစ်နေသည်။ ထိုစဉ်. . .

"ကျွီ. . . ဒုန်း"

သားအခန်းထဲမှ ခုန်ရွေ့သံများ ကြားလိုက်၍ အခန်းတံခါးကို ဆတ်ခနဲ ဖွင့်ကြည့်လိုက်သည်။ အခန်းထဲ လူမတွေ့သော်လည်း ပြူတင်းပေါက်တံခါးက ပွင့်နေ၏။ သားအိပ်ရာပေါ်တွင်တော့ ထူးခြားမှုတစ်ခုကို တွေ့လိုက်ရသည်။

"ဟင်!. ."



www.burmeseclassic.com

www.burmeseclassic.com


ခုတင်ပေါ်၌ သူမ၏ တဲရှေ့ကတ်များကိုစီကာ 'စုန်းမ' ဆိုသည့်စာလုံးကို ပုံဖော်ထားခြင်းဖြစ်သည်။

"မေမေ. ."

သား၏ခေါ်သံကို ရုတ်တရက် ကြားလိုက်ရသဖြင့် ရှင်မင်းပိုပြီး စိုးရိမ်သွားသည်။ ဒီစာလုံးတွေ သားမြင်သွားမှာကို သူမ မလိုလား၊ ထို့အတွက် ခုတင်ပေါ်မှ ဖဲချပ်စာလုံးများကို လက်နှင့်ဝှေ့ရမ်းကာ စာသားကိုဖျက်လိုက်ရသည်။

"မေမေ အိမ်ထဲကို ဘယ်သူဝင်သွားတာလဲဟင်၊ ဒီဖဲချပ်တွေက သားခုတင်ပေါ် ဘယ်လိုရောက်နေတာလဲ မေမေ"

"မေမေလဲ အဲဒါစဉ်းစားနေတာ၊ ကဲ. . သား. . အတော်ညဉ့်နက်နေပြီ၊ မေမေ့အခန်းမှာပဲအိပ်လိုက်တော့ မနက်လည်းကျောင်းတက်ရဦးမှာ. ."

သားအိပ်ပျော်သွားတဲ့အထိ ရှင်မင်းထိုင်စောင့်နေလိုက်သည်။ သားအိပ်သွားမှ အောက်ထပ်ပြန်ဆင်းပြီး ပစ္စည်းအပျောက်အရှရှိမရှိ စစ်ဆေးကြည့်ရသည်။ အပျောက်အရှ မရှိသော်လည်းသူ့ဟောခန်းထဲကပစ္စည်းတွေ ဖရိုဖရဲ ဖြစ်နေ၏။ ဒါ ဘယ်သူ့လက်ချက်လည်းဆိုတာ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့။ သူ့အိပ်ယာပေါ်မှာ ဖဲချပ်နှင့် စုန်းမဟု ပုံဖော်ထားကတည်းက ကျော်စိုး လက်ချက်ဟု သူမ တထစ်ချတွေးလိုက်သည်။

ဒါဆို. . ကျော်စိုး၏ခြိမ်းခြောက်စော်ကားမှုတွေက အတော်လွန်လာပြီ ဖြစ်သည်။ သူ့အိမ်ထဲထိပါ ဝင်ရောက်စော်ကားနေပြီ။ ရှေ့ဆက်ပြီး လူကိုအန္တရာယ်ပြုတာတွေ လုပ်လာနိုင်သည့်အကြောင်းရဲတိုင်ထားလျှင် ကောင်းလိမ့်မည်။ မူယာ့အား ဖုန်းဆက်သတင်းပေး


www.burmeseclassic.com

www.burmeseclassic.com



ရန် တွေးမိသော်လည်း ယောက်ျားကို အသေကြောက်ရသည့် သူ့သူငယ်ချင်းက ဘာမှကူညီနိုင်မှာမဟုတ်. .

မနက်လင်းသည်နှင့် ရဲစခန်းသွား အကြောင်းကြားမည်ဟု ဆုံးဖြတ်ကာ ရှင်မင်း အိပ်ယာဝင်ခဲ့သည်။ ဒီညအဖို့ လွယ်လွယ်နှင့် အိပ်ပျော်နိုင်တော့မည် မဟုတ်တော့. .။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၈)

သားကို ကျောင်းပို့ပြီးအပြန်မှာ စခန်းသို့ဝင်၍ ဘိုင်ချက်ဖွင့်လိုက်သည်။ ဒုရဲအုပ်တစ်ယောက်ကို စစ်ဆေးရန် ထည့် ပေးလိုက်သည်။ ထိုဒုရဲအုပ်ကို အိမ်သို့ခေါ်လာခဲ့ပြီး ကျော်စိုးခုလို အိမ်ထဲကျူးကျော်ဝင်တာ သုံးကြိမ်ရှိပြီဖြစ်ကြောင်း ဇာတ်ကြောင်း လှန် ရှင်းပြသည်။

ရဲက ဟောခန်းအတွင်းမှ ဖရိုဖရဲ အနေအထားကို ဓာတ်ပုံ ရိုက် မှတ်တမ်းတင်သည်။ စစ်ဆေးအပြီး ရှင်မင်း ညှော်ခံသည့် ကော်ဖီ


www.burmeseclassic.com

www.burmeseclassic.com


ကိုသောက်ရင်း. .

"ဒီကညီမပြောတဲ့ ကျော်စိုးကို အစ်ကိုသိပါတယ်၊ သူက အမဲလိုက်ဝါသနာတယ်လေ"

"ရှင်. . အမဲလိုက်တယ်ဆိုတော့ သေနတ်နဲ့လား"

"ဟုတ်တယ် လေသေနတ်ပါ၊ လိုင်စင်နဲ့ ကိုင်တာပါ"

ရဲပြောမှ ကျော်စိုးက သတ်တာဖြတ်တာလည်း ဝါသနာထုံမှန်း သိရသဖြင့် ရှင်မင်း ပိုပြီးစိုးရိမ်သွားရ၏။

"ဒီလူ. . ဘလိုင်းတော့ မလုပ်လောက်ပါဘူး၊ အိမ်ထဲဝင်သောင်းကျန်းရလောက်အောင် ညီမတို့နှစ်ယောက်ကြားမှာ. . ကတောက်ကဆဖြစ်တာမျိုး ရှိခဲ့လို့လား"

"ကျွန်မဟောလိုက်တာကို သူတို့အိမ်ထောင်ရေး ပြိုကွဲအောင် လုပ်ပါတယ်ဆိုပြီး သူကအထင်လွဲနေတာ"

ရှင်မင်းက ဇာတ်ကြောင်းကုန်စင် ရှင်းပြလိုက်၍ ရဲက ဆက်စပ်တွေးပြီး သဘောပေါက်သွားဟန်နှင့် ခေါင်းတညိတ်ညိတ် လုပ်ရင်း. .

"အင်း. . ဟုတ်ပြီလေ၊ သူ့ကိုခေါ်ပြီး သတိပေးထားလိုက်ပါ့မယ်၊ အခြား မျက်မြင်သက်သေ မရှိဘဲနဲ့တော့ အရေးယူလို့ မရသေးဘူး၊ ဒီတစ်ခါ ထပ်ရောက်လာမယ်ဆိုရင် စခန်းကိုသာ ဖုန်းဆက်လိုက်ပါ၊ ချက်ချင်းလာခဲ့ပါ့မယ်"

"ဟုတ်ကဲ့. . ကျေးဇူးပါပဲ"

ရဲက ကော်ဖီကောင်းကြောင်း ချီးကျူးပြီး နှုတ်ဆက်ပြန်သွားသည်။ ဒီထက်ပို၍လည်း ဘာမှလုပ်လို့မရသည့်အတွက် ဒီမျှနှင့်သာ ရှင်မင်း ကျေနပ်လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီခန့်အကြာ. . .

"တီတလီ. . တီတလီ. . "

ဖုန်းခေါ်သံကြားလိုက်၍ ပန်းကန်ဆေးနေသောလက်ကို ခြောက်အောင်သုတ်ပြီး ဖုန်းကိုင်လိုက်သည်။

"ဟလို. . "

"မင်းသိပ်ပျော်နေတယ်ပေါ့"

"ရှင်!. . "

အသံက ကျော်စိုး အသံဖြစ်နေ၏။

"ငါအခု လူသတ်ချင်နေပြီ၊ အဲဒါ မင်း သိလား၊ မင်းရဲ့သား အမဲ့ကလေး မဖြစ်ချင်ရင် မင်းပါးစပ်ကို ပိတ်ထားရင်ကောင်းမယ်"

"ရှင် ကျွန်မကို ဘာတွေလာပြောနေတာလဲ"

"မင်းကရော ရဲကို ဘာတွေလျှောက်သွားပြောတာလဲ. . "

ခြိမ်းခြောက်ဟိန်းဟောက်နေတာတွေ ဆက်နားထောင်နိုင်စွမ်း မရှိတော့သဖြင့် ရှင်မင်း ဖုန်းပိတ်လိုက်၏။ ရဲတိုင်မိသည့်အတွက် ရှင်မင်းစိတ်ထဲ မလုံခြုံသလိုလည်း ခံစားရသည်။ ထိုအချိန်တွင် ကားတစ်စီး ဝင်လာသံကို ကြားရ၏။

ထွက်ကြည့်ရာ အောင်ခိုင်ကို တွေ့သဖြင့် အားတက်ဝမ်းသာသွားသည်။ အောင်ခိုင်က တက်ကြွမှုမရှိဘဲ ကားပေါ်မှဆင်းလာသည်။ အိမ်ထဲအရောက်. .

"ငါ စိတ်ဓာတ်တွေအရမ်းကျနေလို့ နင့်ဆီရောက်လာတာ"

အောင်ခိုင့်ကြည့်ရတာ မှုးနေသဖြင့်. .

"အရက်လျှော့သောက်ပါလား အောင်ခိုင်ရယ်"

"အရက်နဲ့ မဆိုင်ပါဘူးဟာ စိတ်နဲ့ဆိုင်တာ၊ တစ်ခါတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဝိညာဉ် ထွက်သွားတာကို ငါ ပြန်မြင်နေရသလိုပဲ"

"လူတိုင်းမှာ ကိုယ့်ဒုက္ခနဲ့ကိုယ်ပဲလေ၊ ဒါမျိုး အားလုံးကြုံဖူးပါတယ် စိတ်တင်းထားမှပေါ့၊ ပြောပါဦး နင် ဘာတွေဖြစ်လာတာလဲ"

"လောလောဆယ် ငါ့ရဲ့အနာဂတ်ကို သိချင်တယ်ဟာ. . ၊ နင်တတ်နိုင်သလောက် ငါ့ကိုကြည့်ပေးပါလား"

မုဆိုးမတစ်ယောက်၏ ဒုက္ခထက် ပို၍ဆိုးနေသော အောင်ခိုင်၏ စိတ်ဓါတ်ရေးရာကို မြှင့်တင်ပေးနိုင်ဖို့အတွက် ရှင်မင်း တဲရော့ကတ်အထုပ်လေးကို ကောက်ကိုင်လိုက်ရတော့၏။ အောင်ခိုင့်အား ကတ်တစ်ခုကို ရွေးထုတ်စေသည်။

ထိုကတ်ကို ကြည့်လိုက်ရာ (Fool) ခေါ် အရူးပုံနှင့်ကတ်ဖြစ်နေ၏။ ထိုကတ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ ပြုခဲ့သမျှအကုသိုလ်ကံ၏ အကျိုးပေးကို ခံစားရခြင်း၊ စိတ်လေလွင့်ခြင်း၊ လူမှုရေး၊ စီးပွားရေးမပြေလည်ခြင်း၊ ရည်မှန်းချက်မဲ့ခြင်း စသည့် စနေဂြိုလ်၏ အငွေ့အသက်များ လွှမ်းမိုးခံရသော တာရော့ဖြစ်နေသည်။

ဒီတော့ အောင်ခိုင့်အခြေအနေ မကောင်းဟု သုံးသပ်လို့ရသည်။ ကံကြမ္မာအနေအထား၊ လူပုံပန်းသဏ္ဌာန်နှင့် အမူအရာအားလုံးကလည်း ဂဏှာမငြိမ် ဖြစ်နေသည်မို့ ရှင်မင်း ပြောရခက်နေ၏။

သို့နှင့် ရှင်မင်း သူ့လက်ကိုကိုင်၍ အာရုံပြုကြည့်သည်။

ပထွေးကို ကန်ကျောက်နေတာ ရှင်မင်း မြင်လိုက်၏။

"နင့် ပထွေးနဲ့ရော အဆင်ပြေရဲ့လား"

သူမကိုကြည့်နေသော အောင်ခိုင့် မျက်လုံးတွေနီရဲနေ၏။

"အဲဒီလူကို ငါသတ်ချင်နေတာကြာပြီ၊ ဘာအလုပ်မှ မလုပ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အပြင် သူ့အရက်ဖိုးကိုပါ ငါရှာနေရတာ၊ အမေ့မျက်နှာကြောင့်နေမို့ဆို ဒီလူအစောကြီးထဲက သေနေပြီ"

ရှင်မင်း ခေါင်းခါပြရင်း. .

"ငါ မြင်သလောက်တော့ နင် ကံနိမ့်နေတယ် အောင်ခိုင်"

"ငါ ကံဆိုးနေတယ်ပေါ့ အဲလိုလား၊ အင်း. . ငါ့ အိမ်မက်ထဲမှာ အပြာရောင်စိန်တုံးနဲ့ ခါးပတ်တစ်ခုကိုပဲ အမြဲမက်နေတယ်၊ အဲဒါ ဘယ်လိုများသက်ဆိုင်လဲ ရှင်မင်း"

"အဲဒီအမြင်တွေပျောက်သွားအောင် ညတိုင်း ဘုရားရှိခိုးပြီး မှအိပ်. .၊ ဘုရားတရားမြဲအောင်နေပါ အောင်ခိုင်"

"အေးပါ. . ငါနားလည်ပါတယ်၊ နင့်ရဲ့နားရက်ကို အနှောင့်အယှက် ပေးမိတာခွင့်လွှတ်ပါ"

"ရပါတယ် အောင်ခိုင်ရယ်၊ တစ်ခုမှာချင်တာက ပထွေးကို ခေါင်းထဲက ထုတ်ထားလိုက်ပါ၊ စိတ်လိုက်မာန်ပါ သွားမလုပ်ပါနဲ့"

"သွားမယ်. . ရှင်မင်း"

အောင်ခိုင်က အဖြေမပေးဘဲ ဇွတ်တရွတ်ပင် နှုတ်ဆက်ပြီး ထွက်သွားတော့၏။

အောင်ခိုင့်ကိုကြည့်ကာ သနားရသည်ကတစ်မျိုး၊ ကိုယ့်အကြောင်းကိုယ်တွေးကာ စိတ်ရှုပ်ရသည့်က တစ်မျိုးကြောင့် ရှင်မင်း သေချင်စိတ်ပင်ပေါက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

ရှင်မင်း နိုးတဝက် အိပ်တစ်ဝက်နှင့် ရှည်လျားသည့် ညတာကို ကြိုးစားဖြတ်သန်းနေရသည်။ ကောင်းကောင်း အိပ်မပျော်သည့်အတွက် ဘယ်လူးညာလှိမ့်နှင့် အိပ်ယာတွေပင် တွန့်ကြေကာ ပုံပျက်လျက်ရှိသည်။ ထိုစဉ် ရှင်မင်း လည်ပင်းအစ်ပြီး အသက်ရှုကျပ်လာသည်။

"အစ်!. . အစ်!. . ."

ထို့အတွက် ရှင်မင်း လန့်နိုးသွား၏။ ထိုအခါမှ ကြောက်မက်



www.burmeseclassic.com

www.burmeseclassic.com



ဒွယ်အဖြစ်ဆိုးနှင့် ပက်ပင်းကြုံနေရမှန်း ရှင်မင်းသိလိုက်ရသည်။

ယောကျ်ားတစ်ယောက်က သူမအား လည်ပင်းညှစ်နေတာ ဖြစ်၏။

သန်မာပြီး အားပါလှသောကြောင့် ရှင်မင်း မျက်လုံးတွေ ပြာဝေလာသည်။ ယောကျ်ားတစ်ယောက်မှန်း သိသော်လည်း ထိုသူ တို့ ကွဲကွဲပြားပြား မမြင်ရသေး၊ တစ်ယောက်တည်းရင်ဆိုင်ရသည့် အလေ့အကျင့်တွေ များလှပြီမို့ လွယ်လွယ်နှင့် ရှင်မင်း အရှုံးမပေး. .

ကျော်စိုးရန်ကြောက်၍ လက်တစ်ကမ်းအကွာ၌ အသင့် ထောင်ထားသော တုတ်ကို သတိရသွားသည်။ ထိုတုတ်မှာ ခုတင် ဘေးရှိ စားပွဲခုံလေးကို မှီကာ ထောင်ထားခြင်းဖြစ်သည်။ အားတင်း ကာ လှည့်ကြည့်တော့လည်း လက်ကိုင်ရိုးကို မြင်နေရသည်။

လည်ပင်း ကြွက်သားများကို ဖြစ်ညှစ်တောင့်ခံရင်း ထိုတုတ် ကိုယူဖို့ လက်လှမ်းလိုက်၏။ ကံကြမ္မာက မျက်နှာသာမပေးချင်၍ လားမသိ၊ တုတ်ကိုလှမ်းယူလို့ မမှီတမှီ ဖြစ်နေသည်။ အသက်ရှင် ဖို့ ရုန်းကန်ရသည့်အဖြစ်မို့ အားကုန်ထုတ်သုံးကာ လက်ကိုဆန့်တန်း လိုက်သည်။

ထိုအခါမှပဲ တုတ်ကို တို့ထိမိသွားကာ တွန်းလိုက်သလို ဖြစ် သွားပြီး တစ်ဖက်သို့ လဲကျသွားတော့သည်။

"ဒုတ်!. . "

တုတ်နှင့် ကြမ်းပြင်ထိသံ ကြားလိုက်ရသည့်နောက် အား ကိုးရာမဲ့သွားပြီမို့ ဒီတစ်ခါတော့ သေပြီဟုတွေးကာ စိတ်လျှော့လိုက် တော့သည်။

သို့သော်. . ထိုအခိုက်အတန့်မှာပင် နာကျင်မှုတွေ လျော့



www.burmeseclassic.com

www.burmeseclassic.com



ပါးသွားကာ အသက်ရှုရတာ ပြန်ကောင်းလာသည်။ ထူးဆန်းလိုက်တာဟုတွေးရင်း ထဖို့ကြိုးစားလိုက်မှ အိပ်မက်မက်နေမှန်း သိသွားတော့၏။ စားပွဲတင်မီးကို ဖွင့်လိုက်ပြီး အခန်းထဲ လူစိမ်းဝင်နေသလား အရင်ရှာကြည့်ရသည်။

ဘယ်သူမှရှိမနေ၍ စိတ်အေးသွား၏။ အိပ်မက်ထဲမှာ သူလှမ်းယူလို့ လဲကျသွားသည့် တုတ်ကိုလည်း သူမ ထားထားသည့်နေရာမှာပင် ထောင်လျက်သား တွေ့ရသည်။

နာရီကြည့်တော့ ည(၁)နာရီအတိဖြစ်၏။ ထိုအဖြစ်ကို သေချာ ပြန်စဉ်းစားကြည့်မိသည်။ လာညှစ်သောလက်တွင် လက်ပတ်နာရီတစ်လုံး ပတ်ထားသည်။ ထိုနာရီက (Seiko) အမှတ်တံဆိပ်ဆိုတာတော့ သူမမှတ်မိနေ၏။ ဒါ. . မဝေးတော့တဲ့ ကာလတစ်ခုမှာ သူမတကယ်ကြုံရမည့်အဖြစ်ဆိုးလားဟု တွေးရင်း ကြောက်စိတ်တွေစိမ့်တက်လာ၏။

ကြောက်စိတ်ကြောင့် တုတ်ကိုလှမ်းယူပြီး ခေါင်းအုံးအောက်ထိုးထည့်လိုက်သည်။ စောင်ကိုဆွဲခြုံရင်း မျက်လုံးမှိတ်လိုက်၍။ ဒီညလည်း ရှင်မင်း အိပ်ပျော်နိုင်တော့မည် မဟုတ်တော့. . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

သာဂီက ကားပေါ်ရောက်သည်နှင့် ကျောင်းမှာသူဆွဲထားသည့် ဆေးရောင်ခြယ်ပုံလေးကို ထောင်ပြရင်း. .

"မေမေ. . ဒါကို သား မှန်ဘောင်သွင်းချင်တယ်"

ရှင်မင်း ထိုပုံလေးကို ယူကြည့်လိုက်သည်။ ပုံက နှစ်ချို့အပင်ကြီးများနှင့် ရေကန်ကြီးတစ်ကန်ပုံ ဖြစ်သည်။

"လှတယ်သား. . မေမေ အားရင်လုပ်ပေးမယ်လေ"

ကားစက်နိုးမည်အလုပ်. .



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မင်းရေ"

လှည့်ကြည့်တော့ သူ့သူငယ်ချင်း ကေသီခိုင် ဖြစ်နေ၍ ပြုံးပြရင်း. .

"ဪ. . ကေသီ အိမ်ပြန်မှာလား၊ တို့နဲ့လိုက်ခဲ့လေ"

"မလိုက်တော့ဘူး ပြောစရာလေးရှိလို့. . ကျောင်းမှာတော့ မိုးမီးလောင်နေပြီ"

အဆက်အစပ်မရှိ ပြောလာသောစကားကို ရှင်မင်း နားမလည်၍ ကြောင်အမ်းအမ်း ဖြစ်သွား၏။ နဝေတိမ်တောင်ဖြစ်နေသောရှင်မင်းအား ကေသီခိုင်က လက်ကုတ်ပြီး တီးတိုးလေသံနှင့်. .

"ဆရာသော်တာရဲ့မိန်းမ နဒီလှိုင် မနေ့ညကပျောက်သွားလို့တဲ့. . ."

"ဟင်. . နဒီလှိုင် ဟုတ်လား"

"ဟုတ်တယ်. . သူ့အဖေ မိုက်ကယ်လ်ဖော်လည်း စိတ်တွေပူပြီး မစားနိုင်မသောက်နိုင် ဖြစ်နေတယ်ကြားတယ်"

ရှင်မင်းအတွေးထဲ ဇင်အောင်ဆိုသူနှင့် တိတ်တိတ်ပုန်းဇာတ်လမ်းရှိခဲ့သည့် နဒီလှိုင်းပျောက်သွားတာ သာမန်ကိစ္စမဟုတ်ဟုနားလည်မိ၏။

"အဲဒီတော့. ."

"အဲဒီတော့ စခန်းမှာ လူပျောက်မှုနဲ့ အမှုဖွင့်ထားတယ်လေ ဦးဖော်ဆိုတာကလည်း ဒီပုဂ္ဂလိကကျောင်းရဲ့ ရှယ်ယာအများဆုံးပိုင်ရှင်လေ၊ မြို့မျက်နှာဖုံးဆိုတော့ သတင်းက ဟိုးလေးတကြော်ကြော်ဖြစ်နေတာပေါ့"

"ဒါနဲ့ နဒီလှိုင်း ဘယ်လိုပျောက်သွားတာလဲ ကေသီခိုင်သိ



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဆရာသော်တာ ပြောတာကတော့. . ညစာစားပြီး တီဗွီကြည့်တဲ့အထိ အတူရှိကြသေးတယ်တဲ့၊ ဆရာက အကြောတက်လို့ဆိုပြီး အရင်အိပ်ယာဝင်သွားတာတဲ့၊ ဆေးသောက်ပြီး အိပ်လိုက်တာဆိုတော့ မနက်မှနိုးသတဲ့၊ ဒီတော့မှ နဒီလှိုင်း အိမ်မှာမရှိတော့မှန်းသိရတယ်တဲ့လေ၊ အိပ်ယာတစ်ခြမ်းက မတွန့်သလို စောင်ကလည်းခေါက်လျက်လေးပဲတဲ့"

"တစ်ညလုံး ဝင်မအိပ်ဖူးဆိုတဲ့ သဘောပေါ့"

"အသေအချာပဲ ရှင်မင်း၊ ဦးဇော်ကတော့ သူ့သမီး ပြန်ပေးဆွဲခံရပြီလို့ပဲ ထင်နေတာ. . ၊ ဒီတော့ ရဲတွေလည်း ပျာယာခတ်နေကြတာပေါ့"

"ဆရာ သနားပါတယ်ဟယ်"

အကြောင်းစုံကို သိထားသော ရှင်မင်းက ဆရာသော်တာကို သနားနေမိသည်။

"အင်းနော်. . သူ. . ကလေးတွေကို စာသင်နိုင်ပါ့မလားမသိဘူး. . ၊ အပူမီး တောက်တောက်လောင်နေတဲ့ အချိန်ဆိုတော့"

"ကဲကဲ. . သွားဦးမယ် ကေသီခိုင်ရေ"

ရှင်မင်း စိတ်ရှုပ်စွာဖြင့် အိမ်ပြန်ခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

ဒီနေ့တော့ ရှင်မင်း နေလို့မကောင်းသလို ဖြစ်နေ၍ သားကို လမ်းထိပ်တွင် ဆေးဝယ်ခိုင်းလိုက်ရသည်။ ပြည့်စုံမှာ ကားလမ်းဘေး မြေကြီးပေါ်မှလျှောက်လာရင်း မြက်ခင်းစပ်မှ ထိကရုန်းပင်လေးများကို ဖိနပ်ဦးဖြင့်ထိုးကော်ကာ အရွက်တွေ ညှိုးကျသွားသည့်အဖြစ်အား သဘောကျစွာရပ်ကြည့်နေ၏။

သူ့နောက်နားမှကားတစ်စီး ဘီးလိမ့်ရုံလေး ချဉ်းကပ်လာသည်။ မောင်းလာသူက ကျော်စိုးပင်ဖြစ်၏။ ပြည့်စုံလေးအရောက်

www.burmeseclassic.com

www.burmeseclassic.com



ကားကရပ်သွားသည်။

"ဟော့ကောင်. . စုန်းမရဲ့သား. . ဒီကိုလာစမ်း"

ပြည့်စုံလေးက ပြန်လည်းမဖြေ လာလည်းမလာဘဲ ကျော်စိုးအား မျက်လုံးပြူးကြီးနှင့် ပြန်ကြည့်နေ၏။ ထိုအမူအရာကြောင့် ကျော်စိုး ဒေါပွသွားကာ သူဆောင်းထားသည့်ဦးထုပ်ကို ချွတ်၍. . ပြည့်စုံအား ပစ်ပေါက်လိုက်လေသည်။

"ဟော့ကောင်. . မင်း နားလေးနေလား"

နားထင်ကို ကျော်စိုးပစ်ပေါက်လိုက်သော ဦးထုပ်က ထိမှန်သွားသဖြင့် ပြည့်စုံ မျက်ရည်တွေဝဲတက်လာသည်။

"ဟော့ကောင်. . အဲဒီဦးထုတ် ပြန်ကောက်ပေးစမ်း"

မြန်မြန်ထွက်သွားလျှင် ပြီးရောဟု သဘောထားကာ မြက်ခင်းပေါ်ကျနေသော ဦးထုပ်ကိုကောက်ပြီး ကျော်စိုးအား ပြန်ပေးလိုက်သည်။

ထိုအချိန်တွင် ကျော်စိုး ကားနောက်မှ နောက်ထပ်ကားတစ်စီး ထိုးစိုက်လာသည်။ ဒါကို ကျော်စိုးရော ပြည့်စုံလေးပါ သတိမထားမိလိုက်. .၊ ကျော်စိုးက ဦးထုပ်ပြန်ယူရင်း ပြည့်စုံ၏ လက်ကိုပါ ဖမ်းဆွဲထားလိုက်သည်။ ထို့အတွက် ပြည့်စုံ ထိတ်လန့်တုန်လှုပ်စွာနှင့် ရုန်းသည်။ သို့သော် ဆုပ်ကိုင်ထားသော ကျော်စိုးလက်က အားပါပြီး မြဲမြံလှသည်မို့ ရုန်း၍မရဖြစ်နေသည်။

"မင်းအမေက စုန်းမဆိုတော့ မင်းကလည်း စုန်းထီးလေးပေါ့၊ စုန်းမဆိုတာ ဘာလဲမင်းသိလား"

ပြည့်စုံက ကြောက်ကြောက်လန့်လန့်နှင့် ခေါင်းခါပြသည်။

"အေး. . စုန်းမဆိုတာ အောက်လမ်းအတတ်ကို တတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လူတကာကို ဒုက္ခပေးတယ်၊ ပြစားတတ်တယ်၊ အရင်ကဆို သူတို့ကို ရွာအပြင်ထုတ်ပြီး မီးရှို့သတ်ပစ်ကြတာ၊ ဒီတော့ မင်းအမေကိုလည်း မီးရှို့ပြီးသတ်ပစ်ရမှာ၊ အဲဒီအခါကျရင် မင်းလည်း မိဘမဲ့ဖြစ်သွားပြီပေါ့ကွာ"

"ပြည့်စုံ. . သား ဘာဖြစ်နေတာလဲ"

နောက်ကားမှ အသံဖြစ်သည်။ လှည့်ကြည့်တော့ ဝပ်ရှော့ဆရာအောင်ခိုင် ဖြစ်နေသည်။

ပြည့်စုံ ဝမ်းသာသွားကာ. .

"ဦး. . ဦး. . သူ. . သူက မေမေ့ကို စုန်းမတဲ့၊ မီးရှို့သတ်ပစ်မယ်လို့ ပြောနေတယ်"

"ဩော်. . ဒီကောင်က ဒီလိုပြောတယ်လား"

အောင်ခိုင် မူးမူးနှင့် ကားပေါ်မှဆင်းလာ၏။ ကျော်စိုးက လှမ်း၍ သတိပေးသည်။

"ဟေ့ကောင်. . အောင်ခိုင် မင်းအလုပ် မင်းလုပ်နေ၊ ငါတို့ကိစ္စ ဝင်မပါနဲ့. ."

အောင်ခိုင် သူ့ကားထဲမှ ဘီးဂေါက်တစ်ချောင်းကို ဆွဲယူရင်း လျှောက်လာနေသည်။ ကျော်စိုး. . ပြည့်စုံလက်ကို လွှတ်ပေးလိုက်ပြီး သူ့ခါးမှ လေသေနတ်ကိုဆွဲထုတ်ကာ အောင်ခိုင့်ကိုလှမ်းချိန်လိုက်သည်။

သို့သော် အောင်ခိုင်က မကြောက်၊ သေနတ်ရှေ့တိုးဝင်ကာ သေနတ်ပြောင်းဝကို သူ့နဖူးနှင့် ပြန်တွန်းရင်း. .

"ပစ်လေကွာ. . ပစ်လိုက်စမ်းပါ ကျော်စိုး၊ မင်းသတ္တိရှိရင် ပစ်လိုက်လေကွာ"



www.burmeseclassic.com

www.burmeseclassic.com


တကယ်တန်း သေမှာမကြောက်သူနှင့် ရင်ဆိုင်တွေ့တော့ ကျော်စိုး မပစ်ရဲ. .၊ ဒီတော့ ကားကိုအရှိန်နှင့် မောင်းထွက်သွားတော့၏။ အောင်ခိုင်မှာ ဒေါသမပြယ်သေး။

ပြည့်စုံလည်း ယောကျာ်းကြီးနှစ်ယောက်၏ ဒေါသပြိုင်ပွဲကို ကြည့်ရင်း အသားတဆတ်ဆတ်တုန်အောင် ကြောက်နေရှာသည်။

"သား ဘယ်သွားမလို့လဲ"

"မေမေ့အတွက် ဆေးသွားဝယ်မလို့"

"လာ. . ဦးခိုင် လိုက်ပို့မယ်"

သားပြောပြ၍ ရှင်မင်းလည်း အတော်ဒေါပွသွားသည်။

"ကျေးဇူးတင်တယ် အောင်ခိုင်ရယ်၊ အဲဒီလူက ငါ့ကို မူယာနဲ့ပက်သက်ပြီး အခဲမကျေဖြစ်နေတာ၊ ခုလို ကိုယ်ထိလက်ရောက် လုပ်မယ်လို့ မထင်ထားမိဘူး"

"အလကားကောင်ပါဟာ၊ နောက်တစ်ခါ အိမ်ထဲထပ်ဝင်လာရင် ငါ့ဆီသာ ဖုန်းဆက်"

"အေးပါဟယ်. . . ဒါနဲ့ ဆရာသော်တာရဲ့မိန်းမ နုဒီလှိုင်း ပျောက်နေတာ ဘာသတင်းထူးသေးလဲ"

"ပျောက်နေတာ လေးရက်တောင် ရှိနေပြီလေ၊ ပြန်ပေးသမားဆိုရင် ငွေတောင်းဖို့ ဆက်သွယ်လာမှာပေါ့၊ ဘာမှအကြောင်းမကြားတော့ လင်ငယ်နောက်ပဲလိုက်သွားသလား၊ သေများသွားပြီလား မသိဘူး"

"အေးဟယ်. . အရင်က တို့မြို့လေးမှာ ဒီလိုပြဿနာတွေ မကြားဘူးပါဘူးဟယ်"

"ငါပြန်အုံးမယ်. . အစစအရာရာ ဂရုစိုက်ပြီးနေပေါ့ဟာ"


www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ . . နင့်ပထွေးနဲ့ ရန်မဖြစ်နဲ့နော်"

"အေးပါ"

ခနနေတော့ အောင်ခိုင်ပြန်သွား၏။ သားကို အိမ်တံခါးတွေ ပိတ်ခိုင်းပြီး ရှင်မင်း စောင်ခြုံကာကွေးနေတော့သည်။ သောက်ထားသည့် ဆေးအရှိန်နှင့် ရှင်မင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့၏။

ပြည့်စုံလည်း ဧည့်ခန်း၌ တီဗွီကြည့်နေစဉ် ဗိုက်ဆာလာ၍ နောက်ဖေးသို့ ဝင်လာခဲ့သည်။ ရေခဲသေတ္တာရှေ့ ရပ်လိုက်စဉ်မှာပင် ရေခဲသေတ္တာတံခါးက သူ့အလိုလိုပွင့်သွား၏။

စိတ်ထဲ တစ်မျိုးဖြစ်သွားသော်လည်း အထိတ်တလန့်တော့ မဖြစ်မိ၊ တံခါးကို အဆုံးထိဆွဲဖွင့်ကာ ပန်းသစ်တော်သီးတစ်လုံးကို နှိုက်ယူလိုက်သည်။

ဧည့်ခန်းပြန်ရောက်တော့ ဖွင့်ထားခဲ့သောတီဗွီက ပိတ်နေလေပြီ။ သည်တော့. . ပြည့်စုံ ဇဝေဇဝါ ဖြစ်သွား၏။ မေမေအိပ်နေသလို မီးပျက်တာလည်း မဟုတ်သည့်အတွက် သူပဲ ပိတ်ခဲ့မိလေသလား စဉ်းစားရင်း ရီမုတ်ကို ကောက်ယူလိုက်သည်။

ထိုစဉ်. . တီဗွီက အလိုလို ပြန်ပွင့်လာ၍ ပြည့်စုံ ဆတ်ခနဲ တုန်အောင် လန့်သွားရသည်။ စောစောကကြည့်နေသော ကာတွန်းကား မဟုတ်ပဲ ရုပ်ရှင်ပြကွက်တစ်ခု အသစ်ပေါ်လာ၏။

ခြံဝင်းကျယ်ကြီးတစ်ခု. .၊ အဝင်ဝတွင် ခေါင်းလောင်းပုံပန်းပင်များရှိသည့် ခြံထဲမှ အိမ်ကြီးတစ်လုံး. .၊ ထိုအိမ်ကြီးဘေးတွင် ရေကန်ကြီးတစ်ကန် ရှိနေ၏။

အပင်ကြီးများ ဝန်းရံထားသော ထိုရေကန်ကြီးတွင် ကန်အလယ်ထိ ဆောက်ထားသော သစ်သားတံတားတစ်ခုကိုလည်း တွေ့ရ


www.burmeseclassic.com

www.burmeseclassic.com



သည်။

ကန်ထဲမှရေပြင်မှာ တဖြည်းဖြည်းမြင့်တတ်လာပြီး. . တီဗွီဖန်သား မျက်နှာပြင်ထဲမှ ထွက်ကျလာလေတော့သည်။ ဧည့်ခန်းကြမ်းပြင်တွင် ရေတွေအိုင်ထွန်းသွားပြီး ရေစီးကြောင်းက ပြည့်စုံခြေထောက်နားထိ စီးလာလေသည်။

ထိုအခါမှ ပြည့်စုံလည်း သတိဝင်ကာ နံရံဆီသို့ပြေး၍ တီဗွီပလပ်အား ဆွဲဖြုတ်လိုက်၏။ တီဗွီပိတ်သွားသလို စောစောက ရေတွေလည်း တစ်စက်မှမရှိတော့. .

ပြည့်စုံလည်း ကြောက်ကြောက်လန့်လန့်နှင့် သူ့အိပ်ခန်းသို့ ပြေးတက်သွားလေတော့သည်။

ထိုအချိန်တွင် ရှင်မင်း အိပ်ယာမှ လန့်နိုးသွား၏။ အိပ်မက်ဆိုးများ မက်နေခြင်းဖြစ်ရာ သူ့တစ်ကိုယ်လုံးလည်း ချွေးများဖြင့် ရွှဲနစ်နေ၏။ စောင်ကိုဖယ်ကာ ထိုင်လိုက်သည်နှင့် သားကို ဦးစွာသတိရသည်။ သားအခန်းလိုက်သွားတော့ ပုံဆွဲရင်း အိပ်ပျော်နေတာတွေ့မှ စိုးရိမ်စိတ်ပြေသွား၏။

သားလက်ထဲမှပုံကို လှမ်းယူကာ ကြည့်မိသည်။ ရေကန်တစ်ခုဘေးမှ အိမ်တစ်လုံးပုံ ဆွဲထားခြင်းဖြစ်သည်။ ထိုအခိုက် ပြည့်စုံနိုးလာကာ မျက်လုံးများကိုပွတ်သပ်ပြီး အမေ့ကိုမော့ကြည့်လာသည်။

"သား. . ဒါ ဘယ်နေရာက အိမ်လေးလဲ"

"ဟင့်အင်း"

"ဩော်. . စိတ်ကူးယဉ်အိမ်လေးပေါ့"

ပြည့်စုံက ပြန်အဖြေမပေးဘဲ. .

"မေမေ. . လူ. . လူတွေ သေပြီးတဲ့အခါ ဘယ်ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြသလဲဟင်"

"ကောင်းတာလုပ်တဲ့သူက ကောင်းတဲ့ဘုံရောက်မှာပေါ့၊ မကောင်းတာလုပ်တဲ့သူက ငရဲကျမယ် သားရဲ့"

"သားရော သေမှာလားဟင်"

"အသက်တွေကြီးပြီး လူအိုကြီးဖြစ်သွားရင်တော့ သေမှာပေါ့၊ ဒါတွေ တွေးမနေနဲ့ သားက ငယ်ငယ်လေးရှိသေးတာ"

ထိုညက သားအရမ်းကြောက်နေသဖြင့်. . ရှင်မင်း သားနှင့်အတူအိပ်ပေးလိုက်၏။ သားလေး စိတ်ချလက်ချ အိပ်ပျော်သွားသော်လည်း ရှင်မင်းမှာသာ အတွေးပေါင်းစုံနှိပ်စက်မှုကြောင့် အိပ်မပျော်နိုင်အောင် မျက်စိကြောင်နေ၏။

ထို့ကြောင့် အောက်ထပ်ဆင်းလာကာ တီဗွီပလပ်ပြုတ်နေတာတွေ့၍ ပြန်တတ်ပြီး တီဗွီထိုင်ကြည့်နေလိုက်သည်။ အချိန်က ည(၁)နာရီ ထိုးနေပြီမို့ ဇာတ်လမ်းတွဲများသာ လာနေ၏။

ပြနေသော ဇာတ်လမ်းက ဘာရယ်မသိ ရေကန်ကြီးတစ်ခုကိုသာပြနေ၏။ ကန်ရေပြင်အနည်းငယ် လှုပ်ခတ်သွားပြီး ရေထဲမှ တစ်စုံတစ်ခု ဘွားခနဲ ထွက်ပေါ်လာသည်။

ထိုအရာက မိန်းမတစ်ယောက်ဖြစ်နေသည်။ ဆံပင်ဖားလျားနှင့် အသားအရေကလည်း ပြာနှမ်းကာ ရေနူးနေသောပုံစံမျိုး၊ ထိုအမျိုးသမီး ရေထဲမှ တစ်လှမ်းချင်း တက်လာနေချေပြီ။

ပြကွက်က ပီပြင်လှသဖြင့် ရှင်မင်းလည်း မျက်တောင်မခတ်ဆက်ကြည့်နေမိသည်။ ဆံပင်ဖျားလျားနှင့်မိန်းမက တီဗွီဖန်သားပြင်နားအရောက်. . တီဗွီထဲမှ ခေါင်းကြီးထိုးထွက်လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


"အမလေး!. ."

ကြည့်နေသော ရှင်မင်း လိပ်ပြာလွင့်မတတ် ဖြစ်သွားသည်။ ထို့နောက်တွင်တော့ လက်နှစ်ဖက်ထိုးထွက်လာကာ တီဗွီဘောင်ကို အားယူပြီး ကိုယ်လုံးကအပြင်ထွက်လာသည်။ နောက်ထပ် တီဗွီထဲမှထပ်ထွက်လာသည်က. . သူမ၏ ခြေထောက်အစုံပင် ဖြစ်တော့သည်။

ရေစိုမိန်းမတစ်ကိုယ်လုံး တီဗွီအပြင်သို့ ရောက်လာချိန်မှာတော့ ရှင်မင်းလည်း သတိဝင်ကာဧည့်ခန်းမှ ထွက်ပြေးရလေသည်။ ထိုအမျိုးသမီးကတော့ တစ်လှမ်းချင်း ရှင်မင်းနောက် လိုက်လာနေဆဲ. .

ရှင်မင်းမှာ ဘုရားခန်းနှင့် တွဲထားသော ဟောခန်းထဲ ပြေးဝင်ပြီး တံခါးပိတ်ထားလိုက်သည်။ တံခါးက မှန်တစ်ဝက် သစ်သားတစ်ဝက်ဖြစ်နေ၍ ထိုမိန်းမ ဟောခန်းရှေ့ လာရပ်နေတာကို မြင်နေရ၏။

တံခါးဖွင့်ပြီး ဝင်မလာ၍ တော်သေးသည်။ သို့သော် ဆံပင်အားလျားနှင့် မိန်းမဆီမှ အသံတိုးသဲ့သဲ့လေးကို သူမကြားလိုက်ရသည်။ သူမကို တစ်ခုခု လှမ်းပြောနေသော အသံမျိုးဖြစ်၏။

သေချာနားစိုက်ထောင်ကြည့်မှ 'ကျွန်မကိုကယ်ပါ'ဟု ပြောနေခြင်းဖြစ်သည်။

သရဲကို အကူအညီပေးရဲလောက်သည်အထိတော့ သူမသတ္တိမကောင်းတာ သေချာ၏။ ထို့အတွက် မျက်စိမှိတ်ကာ မေတ္တာပို့ပေးနေလိုက်သည်။

ခဏနေမှမျက်စိဖွင့်ကြည့်လိုက်သည်။ အခန်းအပြင်တွင်


www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီး ရှိမနေတော့။ အန္တရာယ်ကင်းသွားတော့ အပေါ်ထပ်၌ တစ်ယောက်ထဲအိပ်နေသော သားအတွက် စိတ်ပူသွားသည်။ ထို့အတွက် အရဲကိုးပြီး ဟောခန်းထဲမှ ထွက်လာခဲ့၏။

အပြင်ဘက်တွင် ဘာအရိပ်အယောင်ကိုမှ မတွေ့၊ ထို့အပြင် တီဗွီမှာလည်း ဇတ်လမ်းက ပုံမှန်အတိုင်းလာနေ၏။

စောစောကအဖြစ်မှာ တကယ်မှ ဟုတ်ပါလေစဟုပင် သံသယဝင်မိသည်။ ရှင်မင်း တီဗွီနှင့် မီးချောင်းများ ကမန်းကတန်း ပိတ်လိုက်ပြီး အိမ်ပေါ်သို့ အပြေးတက်လာခဲ့သည်။

သားကို အိပ်ယာပေါ်တွင် ပုံစံမပျက် တွေ့လိုက်ရမှပဲ ရှင်မင်း စိတ်အေးလက်အေး ဖြစ်သွားတော့သည်။ တံခါးကို အသေအချာပိတ်ပြီး နောက်တစ်ကြိမ် သားဘေးတွင် ဝင်အိပ်လိုက်ရသည်။ အိပ်ယာထဲလှဲရင်း သားကို ဖက်ထားရ၍လားမသိ၊ လုံခြုံမှုရှိသွားသလို ခံစားရသည်။

မေတ္တာပို့ခြင်းကို အဆက်မပြတ်ပြုလုပ်ရင်း လုံခြုံသည်ထက် လုံခြုံအောင် စည်းချနေမိသည်။ အချိန်က (၁)နာရီကျော်သွားပြီ လူကလည်း နွမ်းနေပြီမို့ ရှင်မင်း ဘယ်လိုအိပ်ပျော်သွားမှန်းပင် မသိလိုက်တော့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

**သား**ကျောင်းမှအပြန် လားရှိုးသူဆိုင်၌ ရှမ်းခေါက်ဆွဲ ဝင်စားကြသည်။ သားလက်ထဲ ပုံတစ်ပုံပါလာ၍. .

"သား ဒီနေ့ ဘာပုံတွေဆွဲလာလဲ မေမေ့ကိုပြပါအုံး"

ပြည့်စုံက သူ့လက်ထဲမှစာရွက်ကို ရှင်မင်းအားလှမ်းပေး၏။

ရှင်မင်း ပုံကိုကြည့်အပြီး. .

"သားကလည်း ဒီပုံကြီးပဲဆွဲနေပါလား"

ရေကန်နှင့် အိမ်တစ်လုံးပုံပင်ဖြစ်နေသည်။ ထိုရှင်ဆိုင်ထဲ



www.burmeseclassic.com

www.burmeseclassic.com


သို့ မူယာဝင်လာကာ ရှင်မင်းတို့သားအမိနား ရောက်လာ၏။

"ရှင်မင်းကိုတောင်းပန်မလို့ အတော်ပဲ"

ပြောပြောဆိုဆိုနှင့် စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ရှင်မင်းလည်း မတွေ့တာကြာပြီမို့ စကားတွေဖောင်ဖွဲ့ပြောနေမိသည်။ ပြောနေစဉ် မူယာ့အကြည့်က ပြည့်စုံလက်ထဲမှပုံဆီ အကြည့်ရောက်သွား၏။

"ဟင်. . ဒီပုံက သားဆွဲတာလား"

"ဟုတ်"

ပလုတ်ပလောင်းစားနေရင်း ပြည့်စုံ ပြန်ဖြေလိုက်သည်။

"ခဏပြပါအုံးသား၊ အန်တီကြည့်ချင်လို့"

မူယာက သူဆွဲထားသည့်ပုံကို လှမ်းယူကာ အသေအချာကြည့်နေသည်။ ကြည့်ရင်း အံ့ဩသွား၏။

"မူယာ ဘာဖြစ်လို့လဲ"

"ဒါ. . ဒါ. . နင့်သားဆွဲတာဟုတ်လား၊ ရှင်မင်း"

"ဟုတ်တယ်လေ. . သားဒီပုံကိုပဲ အမြဲဆွဲနေတာ"

"အဲဒါ ငါတို့နေတဲ့အိမ်၊ ကိုကျော်စိုးရဲ့အိမ်ဟ၊ သား. . သားက အန်တီတို့အိမ် ရောက်ဖူးလို့လား"

မူယာ့အပြောကြောင့် ရှင်မင်းလည်း အံ့အားသင့်သွားကာ သားကို မယုံနိုင်သလို ကြည့်မိသည်။

"ဘယ်လိုလုပ်ရောက်ဖူးမှာလဲ၊ ငါတောင်မသိတဲ့ဟာ"

"နင့်သားဆွဲထားတဲ့ပုံအရ. . ကန်နဲ့အိမ်က ငါတို့ခြံထဲ ရှိနေတာ. . တပုံစံထဲပဲ ရှင်မင်း"

"ဟုတ်ရဲ့လားဟယ်"


www.burmeseclassic.com

www.burmeseclassic.com



"အကုန်လုံး ချွတ်စွပ်တူနေတဲ့ဟာ"

မူယာ့အပြောက သေချာနေပြီမို့ ရှင်မင်းလည်း မပြောတော့ပေ. .

"ဒါနဲ့ ဆရာသော်တာရဲ့ အမျိုးသမီးပျောက်နေတာ ဘာသတင်းထူးသေးလဲ. ."

မူယာက ခေါင်းခါပြရင်း. .

"သိပါဘူးဟာ. ။ နဒီလှိုင်းဆိုလို့ ပြောရအုံးမယ်၊ နဒီလှိုင်းက ကိုကျော်စိုးရဲ့ ရည်းစားဟောင်းလေ၊ သူတို့ မန္တလေးတက္ကသိုလ်မှာတွေ့ပြီး တွဲခဲ့ကြတာ၊ (၂)နှစ်လောက်ကြာတယ်၊ နဒီကလည်း ရည်းစားများတယ်ဟာ၊ အရမ်းလည်း ဆိုရှယ်ကျတာဆိုတော့ လင်ငယ်နောက်လိုက်သွားတာ နေမှာပေါ့၊ အဲဒါပဲ ကောင်းပါတယ်"

ထိုစဉ် လမ်းပေါ်မှ ကျော်စိုးရဲ့ကား ဖြတ်သွားတာတွေ့၍ မူယာ ပျာပျာသလဲထရပ်ကာ. .

"ဟဲ့. . ငါသွားမှဖြစ်တော့မယ်. . ဟိုမှာတွေ့လား"

"အေးပါ. ."

မူယာ ဆိုင်ထဲမှထွက်ကာ တုတ်တုတ်တစ်စီးကို အမြန်လှမ်းတား၍ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

သဘာဝကို ကျောင်းပို့ပြီး ပြန်ရောက်သည်နှင့် တစ်ခုတည်းသော အားကိုးရာအဖြစ် ဘုရားဝတ်ပြု မေတ္တာပို့ခြင်းကိုသာ လုပ်နေမိသည်။

"ဆရာမ . . ဆရာမ . . ."

ဝေနေယျ သတ္တဝါအပေါင်းနှင့် အိမ်တွင်ခြောက်လှန့်နေသည့် ဝိညာဉ်အား အထူးပြုမေတ္တာပို့နေခိုက်မှာပင် ခေါ်သည့်အသံကြားရ၏။ ထကြည့်တော့ ထူးထူးဆန်းဆန်း ခေါ်သည့်တွေကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။

ဦးဇော်(ခေါ်)မိုက်ကယ်လ်ဇော်ဖြစ်ပြီး. . နောက်မှ ဆရာ ကိုသော်တာနှင့် စခန်းမှူးဦးမြဒင်တို့သုံးယောက် ဖြစ်နေသည်။ ဒီလူ တွေစုပြီး အလည်လာတာ မဟုတ်မှန်းသိ၍. .

"ဟော. . လူစုံတက်စုံပါပဲလား. . ကြွပါရှင်၊ ကိစ္စအထွေ အထူးရှိလို့ ရောက်လာကြတာထင်ပါရဲ့"

ထိုလူတသိုက်အား အိမ်ပေါ်သို့ဖိတ်ခေါ်ကာ ဟောခန်းအ တွင်း နေရာပေးလိုက်သည်။ ဦးဇော်နှင့် ကိုသော်တာက ရှင်မင်းကို သာ စူးစိုက်ကြည့်နေကြသော်လည်း ရဲအရာရှိကတော့ ဟောခန်းကို အသေအချာကြည့်ကာ လေ့လာအကဲခတ်နေသည်။

"ပြောပါဆရာ၊ ကျွန်မ ဘာများကူညီရမလဲ"

ရှင်မင်းက လာသည့်ဧည့်သည်သုံးယောက်ထဲမှ သူနှင့်ရင်း နှီးသော ဆရာသော်တာကို စမေးလိုက်၏။

"အကူအညီတောင်းချင်လို့ပါ ဆရာမ"

ကိုသော်တာ ဆက်မပြောသေးဘဲ ဦးဇော်ကိုလှည့်ကြည့် လိုက်၍. . ဦးဇော်က စကားဆက်လေသည်။

"ဒီလိုပါ. . ကျုပ်ရဲ့သမီး ပျောက်သွားတဲ့အကြောင်းတော့ ဆရာမ ကြားမိမှာပါနော်"

"ဟုတ်. . ကြားပါတယ်"

"အင်း. . အဲဒါ"

ဦးဇော် ဆက်ပြောဖို့ စကားလုံး ရွေးချယ်နေစဉ်မှာပင် ရဲအ ရာရှိ ဦးမြဒင်က ဝင်ပြောပြန်သည်။

"ဒီလိုပါ. . နဒီလှိုင်း ပျောက်နေတဲ့ အမှုမှာ ကျုပ်တို့အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာရှိတာတွေကို အပူတပြင်း ဆောင်ရွက်နေပါတယ်၊ ဒါပေ
မယ့် ရက်တွေကြာလာတဲ့အပြင် ဘာထူးခြားမှုမှမတွေ့ခဲ့ပါဘူး"

ဦးမြဒင်က ဆောင်းထားသော ဦးထုပ်ကိုချွတ်လိုက်ရင်း . .

"ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီလိုအကြားအမြင်တို့ ဗေဒင်တို့ကို ကျုပ်လုံးဝမယုံပါဘူး၊ ဒါ ဆရာမရဲ့ပညာကို စော်ကားတာမဟုတ်ဘူးနော်၊ ကျွန်တော့်သဘောထားကို ပြောတာပါ၊ ဒါပေမယ့် ဦးဇော်နဲ့ ကိုသော်တာက ဖြစ်နိုင်သမျှ နည်းလမ်းစုံကိုသုံးပြီး နဒီလှိုင်ကို ရှာချင်နေကြတယ်"

ဆရာသော်တာကတော့ အားတုံ့အားနာဟန်နှင့် . .

"ဆိုလိုတာက ကျွန်တော့် မိန်းမနဲ့ပတ်သက်ပြီး အကြားအမြင် ကြည့်ချင်လို့ပါ"

"ကျုပ်သမီးရဲ့ ကားကိုတော့ ရှာတွေ့ပါပြီ၊ မြို့စွန်က ခြုံတောထဲမှာ ထိုးထားတာ၊ ကျုပ်တအား စိတ်ပူမိတယ် ဆရာမရယ်၊ သမီး ပြန်ပေးဆွဲခံရတာလား . ၊ တစ်ခုခုများဖြစ်နေပြီလားမသိဘူး"

"ကျွန်မ ကြိုးစားကြည့်ပါ့မယ်"

ရှင်မင်း ပြူတင်းပေါက်ဘောင်ပေါ် ဖယောင်းတိုင်တစ်တိုင်ကို အရင်ထွန်းသည်။ ပြီးမှ ကိုသော်တာကို လှမ်းကြည့်လိုက်ပြီး . .

"ဆရာတို့ ဘယ်တုန်းက လက်ထပ်ခဲ့ကြတာလဲဟင်"

"အင်း . . ပြီးခဲ့တဲ့နှစ် ဇွန်(၂၀) ရက်ကပါ"

ရှင်မင်းက ဟီဘရူးတို့ အသုံးပြုသော တဲရော့ကတ်များကို ထုတ်ယူလိုက်သည်။ ထိုကဲရော့ကတ်ထုပ်ကို ကလဖန်ထိုး၍ ဖဲဝေသလို သုံးအိမ်ဝေလိုက်၏။ သုံးချပ်စလုံး ရေလှိုင်းပုံကားချပ်များ ဖြစ်နေသည်။ မျက်စိစုံမှိတ်ကာ အာရုံပြုပြီးနောက် . .



www.burmeseclassic.com

www.burmeseclassic.com



"ခြံစည်းရိုးတစ်ခုကို မြင်ရတယ်၊ ရထားသံလမ်းနဲ့ ကားလမ်းဆုံတဲ့နေရာမှာ ပိတ်တဲ့သံတံခါးနဲ့ ခြံစည်းရိုး၊ အင်း . . အဲဒီတံခါးက လှေဦးတိုက် လှည်းဦးတိုက်လို နေရာမျိုးမှာရှိနေတာ"

"အဲလို ခြံစည်းရိုးနဲ့တံခါးတွေ ဒီမြို့မှာ အများကြီးပဲလေ ဆရာမရဲ့၊ ဘယ်လိုလုပ် လိုက်ရှာလို့ရမှာလဲ"

ဦးမြဒင်က ရဲပီပီ တိကျသောအဖြေ ခိုင်မာသော သက်သေမျိုးကိုသာ လိုချင်ပုံရသည်။ ရှင်မင်းက ဆက်၍ . .

"ခြံစည်းရိုးရှေ့ ဝင်ပေါက်ဘေးတစ်ဖက်တစ်ချက်မှာ ခေါင်းလောင်းပုံ ပန်းအဖြူတွေ တွေ့တယ်၊ သေချာစိုက်ထားတာ၊ အပင်က မြေကပ်ပင်မျိုး အပွင့်ကကြီးတယ်"

ရှင်မင်းပြောတာ နားထောင်ပြီး ဦးဇော် စိတ်လှုပ်ရှားသွားသည်။

"အဲ . . အဲဒါ ဘယ်နေရာဖြစ်နိုင်မလဲ ဆရာမ၊ သမီးက အဲဒီခြံထဲ ရောက်နေတာပေါ့"

ရှင်မင်း ခေါင်းခါကာ ထပ်အာရုံစိုက်ကြည့်သည်။

ဘာမှထပ်မတွေ့ရတော့မှ . .

"ကျွန်မမြင်တာ ဒါအကုန်ပါပဲ ဦးဇော်"

"ဆရာမပြောတဲ့နေရာကို ကျုပ်တို့က ဘယ်လိုသွားရှာရမှာလဲ၊ အတိအကျတော့ ပြောပါအုံး . ."

ဦးမြဒင်က စိတ်မရှည်သလို ဝင်ပြောလာသဖြင့် . .

"ဦးမြဒင်ပြောတာ မှန်ပါတယ်၊ ကျွန်မအခုချိန်မှာ သဘောဓိအားနည်းနေလို့ စိတ်မကောင်းပါဘူး"

ဦးဇော်တို့လည်း ခေါင်းငိုက်စိုက်ကျကာ ပြန်သွားကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအချိန်တွင်. . ထွန်းထားသော ဖယောင်းတိုင်မှာ တစ်ယောက်ယောက်မှုတ်လိုက်သလို ချက်ချင်းမီးငြိမ်းသွားလေတော့၏။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

သာဂါ နှင့်အတူ မန္တလေးသို့ ဆင်းလာခဲ့သည်။ သားတို့ ကစားကွင်းလိုက်ပို့ပေးရန်လည်းပါ၏။ ဒီလမ်းတွေကို အခေါက်ခေါက်ခါခါ မောင်းဖူးထားပြီးသားမို့ သူ့အတွက်မခက်ခဲတော့. .

မြွေလိမ်မြွေကောက် တောင်အဆင်းလမ်းအတိုင်း မောင်းလာခဲ့စဉ် သားက ရှုခင်းများကြည့်ကာ တိတ်ဆိတ်စွာ လိုက်ပါလာသည်။ ပြင်ဦးလွင်မြို့နယ်ထဲမှ အုန်းချောကိုအဖြတ်တွင် သားက ဗိုက်ဆာသည်ပြော၍ ဆိုင်တစ်ဆိုင်မှာ ဝင်နားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်း အအေးတစ်ဗူးသာသောက်၍ စောင့်နေလိုက်သည်။ သားကတော့ ဗိုက်ဆာဆာနှင့် ငုံ့စားနေ၏။ ရှင်မင်း စိတ်ပျံ့လွင့်စွာနှင့် မြင်သမျှကို စိတ်မဝင်စားဘဲ ငေးနေမိသည်။

ထိုစဉ် အအေးဗူးက ရှင်မင်းရှေ့မှ ခြောက်လက်မလောက် အကွာအထိ အလိုလို ရွေ့သွား၏။

ရှင်မင်းရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ခေါက်ဆွဲငုံ့စားနေသောသားလေး မမြင်သော်လည်း ထိုအဖြစ်ကြောင့် ရှင်မင်း စိုးရိမ်သွားသည်။

ထို့နောက် ဆက်ထွက်လာခဲ့ရာ မန္တလေးမြို့ထဲဝင်လာ၏။ Diamond Plaza အရောက် လိုအပ်သည်များ ဆင်းဝယ်ရသည်။

"မေမေ . . မေမေ . . သား ကင်မရာတစ်လုံးလောက် လိုချင်တယ်"

BURMESE CLASSIC

ရှင်မင်း ဦးနှောက်ထဲ ပေသီးခေါက်သံတွေ တကျက်ကျက် မြည်လာသည်။ ငွေရေးကြေးရေးထက် သားအတွက် အကျိုးရှိမရှိကို ဇောင်းပေးတွက်မိ၏။ တကုတ်ကုတ်နှင့် မရဏအငွေ့အသက်ပါသော ပုံတွေရေးနေမည့်အစား ဓာတ်ပုံရိုက်နေတာက တော်ဦးမည်ဟုယူဆကာ ကင်မရာဝယ်ပေးလိုက်၏။

ကင်မရာလေးကိုင်ကာ ပြည့်စုံအတော်ပျော်နေ၏။ ထိုစဉ် အပေါ့သွားချင်လာသဖြင့် ပြည့်စုံလေး အမေ့ကိုပြောကာ Toilet ထဲဝင်လာခဲ့၏။

ဆီးသွားရသည့်ကြွေခွက်များက သူ့အရပ်နှင့်မမှီအောင်မြင့်နေသည့်အတွက် အိမ်သာခန်းအတွင်း ဝင်ခဲ့သည်။ အိမ်သာအားလုံးက ဘိုထိုင်ကြွေကမုတ်များဖြစ်၏။ ပြည့်စုံ အပေါ့သွားပြီးကြိုးပမ်းခိုက်



www.burmeseclassic.com

www.burmeseclassic.com


ကမုတ်အတွင်းမှရေများ ဝဲကတော့လှည့်သလို လှုပ်ရှားဆူပွက်ကာ ရေများပန်းထွက်လာသည်။ ပြည့်စုံ အလန့်တကြားနှင့် နောက်ဆုတ်ရှောင်လိုက်ရ၏။

ပြည့်စုံ အပေါ့သွားဖို့ မကြိုးစားတော့ဘဲ အိမ်သာထဲက ထွက်မည်အလုပ် မိန်းမတစ်ယောက် ဝင်လာတာတွေ့၍ ခြေလှမ်းတွေ တုန့်သွားသည်။

ထိုမိန်းမပုံစံက ဆံပင်ဖားလျားနှင့် တစ်ကိုယ်လုံး ရေတွေစိုရွှဲလျက်ရှိ၏။

တီဗွီထဲမှထွက်လာသော အမျိုးသမီးပင်တည်း. .

ပြည့်စုံ ကြောက်ကြောက်နှင့် လက်ထဲက ကင်မရာခလုတ်ကို ဖိနှိပ်မိသွားသည်။

"ဖလပ်. . ဖလပ်. . ချပ်"

အလင်းရောင်တွေ တဖျတ်ဖျတ်ထွက်လာပြီး၊ ဓာတ်ပုံတွေ အဆက်မပြတ်ရိုက်နေ၏။ ထိုအမျိုးသမီးက ရှေ့သို့တစ်လှမ်းခြင်း တိုးလာနေချေပြီ။

"သား. . ဘာလုပ်နေတာလဲ"

အိမ်သာထဲဝင်တာကြာ၍ အရဲစွန့်ကာ လိုက်ဝင်လာသော ရှင်မင်းကြောင့် ပြည့်စုံလေး သက်သာရာရသွားသည်။ စောစောက ရေစိုအမျိုးသမီးလည်း ပျောက်ခြင်းမလှ ပျောက်သွားလေပြီ။

ရှင်မင်းလည်း ကားကို ခပ်မြန်မြန်ပင် မောင်းလာခဲ့၏။ အုန်းချောမှအထွက်တွင် နွားပေါက်လေးတစ်ကောင် လမ်းလယ်၌ ရပ်နေ၍ ကားကိုအရှိန်သတ်ပြီး ဟွန်းတီးကာ စောင့်နေရ၏။

ထိုအခိုက် လမ်းဘေးတွင် မြက်စားနေ နွားအုပ်ထဲမှ နွား


www.burmeseclassic.com

www.burmeseclassic.com


မကြီးတစ်ကောင် ပြေးထွက်လာကာ သားဘက်ခြမ်းမှ ကားတံခါးကို ဦးခေါင်းနှင့်ဝှေ့ကာ ဝင်တိုက်တော့သည်။

"ဒုန်း!. ."

"မေမေ. . မေမေ. . မောင်း. . မောင်းတော့၊ ကားမှန်ကွဲတော့မယ်"

သား၏ သတိပေးသံကြားမှ ရှင်မင်း လီဘာဆောင့်နင်းရမှန်းသိတော့သည်။ သည်းထိတ်ရင်ဖိုဖြစ်ရပ်ကြောင့် သားအမိနှစ်ယောက်လုံး ကြောက်အားပိုကာ တုန်လှုပ်နေကြသည်။ နောက်ထပ်ဘယ်လိုအန္တရာယ်မျိုးမှ မကြုံတွေ့ပါရစေနဲ့ဟုသာ ဆုတောင်းရင်းဆက်မောင်းခဲ့၏။ ညနေလောက်မှာ မြင်ဦးလွင်သို့ ပြန်ရောက်သည်။

ညကိုးနာရီလောက်၌ စာကြည့်စားပွဲပေါ် မှောက်အိပ်နေသော သားကိုချီပိုးကာ အိပ်ခန်းသို့ ပို့ရသည်။ ဒီတော့ ခုံပေါ်တင်ထားသည့် သားကင်မရာလေးကိုတွေ့ကာ ဘာပုံတွေရိုက်ထားသလဲဟု ယူကြည့်မိသည်။

"ဟင်!. ."

အိမ်သာထဲ တဖြည်းဖြည်းရှေ့တိုးလာနေသော မိန်းမတစ်ယောက်၏ ပုံများဖြစ်နေသည်။ ထိုအမျိုးသမီးကို သူမမြင်ဖူးသလိုရှိ၏။ ထိုမိန်းမပုံမှာ ဝိုးတဝါး ပေါ်နေခြင်းဖြစ်၏။

မရဏအငွေ့အသက်တွေနှင့် ဝေးစေချင်၍ သားကို ကင်မရာ ဝယ်ပေးကာမှ ကင်မရာထဲ သရဲကရောက်နေပြန်သည်။ ရှင်မင်း လွန်စွာ စိတ်ရှုပ်ထွေးသွား၏။ ပင်လည်းပင်ပန်းနေပြီမို့ သားဘေးက နေရာလွတ်မှာ ဝင်လှဲလိုက်သည်နှင့် ချက်ချင်းအိပ်ပျော်သွားတော့သည်။ သို့သော် ရုပ်ခန္ဓာသာ အိပ်ပျော်သွားခြင်း ဖြစ်ပုံရသည်။ သူ့အ


www.burmeseclassic.com

www.burmeseclassic.com


တွေးလျှဉ်တွေက လူးလွန့်လွင့်ပါးလျက်ရှိ၏။

ထိုအိပ်မက်ဆန်ဆန် အတွေးလျှဉ်ထဲ. . သူမတစ်ယောက်တည်း လျှောက်သွားလို့နေသည်။ ရောက်ဖူးသည့်နေရာ မြင်ဖူးသည့် မြင်ကွင်းများကြောင့် ပြင်ဦးလွင်မှာပင် လျှောက်သွားနေခြင်း ဟု သိနေသည်။

တစ်နေရာအရောက် ခြံဝင်းတစ်ခုအဝင်ဝ၌ မြေကပ်ပန်းပင်များ စိုက်ပျိုးထားတာကို တွေ့သည်။ အတော်ကြီးမားသော ပွင့်ချပ်ငါးချပ်ပါသည့် အဖြူရောင်ပန်းများ ပွင့်နေသည်။ ထိုပန်းကို သဘောကျသဖြင့် တစ်ပွင့်ခူးလိုက်သည်။ လှလွန်းသဖြင့် အနံ့အသက်ကို သိချင်လာကာ နမ်းရှူကြည့်မိသည်။

"ဟင်!. . "

ပန်းကို မနမ်းမိခင်မှာပင် ချက်ချင်းညှိုးနွမ်းသွား၏။ ရှင်မင်း ပန်းကို လွှတ်ချလိုက်သည်။ ကြောက်လန့်ပြီး နောက်ဆုတ်သွားရာ ခြံတံခါးရှေ့တည့်တည့်သို့ ရောက်သွားသည်။

ခြံတံခါးက ရထားလမ်းနှင့် ကားလမ်းဆုံများတွင် တားသည့် သံတံခါးပုံစံမျိုးဖြစ်သည်။ အတားအဆီး သဘောမျိုးသာဖြစ်ပြီး လုံခြုံမှုမရှိ၊ ဂျိတ်ကလေးသာ ချိတ်ထားသဖြင့် မည်သူမဆို အချိန်မရွေး ခိုးဝင်လို့ရနေသည်။ ခြံဝမှ အတွင်းသို့ လှမ်းကြည့်လိုက်စဉ် မြင်လိုက်ရသည့် အိမ်တစ်လုံးကြောင့် အံ့အားသင့်သွားရသည်။

ဒါ သားလေးဆွဲထားတဲ့ ပန်းချီကားထဲက အိမ်ပါလား၊ ထို့ပြင် မူယာ့ယောက်ျား ကျော်စိုးရဲ့အိမ်လည်း ဖြစ်နေပြန်သည်။ ဒီအိမ်နှင့် သူတို့သားအမိကို ခဏခဏ ကိုယ်ထင်ပြကာ အကူအညီတောင်းနေသော အမျိုးသမီးက ဘယ်လိုများ ပတ်သက်နေသလဲဆိုတာ


www.burmeseclassic.com

www.burmeseclassic.com


ရှင်မင်း တွေးမရဖြစ်နေ၏။ အဖြေကိုသိရအောင် ခြံတံခါးဖွင့်ကာ ဝင်လာခဲ့သည်။

ခြံကအတော်ကျယ်ပြီး အိမ်ကိုသာ လုံလုံခြုံခြုံရှိအောင် လုပ်ထားပုံပေါ်သည်။ သတ္တိမရှိသော ကျော်စိုးက ထိုနေရာတွင် မူယာနှင့် နှစ်ယောက်ထဲလာနေသည်ကို ရှင်မင်း အံ့ဩမိသည်။

မြင်နေရသော ရှေးပုံစံနှစ်ထပ်အိမ်ကြီးက သက်တမ်းရင့်နေပြီဖြစ်သော်လည်း ကြံ့ခိုင်နေဆဲပင် ဖြစ်သည်။ အိမ်နှင့်ခပ်လှမ်းလှမ်းမှာတော့ ရေကန်တစ်ကန်ကို တွေ့လိုက်ရသည်။ ရေကန်က မကြီးလွန်း မသေးလွန်း၊ ပေတစ်ရာပတ်လည်ခန့်ရှိမည်၊ ရေအနက်ကိုတော့ ခန့်မှန်း၍မရ။

ကန်၏အလှက ဆွဲဆောင်မှုရှိလှသဖြင့် ရှင်မင်း ကန်စပ်အထိ တိုးကပ်လာခဲ့သည်။ ကန်ဘေးတွင် ခုတ်လှဲထားဟန်တူသော သစ်တုံးတစ်တုံး ရှိနေသည်။ ထိုသစ်တုံးတွင် သွေးများပေကျံနေ၏။ ထိုသစ်တုံးဘေးတွင် သစ်တုံးဆွဲရန်ချထားသော သံကြိုးကြီးများကိုလည်းတွေ့၏။ ထူးဆန်းစွာ သံကြိုးတွေလည်း သွေးတွေပေကျံလျက်ရှိ၏။

ကြည့်ရင်း. . ဒီနေရာမှာ တစ်ယောက်ယောက် ဒဏ်ရာရခဲ့သလား၊ သို့တည်းမဟုတ် အသတ်ခံခဲ့ရသလားဆိုတာ သံသယဖြစ်စရာ ကောင်းနေပြန်သည်။

"မင်း သိပ်စပ်စုတဲ့ မိန်းမပါလား"

သွေးကွက်တွေအား အာရုံရောက်နေစဉ် ရုတ်တရက် အသံကြားလိုက်ရသဖြင့် စိုးထိတ်စွာ လှည့်ကြည့်မိ၏။ မလှမ်းမကမ်းတွင် လူတစ်ယောက်ကို တွေ့သည်။ သို့သော် အလှမ်းဝေးပြီး မှောင်ရိပ်ကျ


www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် ဘယ်သူဘယ်ဝါဆိုတာ မသိရ။

ရှင်မင်း အန္တရာယ် အငွေ့အသက်ကို ခံစားလိုက်ရသဖြင့် ထွက်ပြေးဖို့ ကြိုးစားရတော့သည်။ ထိုလူ သူ့နောက်သို့ ပြေးလိုက်လာတာ ရိပ်ခနဲ မြင်လိုက်သဖြင့် ရှင်မင်း အသည်းအသန် ထွက်ပြေးခဲ့သည်။ ခြံဝရောက်လုလုတွင် ရှင်မင်း ခြေခေါက်ကာ ချော်လဲတော့၏။

ကြောက်စိတ်နှင့် လူးလဲအထတွင် နောက်မှလိုက်လာသူက သူ့မဗိုက်အား လက်သီးဖြင့်ထိုးလေ၏။

"အင့်!. ."

နာကျင်စွာအောင့်သွားပြီး ရှင်မင်း ထိုနေရာမှာပင် ခွေခွေလေးလဲကျသွား၏။

"မင်း မနေနိုင်မထိုင်နိုင် ဘာလို့ ငါ့အိမ်ထဲ ခိုးဝင်ရတာလဲ"

ပါးစပ်ကလည်းအော်ရင်း ကျော်စိုး သူ့အပေါ် အုပ်မိုးကာ လည်ပင်းညှစ်လေ၏။

"နင်. . သေမှအေးမှာ. ."

"အား. . ကျွန်မကိုမသတ်ပါနဲ့"

ရှင်မင်း အလန့်တကြားနှင့် တောင်းပန်အော်ဟစ်နေသည်။ အော်ဟစ်ရင်းနှင့်ပင် အသက်ဘေးမှလွတ်အောင် ကန်ကြောက်ရုန်းထွက်နေရ၏။ ကုတင်ပေါ်မှာ ခြေဆောင့်လက်ယမ်းကာ အလန့်တကြား ရုန်းမိတော့မှ ရှင်မင်း လန့်နိုးသွား၏။

အသက်လုပွဲကြုံတွေ့ခဲ့ရသည့် အဖြစ်ဆိုးကို အိပ်မက်ဟုသိလိုက်ရချိန်တွင် ရှင်မင်း ပြောမပြတတ်အောင် ဝမ်းသာသွား၏။ သားက နှစ်ခြိုက်စွာအိပ်နေသော်လည်း ရှင်မင်း အိပ်မရတော့။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ကို ပြန်စဉ်းစားရင်း ကျော်စိုးလက်တွင် လက်ပတ်နာရီ မပက်ထားဘူးဆိုတာ ရှင်မင်း သတိထားမိလိုက်သည်။

တစ်ကိုယ်လုံး ချွေးစေးတွေ ပြန်နေသလို အသက်ရှူမဝဘဲ မွန်းကြပ်နေသည်မို့ ရှင်မင်း အိပ်ခန်းထဲမှ ထွက်လာခဲ့၏။ မောဟိုက်နွမ်းနယ်မှုကိုလည်း ခံစားနေရသည့်အတွက် ရေအေးအေးသောက်မည် စိတ်ကူးနှင့် အောက်ထပ်ဆင်းလာခဲ့သည်။ အသက်ရှူမဝဘဲ မွန်းကြပ်ကြပ် ဖြစ်နေသဖြင့် တံခါးဖွင့်ကာ အိမ်ပြင်ထွက်လိုက်သည်။

တိုက်ဆိုင်စွာပင် ဆူဆူညံညံ ခွေးအူသံတွေ ကြားလိုက်ရသည်။ ရှင်မင်း ကြက်သီးဖြန်းဖြန်း ထသွား၏။ သို့သော် ခွေးအူသံက ချက်ချင်းဆိုသလို တိတ်သွား၍ ရှင်မင်း ကြောက်စိတ်လျော့သွားကာ ခြံထဲဆင်းလာခဲ့၏။ ခြံထောင့် စိန်ပန်းပင်အောက်မှ ခုံတန်းတွင် ဝင်ထိုင်ကာ လေညှင်းခံနေလိုက်သည်။ ထိုအခါမှ အိပ်မက်အကြောင်းကို ပြန်တွေးမိပြန်၏။

ကျော်စိုး၏ခြံနှင့် အိမ်ကြီးကို သားကပုံဆွဲပြသလို. . သူကလည်း အိပ်မက်မက်သည်။ အပြင်လောကတွင် အဆက်အစပ် သိပ်မရှိသလို သွားလာလည်ပတ်ခြင်းလည်းမရှိ၊ စိတ်စွဲမှုလည်း မရှိဘဲနှင့် ဘာကြောင့် အိပ်မက်မက်ရပါသနည်း။

အိပ်မက်နှင့်ဆက်နွယ်ပြီး တွေးနေမိစဉ် သူ့လက်ခုံပေါ်သို့ ရေတွေတစ်ပေါက်ပြီးတစ်ပေါက် ကျလာ၏။ ရေကျလာရာ အပင်ပေါ်သို့ ရှင်မင်း မော့အကြည့်. .

"အမလေး!. ."

ရေလွှာပြင်ကြီးတစ်ခုက သူ့မခေါင်းပေါ်ရောက်နေ၏။ ထိုရေထဲနစ်မြုပ်နေသော ဝတ်လစ်စလစ်မိန်းမတစ်ယောက်၊ ထိုအမျိုး



www.burmeseclassic.com

www.burmeseclassic.com


သမီးကို ရှင်မင်း သေချာသိ၏။ သူမကား. . ပျောက်ဆုံးနေသော နဒီလှိုင်းပင်ဖြစ်တော့သည်။ တစ်ကိုယ်လုံးပြာနှမ်းကာ ရေအောက်တွင် ရောက်နေပုံပေါ်သည်။

ထိုစဉ် ရေထဲမှ နဒီလှိုင်း၏အလောင်းမှာ ရုတ်တရက် မျက်လုံးများဖွင့်လာလေရာ. .

"အမလေး!!. ."

ရှင်မင်းလည်း ထိုနေရာတွင် မနေရဲတော့ဘဲ အိမ်ထဲဝင်ပြေးလေသည်။ ဒီတခါ ကိုယ်ထင်ပြလိုက်သည်က အရှင်းကြီး ဖြစ်လေတော့၏။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

**ဆက်**စပ်ကြည့်လျှင် နဒီလှိုင်းပျောက်ဆုံးနေမှုက ကျော်စိုးခြံထဲမှ ရေကန်ကြီးနှင့် ဆက်စပ်နေသည်ဟု ရှင်မင်း ယူဆ သည်။ ယူဆ၍လည်း ထိုရေကန်ထဲ နဒီလှိုင်း၏ အလောင်းရှိသည် ဟု တထစ်ချယုံနေ၏။

"အဟား . . ဆရာမပါလား၊ လာထိုင်ပါ"

စခန်းမှူးဦးမြဒင်က နေရာပေးသဖြင့် ရှင်မင်းသည်အလု စားပွဲရှေ့တွင် ဝင်ထိုင်လိုက်သည်။ ရှင်မင်းက မိန်းမတစ်ယော



www.burmeseclassic.com

www.burmeseclassic.com



သိုက်လံ ခြောက်လှန့်နေကြောင်း၊ ထိုအမျိုးသမီးမှာ နဒီလှိုင်းပင်ဖြစ်ကြောင်း ပြောလေ၏။ ဦးမြဒင် ပြုံးလိုက်ရင်း မယုံသလိုပုံစံနှင့်. .

"ကျုပ်ကတော့ ဒါတွေအယုံအကြည်မရှိဘူး၊ အိပ်မက်တို့ ထင်ယောင်ထင်မှားတို့ဆိုတာ တကယ်မှမဟုတ်တာ. ."

ရှင်မင်း ခေါင်းခါရမ်းရင်း. .

"ကျွန်မဆိုလိုတာက နဒီလှိုင်း သေသွားပြီလို့ ပြောတာပါ၊ နောက်ပြီး သူသေတာက ကိုကျော်စိုးခြံထဲက ရေကန်ထဲမှာလို့ ကျွန်မထင်တယ်"

"ထင်တာက ထင်ချင်သလို ထင်လို့ရတာပဲလေ ဆရာမရဲ့"

"အဲဒီကန်ထဲမှာ တကယ်သေနေတာပါ"

ရှင်မင်းက ယုံကြည်ချက်အပြည့်နှင့် ပြောနေတော့ ဦးမြဒင် အနည်းငယ် ငြိမ်သက်သွားသည်။

"ဆရာမက သေချာလှချေလား"

"ကျွန်မ မြင်တာကိုလာပြောတာပါ၊ ယုံတာမယုံတာ ရှင်တို့ အပိုင်းပဲလေ"

"ဒါဆို ဆရာမက နဒီလှိုင်းကို ကျော်စိုး သတ်တာလို့ပြောချင်တာလား"

"သူ့ရယ်လို့ တစ်ထစ်ချပြောတာ မဟုတ်ပါဘူး၊ အဓိကက အလောင်းရှာဖို့နဲ့ လူသတ်သမားဖော်ထုတ်ဖို့ပါ၊ ကျော်စိုးက နဒီလှိုင်းနဲ့ ရည်းစားဟောင်းလို့ သူ့မိန်းမဆီကတော့ ကြားဖူးပါတယ်"

အကြားအမြင် ဆရာမတစ်ယောက်က သူမနှင့်မဆိုင်ဘဲ အတိအကျ ပြောလာလေတော့. .

"ကောင်းပြီလေ၊ တခြား သဲလွန်စလည်း ဘာမှမရှိတော့. .



www.burmeseclassic.com

www.burmeseclassic.com



ရေကန်ထဲပဲ ရှာကြည့်ရတော့မှာပေါ့၊ ဆရာမလည်း လိုက်ခဲ့ပေးပါ"

"ရပါတယ်. ."

"အင်း. . . ဦးဇော်နဲ့ ဆရာသော်တာကိုလည်း အကြောင်းကြားလိုက်ဦးမယ်၊ ပြီးတော့မှ သွားကြတာပေါ့"

"ကောင်းပါတယ်၊ ဦးမြဒင်"

နောက်တစ်နာရီခန့် အကြာမှာတော့ လူစုံတက်စုံဖြင့် ကျော်စိုးတို့ ခြံကြီးဆီသို့ ရောက်လာခဲ့ကြသည်။ ရှင်မင်းကတော့ ခြံဝင်းအနီးမှ မြေကပ်ပန်းပင်လေးများကိုသာ ကြည့်ရင်း စိတ်လှုပ်ရှားနေမိ၏။ ကျော်စိုး အပြင်သွားနေ၍ မူယာ့အား ခွင့်တောင်းကာ ကန်ထဲရှာဖွေဖို့လုပ်ကြသည်။

ထိုစဉ်. . ဦးဇော်ရော၊ ဆရာသော်တာပါ ထပ်ရောက်ချလာသည်။ ဦးဇော်က စခန်းမှူးဦးမြဒင် အနားလျှောက်သွားကာ. .

"ရှာဖွေဝရမ်းရော ပါရဲ့လား ကိုမြဒင်"

"ကျုပ်က ဥပဒေအတိုင်း အတိအကျ ဆောင်ရွက်တာပါ"

"ခြံပိုင်ရှင်ဆီက ခွင့်ပြုချက်ရော ရပြီလား၊ ကျုပ်က စိုးရိမ်လို့မေးတာ"

"မစိုးရိမ်ပါနဲ့ဗျာ၊ ကျော်စိုး မရှိပါဘူး၊ သူ့မိန်းမဆီက ခွင့်ပြုချက်တော့ ရထားပါတယ်၊ ကျုပ်တို့ရဲ့ လုပ်ငန်းစဉ်ကို ရှင်းပြထားပြီးသားပါ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဆီလည်း အကြောင်းကြားထားပါတယ် ဦးဇော်ရယ်"

ဦးမြဒင် အချက်ပြလိုက်သည်နှင့် ရဲတပ်ဖွဲ့ဝင်များ တင်လှုပ်ရှားလေသည်။ ရာဘာလှေ နှစ်စီးချ၍ တင်းနေအောင် လေထိုးကြ၏။ ထွန်ခြစ်လို ချိတ်ကြီးတွေအား ကြိုးချည်ကာ လှေပေါ်တင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကန်ထဲဆင်း၏။

"စခန်းမှူးရှင့်"

ခေါ်သံကြောင့်လှည့်ကြည့်တော့ မူယာဖြစ်နေ၏။

"ရှင်တို့ဒီမှာလုပ်တာ ဘယ်လောက်ကြာမှာလဲ"

"အဲဒါတော့ အတိအကျ မပြောနိုင်ဘူး၊ ကြာမှာတော့ သေချာတယ် မိန်းကလေး"

ယောက်ျားကြောက်သော မူယာက ခွင့်ပြုပြီးမှစိုးရိမ်စွာ မေးလာသည်။

"ဒုက္ခပါပဲရှင်၊ ကျွန်မယောက်ျား ပြန်လာရင် ပြဿနာတတ်တော့မှာပဲ"

မူယာ ကန္တြေမဆည်နိုင်လောက်အောင်ပင် လန့်နေလေပြီ ဂဏှာမငြိမ်စွာဖြင့် ကန်စပ်၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

ရဲတွေကလည်း လှေပေါ်မှ ချိတ်တံများဖြင့်.ရေထဲပစ်ချကာ တခုခု ငြိတွယ်ပါလာနိုးနှင့် အကြိမ်ကြိမ်ကြိုးစားနေကြ၏။ ကန်ရေမို့ ရေသေဖြစ်သည့်အပြင် ကန်အနီးရှိ အပင်များမှကြွေကျသော အရွက်များအပြင် အကိုင်းများကလည်း ရေစပ်၌စုပုံကာ ဆွေးမြေ့နေသောကြောင့် ပုပ်အဲ့အဲ့ အနံ့တစ်မျိုးကလည်း လေသင့်တိုင်း ရောက်လာကာ အော်ဂလီဆန်နေ၏။

"ဟာ. . တစ်ခုခုတော့ ငြိနေပြီ.ဆရာရေ့"

ရေလယ်ရှိ လှေဆီမှ လှမ်းအော်လိုက်သော အသံကြောင့် စောင့်ကြည့်နေသူအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ဦးဇော်နှင့် ဦးမြဒင်တို့ ရေစပ်နားအထိ ရောက်နေကြပြီး



www.burmeseclassic.com

www.burmeseclassic.com



မူယာကတော့ ရေထဲကထွက်ပေါ်လာမည့်အရာထက် သူ့ယောက်ျား ရောက်လာမည့် အရေးကိုသာ တအုံနွေးနွေးနှင့် စိတ်ပူနေ၏။

ရှင်မင်းလည်း အဖြစ်မှန်ကိုသိချင်စိတ် ပြင်းပြနေသည်။ ထို အချိန်တွင် ရေထဲမှအရာကို တအိအိနှင့် ဆွဲတင်နေကြသည်။ အ တော်အတန်လေးပင်သော အရာတစ်ခု ငြိတွယ်နေပုံရသဖြင့် ရဲတပ် သားမှာ အတော်ပင်အားစိုက်ကာ ဆွဲတင်နေရသည်။

အားလုံး၏ အကြည့်ကလည်း ထိုတပ်သားလက်ထဲမှ ကြိုး ဆီသို့ ရောက်ရှိနေကြသည်။ ကြိုးအထုံးမှ ချိတ်ကြီး ရေပေါ် ထွက် လာသောအခါ. . .

"ဟာ!. ." "ဟင်!. ."

စက်ဘီးဟောင်းတစ်စီး ဖြစ်နေ၍ အားလုံးသက်ပြင်းချရ တော့သည်။

ရဲအဖွဲ့က လက်မလျှော့ဘဲ နေရာပြောင်းကာ ဆက်ရှာ သည်။ ဦးမြဒင်ကတော့ ရှင်မင်းအား လှမ်းကြည့်ရင်း နှုတ်ခမ်းတစ် ချက်မဲ့လိုက်၏။

မျက်နှာငယ်လေးဖြစ်သွားရှာသော ရှင်မင်းအနားသို့ ဆရာ သော်တာ ရောက်လာကာ. .

"ဒီနေ့ ကျောင်းမှာစာမေးပွဲ ရှိတယ်လေ၊ ကျောင်းအုပ်ကြီး ကိုခဏဆိုပြီး ထွက်လာရတာ"

ကိုသော်တာက ပြောရင်း ဆေးလိပ်တလိပ်ကိုထုတ်၍ မီးညှိ ရှိုက်ဖွာလိုက်သည်။

"ဒါနဲ့ ဆရာမကို မေးရအုံးမယ်၊ ကျွန်တော်နဲ့ နဒီရှင်းတို့ ကြားမှာ ထူးဆန်းတဲ့အဖြစ်အပျက်တွေ ဘာတွေမြင်မိသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



နဒီလှိုင်း သေတာမြင်တယ်လို့ ရှင်မင်း ပြောမပြရက်ပါ၊ ခေါင်းခါပြ၍သာ သူမပြန်အဖြေပေးလိုက်၏။ ထိုစဉ် ခြံထဲသို့အရှိန်ပြင်းစွာမောင်းနှင်လာသော ကားတစ်စီးကြောင့် အားလုံးအကြည့်တွေ ကားဆီရောက်သွားကြသည်။

ကျော်စိုး၏ ကားဖြစ်နေသည်။ စခန်းမှူးနှင့် ဦးဇော်တို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး ပျာယာအခတ်ဆုံးကတော့ မူယာပင်ဖြစ်၏။ ကားရပ်သွားသည်နှင့် ကျော်စိုး ကားပေါ်မှ အပြေးဆင်းလာလေသည်။ မူယာ. . ကျော်စိုးအနားပြေးသွားကာ. .

"ကို. . ကို သူတို့က ရှာဖွေဝရမ်းပါတယ်ဆိုလို့. . "

"မင်းပါးစပ်ပိတ်ထားစမ်း မူယာ"

ဆက်လျှောက်လာရာ စခန်းမှူးဦးမြဒင်နှင့် ဦးဇော်တို့အနားအရောက်. .

"နေစမ်းပါအုံး. . ခင်ဗျားတို့ ကျုပ်ခြံထဲ ဘာဝင်လုပ်နေတာလဲ"

"ဒါ. . ရဲအလုပ်ပဲလေ. . ကျော်စိုးရဲ့ မင်းမိန်းမဆီကလည်း ခွင့်ပြုချက် တောင်းပြီးပါပြီ"

ကျော်စိုးက မဲ့ပြုံးပြုံးရင်း. .

"ကျုပ်မိန်းမ ခွင့်ပြုတာနဲ့ ကျုပ်ခွင့်ပြုတယ် ဖြစ်သွားရောလား၊ ခင်ဗျား. . ကျုပ်ကို ခွင့်ပြုချက်တောင်းထားသလား"

ဒီတော့ ဦးမြဒင် ဘာမှပြန်မဖြေနိုင်တော့ဘဲ ကျော်စိုးအားခြေဆုံးခေါင်းဆုံးကြည့်ရင်း. .

"နေစမ်းပါဦး. . .၊ မင်းလက်ဖျံက လက်သည်းရာအရှင်းကြောင်းက ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုး ဒေါသဖြစ်နေခိုက် သူ့လက်သူ ပြန်ငုံ့ကြည့်ရသည်။

"ဒါလား တောကြောင်ကုတ်တာလေ၊ ကျုပ် အမဲပစ်ထွက်ပြီးပြန်လာတာ၊ အဲဒီတောကြောင်ကိုတော့ ကျုပ်ပစ်သတ်လိုက်ပြီ၊ ဘာလဲ ခင်ဗျားက အဲဒီကြောင်သေဝယ်ချင်လို့ မေးနေတာလား"

"နယ်မြေတာဝန်ခံအနေနဲ့ ကိုယ့်နယ်မြေထဲကိုယ် စစ်ဆေးပိုင်ခွင့်တော့ရှိပါတယ် ကျော်စိုး"

ရှူးရှူးရှဲရှဲဖြစ်နေသော ကျော်စိုး . . ရှင်မင်းကို တွေ့သွားကာ ဒေါသမထိန်းနိုင်တော့ဘဲ ပြေးချလာတော့သည်။ ဒါကို လှမ်းမြင်နေသော ရှင်မင်းလည်း ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။

"ဒါ မင်းရဲ့လက်ချက်ပဲကိုး၊ ငါ့မိန်းမကို မဟုတ်တရုတ်တွေ ပြောရုံမကဘူး၊ ငါ့ခြံထဲထိပါ ကျူးကျော်ဖို့ မြှောက်ပေးလိုက်ပြန်ပြီပေါ့ ဟုတ်လား"

"ကိုကျော်စိုး . . ကျွန်မ . . ကျွန်မ . . ရှင်း . . ရှင်းပြ"

ကျော်စိုး အနားရောက်သည်နှင့် ရှင်မင်းဗိုက်အား ထိုးချလိုက်တော့သည်။

"အင့်"

အငိုက်မိသွားသော ရှင်မင်း အင့်ခနဲ အော်ညည်းကာ ခွေလဲကျသွား၏။ ဤတွင် လှုပ်ရှားလာသူက ကိုသော်တာဖြစ်သည်။ ကိုသော်တာက ကျော်စိုးအား ညာဝိုက်လက်သီးဖြင့် အားကုန်ပြေး ထိုးလိုက်ရာ ကျော်စိုး အသံပင်မထွက်နိုင်ဘဲ မှောက်လျက်လဲသွားလေ၏။

ကျော်စိုး ပြန်အထတွင် ဦးမြဒင်၏သေနတ်က သူ့မျက်နှာနားသို့ ရောက်နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . ရဲအလုပ်နော်၊ မင်းမရှုးချင်စမ်းပါနဲ့ ကျော်စိုးရာ"

သေနတ်ကြောင့် ကျော်စိုး ငြိမ်သွားစဉ်. .

"ဆရာ. . ဆရာ. . ဒီမှာ တစ်ခုခု ထပ်ငြိနေပြန်ပြီ၊ အလေးကြီးပဲ"

"အေး. . ငါလာပြီ၊ သူ့ကိုကြည့်ထားကြ. ."

ဘေးမှ ရဲဘော်တစ်ယောက်ကို ကျော်စိုးအား စောင့်ကြည့်ခိုင်းပြီး ဦးမြဒင် ရေစပ်သို့ ထွက်လာလိုက်သည်။

"အားစိုက် ဆွဲစမ်းပါဟ"

သံချွန်များအဆုံးတွင်တော့ ရေထဲမှ လူ၏ခေါင်းတစ်လုံး ထွက်ပေါ်လာပြီ ဖြစ်သည်။ ဆံပင်ဖားလျားနှင့် မျက်ကွင်းတစ်ဖက် ညိုနေသော အမျိုးသမီးတစ်ယောက်၏အလောင်းသည် ရှင်မင်းနှင့် သားလေး မကြာခဏတွေ့နေရသော နဒီလှိုင်းပင်ဖြစ်တော့သည်။

"ဟင်. . သမီး. . သမီးရယ်၊ အဖြစ်ဆိုးလှချည်လား"

"နဒီ. . နဒီ. . ဟား. . ရက်စက်လိုက်ကြတာ"

နဒီ့အဖေနှင့် ခင်ပွန်းထံမှ မချိတင်ကဲ ညည်းညူသံတွေ ထွက်လာကြသည်။ ရှင်မင်းလည်း သူ့အကြားအမြင်က မှန်သွား၍ စိတ်သက်သာရာ ရသွားသည်။ ကျော်စိုးမှာလည်း နဒီလှိုင်း၏ အလောင်းကို တွေ့လိုက်ရသည်မို့ ဘာမှမပြောနိုင်တော့ဘဲ တအံ့တသြ ဖြစ်နေရလေသည်။

"ဟော့. . ကျော်စိုးကို လက်ထိပ်ခတ်လိုက်တော့"

မပြေးသော ကန်ရာရှိဆိုသလို ဖြစ်ရသော ကျော်စိုးမှာ သူ့ခြံဝင်းအတွင်းရှိ ရေအိုင်ထဲမှ ရည်းစားဟောင်း၏အလောင်းကို တွေ့ရှိမှုနှင့် ချက်ချင်းပင် သံသယတရားခံဘဝသို့ ကျရောက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

မယုံနိုင်အောင် အံ့သြထိတ်လန့်နေရှာသော မှုယာမှာ ရဲ တွေလက်ထိပ်ခတ်နေသော ကျော်စိုးအား မယုံသလိုငေးကြည့် နေ ရှာသည်။

"မှုယာ. . ကိုယ်မဟုတ်ဘူး၊ ကိုယ်လုံးဝမဟုတ်ဘူးနော်၊ ကိုယ်ဘယ်သူ့ကိုမှ မသတ်ဘူး၊ နဒီလှိုင်း သူဟာသူ ဒီကန်ထဲလာသေ နေတာ"

ကျော်စိုးအတင်းငြင်းနေသလို ယောကျ်ားရင့်မကြီး ကိုသော် တာမှာလည်း တသိမ့်သိမ့် ရှိုက်ငိုနေလေသည်။ အခြေအနေ အဆိုး ဆုံးက ဦးဇော်ပင်ဖြစ်သည်။ နှလုံးရောဂါအခံရှိသူမို့ သမီး၏ အဖြစ် ဆိုးကို ကိုယ်တိုင်မြင်တွေ့လိုက်စဉ် Heart attack ရသွားကာ ပုံလျက် လဲနေပြီ ဖြစ်သည်။

"လူနာတင်ကား ခေါ်အုံးဟေ့"

အခြေအနေတွေက အားလုံးပျာယာခတ်သွားကြသည်။ ရှင် မင်းက နဒီလှိုင်းအလောင်း ဆယ်တင်တာကို အစအဆုံး စောင့်ကြည့် နေသည်။ ဒဏ်ရာရ မျက်လုံးတစ်ဖက်က ဖူးရောင်ကာ ပိတ်နေသော် လည်း ကျန်တစ်ဖက်ကပွင့်နေပြီး သူမကို လှမ်းကြည့်နေသလားပင် ထင်ရသည်။

သေတာ ရက်အတန်ကြာသည်အထိ ပုပ်ပွပြီး ပေါ်မလာ တာ ဘာကြောင့်လဲဆိုသည့်အဖြေကို သိရအောင် စောင့်ကြည့်နေ ခြင်းလည်း ဖြစ်သည်။ အလောင်းတစ်ကိုယ်လုံး လေ့ပေါ်ရောက်လာ ချိန်မှာတော့ တစ်ကိုယ်လုံးကို သံကြိုးနှင့် ရစ်ပတ်ထားတာ မြင်ရ၍ အလောင်းမပေါ်ရခြင်း အကြောင်းရင်းကို သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်ကို လူနာတင်ကား ခေါ်သွားပြီးနောက် နောက်ဆုံး၌ နဒီအလောင်းအား ပိတ်ဖြူလွှမ်းကာ သယ်သွားကြတော့သည်။ ရှင်မင်းလည်း ခုမှပဲပြန်ဖို့ သတိရတော့သည်။

ဇနီးဆုံးတာကို သိရ၍ အပူလုံးကြွနေရသည့်အထဲ ရုတ်တရက် ရောဂါဖောက်လာသော ယောက္ခမကိုပါ လိုက်လံပြုစုနေရသော ကိုသော်တာကိုကြည့်ပြီး စိတ်မကောင်းခြင်းများစွာနှင့် အိမ်ပြန်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

တာရားရုံးအနီးမှ နှစ်ထပ်တိုက်ထဲသို့ ရှင်မင်း ဝင်လာခဲ့သည်။ သူ့နာမည်ပြောလိုက်သည်နှင့် ခြံစောင့်က တရိုတသေ ဖိတ်ခေါ်ကာ အိမ်ထဲထိပို့ပေးသည်။ အိမ်ရှင်ဖြစ်သူ ရှေ့နေကြီးဇင်အောင်က ဖတ်လက်စဂျာနယ်ကို ချလိုက်ကာ မော့ကြည့်သည်။ ဇင်အောင်၏မျက်နှာကိုမြင်တော့ ရှင်မင်း အံ့ဩလွန်းသဖြင့် ကြက်သေသေသွားရသည်။

ဒီမျက်နှာကို သူ ဘယ်တော့မှမမေ့၊ တစ်ခုသောညပါတီက



www.burmeseclassic.com

www.burmeseclassic.com


နဒီလှိုင်းနှင့် ကားပေါ်တွင်ဖောက်ပြန်နေသူ မဟုတ်ပါလား။ ရှင်မင်းသူ့မျက်နှာပေါ်မှ အံ့ဩရိပ်ကို အချိန်မီသိမ်းဆည်းကာ ကြွေဆယ်လိုက်သည်။

"ဩော်. . ဆရာမ ထိုင်ပါခင်ဗျာ၊ အခုလိုလာပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့. . ဒါနဲ့ ကျွန်မကို တွေ့ချင်တဲ့ကိစ္စက"

"ဒီလိုပါ။ မနက်ဖြန် ကျွန်တော့်ရဲ့အမှုသည် ကိုကျော်စိုးကို လူသတ်မှုနဲ့ ပထမဆုံးရုံးတင် စစ်ဆေးကြတော့မှာပါ။ ကျွန်တော့်အမှုသည်ဆိုလို့ ကျွန်တော်က တရားလိုဦးဇော်တို့ဘက်ကပါ။ ဒီအမှုကို ကျွန်တော်အပါအဝင် တစ်မြို့လုံးကလည်း သိပ်ပြီးစိတ်ဝင်စားနေကြပါတယ်"

"ဒီနေ့တော့ အဖြစ်မှန် ပေါ်ပေါက်ရေးအတွက် သေမှုသေခင်းစစ်ဆေးရေးအရာရှိနဲ့ ဆေးစစ်မှုတွေ လုပ်ခဲ့ပါတယ်၊ နဒီလှိုင်းရဲ့ လက်သည်းကြားမှာ ကိုကျော်စိုးရဲ့ အသားစတစ်သျှူး တွေ့ခဲ့တယ်"

"ရှင်!. . "

"လူသေအလောင်းကို ကိုကျော်စိုး သတ်ခဲ့တာတော့ သေချာနေပြီ"

"ဒါတော့ ကျွန်မ မသိဘူး၊ ပတ်သက်ဖူးတဲ့သူအကုန်လုံး လူသတ်တရားခံ ဖြစ်နိုင်တာပဲလေ. . "

ဇင်အောင် မျက်နှာအနည်းငယ်ပျက်သွား၏။

ပျက်နေသောမျက်နှာကို ပြန်ထိန်းရင်း. .

"ဒါဆို ဆရာမလည်း အဓိကတရားခံစာရင်းမှာ ပါတာပေါ့။ ဘာလို့လဲဆိုတော့ ဒီအလောင်းကို ဆရာမပထမဆုံးသိခဲ့လို့ပဲ"


www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်း ဘာမှပြန်မပြောဘဲ ရှေ့နေကြီး ပြောသမျှကိုသာ နားထောင်နေ၏။

"ဆရာမနဲ့ ကိုကျော်စိုးကြားမှာ ဆိုးဝါးတဲ့ ဆက်ဆံရေးတစ်ရပ် ရှိခဲ့တယ်လို့ ကြားထားပါတယ်၊ အဲဒါ ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ သူကျွန်မကိုရော . . ကျွန်မသားကိုပါ ခြိမ်းခြောက်ခဲ့ပါတယ်"

"အဲဒါတွေ ကျွန်တော် ကြားပါတယ်၊ ဆရာမကရော သူ့ကိုပြန်ပြီး ချိန်းခြောက်ခဲ့တယ်၊ သူ့မိန်းမကို ဆက်မပေါင်းဖို့ ပြောခဲ့တယ်ဆို"

ရှင်မင်း ပြန်မဖြေ၍ ဇင်အောင်ကပဲ ဆက်ပြော၏။

"အဟဲ . . ကိုကျော်စိုးကလည်း မိန်းမတွေကျလောက်တဲ့ရုပ်မျိုး . .၊ ရည်းစားတွေလည်း အများကြီးဆိုတော့ ဆရာမရော တချိန်က သူနဲ့ငြိစွန်းတာတွေ ရှိဖူးသလားလို့ပါ"

ဇင်အောင်က ရိသဲ့သဲ့စကားတွေ ဆိုလာသဖြင့် . .

"ဘာ! . . ရှင် . . ရှင် . . ဘာစကားပြောတာလဲ"

"စိတ်မရှိပါနဲ့ဗျာ . . ကျွန်တော်ပြောတာ တိကျတဲ့ပက်သက်ဆက်နွယ်မှုကို သိချင်တဲ့သဘောပါ၊ ဒီကဆရာမရယ်၊ ကိုကျော်စိုးရယ်၊ သူ့မိန်းမ မူယာရယ်၊ လူသေအလောင်းရယ်ဟာ ဘယ်လိုတွေများ ပတ်သက်နေတယ်ဆိုတာ ဆရာမဆီက သိချင်တာပါ၊ ဒီအမှုအတွက် တိကျတဲ့သက်သေ အခိုင်အလုံ လိုချင်လို့ပါ"

ရှင်မင်း ဒေါသအလွန်ထွက်နေ၍ . .

"ကျွန်မဘာမှမသိပါဘူး၊ ရှင်မေးချင်တာ ဒါအကုန်ပဲလား"

"ဟုတ်ကဲ့ . . ဒါပါပဲ ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com


ဇင်အောင်က ခေါင်းညိမ့်ရင်း ပြန်ပြော၏။ ရှင်မင်း နှုတ်မဆက်ပဲ ထိုင်ခုံမှထထွက်လာလိုက်သည်။ အပေါက်ဝအရောက် ရှင်မင်းက ကိုယ်ကိုပြန်လှည့်ကာ. .

"ကိုဇင်အောင်. . ရှင်ခုနက ပြောပြောနေတဲ့ လူသေအလောင်းမှာ နာမည်တော့ရှိပါတယ်၊ ဘယ်သူလဲ ရှင်တကယ်မသိဘူးလား၊ သူ့နာမည် ရှင်မှတ်ထားလိုက်ပါ 'နဒီလှိုင်း' တဲ့. . ."

ရှင်မင်း ထိုသို့ပြောပြီး ထွက်သွားသဖြင့် ရှေ့နေကြီးဇင်အောင် ကြောင်အမ်းကာ ကျန်ခဲ့လေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

ဒီနေ့ နဒီလှိုင်းအားသတ်မှုနှင့် သံသယတရားခံအဖြ
ကျော်စိုးအား ရုံးထုတ်စစ်ဆေးမည့်နေ့ဖြစ်သည်။ လူအများ စိတ်ဝ
စားသည့်အမှုဖြစ်၍ ရုံး၌လူစည်နေသည်။ ရှင်မင်းလည်း အဓိ
သက်သေတစ်ယောက်အနေနှင့် ထွက်ဆိုဖို့ရောက်ရှိနေ၏။

နဒီလှိုင်းအလောင်း ရှာတွေ့သည့်ဖြစ်စဉ်နှင့် ပတ်သ
သူမ နာမည်ကြီးသွားတာတော့ အမှန်ပင်ဖြစ်သည်။ သူမ မနေ
အစွမ်းနှင့် ရှာဖွေနိုင်ခဲ့သည်မို့ သူ့ဟောခန်းမှာ လူတွေများနေ



www.burmeseclassic.com

www.burmeseclassic.com



တရားရုံးကိုလာဖို့အတွက် ချိန်းဆိုထားသူများကို တောင်းပန်ပြီး ထား ပစ်ခဲ့ရသည်။

ရုံးမှာ သည်းမခံနိုင်လောက်အောင် စောင့်ပြီးမှ အမှုကို စတင်ကြားနာ စစ်ဆေး၏။ ဦးစွာ မျက်မြင်သက်သေတစ်ယောက်ကို စစ်ဆေးသည်။ စတင်မေးမြန်းသူက တရားလိုရှေ့နေ ဇင်အောင်ပင် ဖြစ်သည်။

"ဦးစိုင်းလုံ ဒီမြို့ကိုရောက်တာ ကြာပြီလား၊ လက်ရှိအလုပ် ကို လုပ်ခဲ့တာရော ဘယ်တုံးကလဲ"

"ဒီစားသောက်ဆိုင်လေးဖွင့်တာ (၁၀)နှစ်ရှိပါပြီ၊ ကျွန်တော့် ဆိုင်က ညပိုင်းပဲဖွင့်တာပါ"

"အခင်းဖြစ်တဲ့ အောက်တိုဘာ(၃၀)ရက်၊ စနေနေ့ညက ခင်ဗျား ဆိုင်မှာရှိလား"

"ကျွန်တော်က ဆိုင်မှာအမြဲရှိပါတယ်"

"အခု ရုံးတော်မှာရှိနေတဲ့ တရားခံကို အဲဒီညက ခင်ဗျား တွေ့ခဲ့ပါသလား"

"တွေ့ခဲ့ပါတယ်"

"ဘယ်လိုပုံစံနဲ့ ဘယ်လိုအခြေအနေတွေကို တွေ့ခဲ့သလဲဆို တာ ပြောပြပေးပါလား"

"အဲဒီအချိန်က ကျွန်တော် အမှိုက်သွန်ဖို့ ဆိုင်ပြင်ကို ထွက်ခဲ့ တာပါ"

"ည ဘယ်နှနာရီလောက်မှာဖြစ်မလဲ မှတ်မိပါသလား"

"အင်း. . ညသန်းခေါင်လောက်ပဲ၊ ကိုကျော်စိုး သူ့ကားထဲ က ထွက်လာတာကိုတွေ့တာပါ၊ ပြီးတော့ အသားဖြူဖြူ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ စကားများနေကြတာတွေ့တယ်”

တရားခွင် စကားအသွားအလာကတော့ စိတ်ဝင်စားဖွယ်ကောင်းနေ၏။

“အဲလိုစကားများပြီး ကောင်မလေးက ကိုကျော်စိုးလက်ကို ကုပ်ဆွဲလိုက်တယ်၊ အဲဒီမှာ ကိုကျော်စိုးက ကောင်မလေးကို လက်နဲ့ တအားလွှဲရိုက်လိုက်တာတော့ မြင်ပါတယ်၊ အဲဒီနောက်မှာတော့ ကျွန်တော်လည်း ကိုယ်နဲ့မဆိုင်တာမို့ ဆိုင်ထဲပြန်ဝင်လာတာပါ”

ရှေ့နေဇင်အောင်က ဓာတ်ပုံတစ်ပုံကိုထုတ်၍ သက်သေခံသော ဦးစိုင်းလုံအား ပြသရင်း. .

“အဲဒီ့ညက ကိုကျော်စိုးနဲ့အတူ တွေ့ခဲ့တဲ့ ဒီအမျိုးသမီးလား”

“ဟုတ်ပါတယ်. . သူပါပဲ”

“တရားသူကြီးမင်းခင်ဗျား၊ ဒီထွက်ဆိုချက်ကို မှတ်တမ်းတင်ထားစေချင်ပါတယ်၊ ကျွန်တော့်ရဲ့ မျက်မြင်သက်သေ ဦးစိုင်းလုံဟာ နဒီလှိုင်းပျောက်သွားတဲ့ညက ကိုကျော်စိုးနဲ့အတူ ရှိနေတယ်လို့ ထွက်ဆိုလိုက်တာပါပဲ”

ထို့နောက်တရားခံ၏ရှေ့နေ မေးမြန်းမည့် အလှည့်ဖြစ်၏။

သူက စခန်းမှူးဦးမြဒင်အား မေးမြန်းခြင်းဖြစ်သည်။

“ဒီက ဦးမြဒင်ရဲ့ အစီရင်ခံစာထဲမှာ ကိုကျော်စိုးခြံထဲက ရေကန်မှာ အလောင်းကိုရှာတွေ့ခဲ့တယ်လို့ ဆိုထားတယ်နော်”

“ဟုတ်ပါတယ်”

“ကောင်းပြီ. . အဲဒီအလောင်းကို ဘယ်လိုနည်းလမ်းနဲ့ ရှာတွေ့ခဲ့တာပါလဲ”

ဦးမြဒင်ကတော့ တည်တည်ငြိမ်ငြိမ်ပင်. .



www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်ရယ်၊ ရဲတပ်သား (၅)ယောက်ရယ်၊ ဦးဇော်ရယ်၊ ဆရာကိုသော်တာရယ်၊ ဆရာမရှင်မင်း ရယ်ပါ"

"ကျွန်တော်သိချင်တာက ဆရာမရှင်မင်းဆိုတာ ဘယ်သူလဲ၊ သူဘာတွေလုပ်လဲ၊ ဦးမြဒင်ကို ဘယ်လိုအကူအညီတွေ ပေးခဲ့သလဲဆိုတာ သိချင်ပါတယ်"

"အင်း. . သူ့ကိုတော့ အကြားအမြင်ဆရာမလို့ အများက သိကြတာပဲလေ"

"ဆက်ပြောပါအုံး၊ အဲဒီအကြားအမြင်ဆရာမက ဘာတွေမြင်တာတဲ့လဲ၊ သူကဖန်လုံးတွေဘာတွေကြည့်ပြီး ဟောတာလား"

ဦးမြဒင်က ခေါင်းခါပြလိုက်ပြီး. .

"သူ့မှာ ဘာဖန်လုံးမှမရှိပါဘူး၊ သူအသုံးပြုတာကတော့ ထူးဆန်းတဲ့ ဖဲချပ်ကတ်ပြားလေးတွေပါ"

ဦးမြဒင်နှင့်ရှေ့နေ၏ အမေးအဖြေကို လာရောက်ကြည့်ရှုကြသူတွေ အထူးစိတ်ဝင်စားသွားကြသည်။ ထို့အတွက်. . ရှင်မင်းမနေတတ် မထိုင်တတ် ဖြစ်နေ၏။

"ဒါဆို သူက ဘာတွေမြင်ပါသလဲ၊ အဲဒီဖဲချပ် ကတ်သေးသေးလေးတွေကိုကြည့်ပြီး. ."

"ပထမတော့. . ဖဲချပ်တွေကြည့်ပြီး ဆရာမ ဘာမှမမြင်သေးပါဘူး၊ နောက်နေ့မှာတော့. . သူ ကျုပ်စခန်းကိုရောက်လာပါတယ်၊ ပြီးတော့ ကျုပ်ကို သူ့အိပ်မက်အကြောင်းတွေ ပြောပြပါတယ်"

ရှေ့နေက မျက်လုံးပြူးသွားကာ ဦးမြဒင်ကိုကြည့်ရင်း. .

"ဒါဆို အကြားအမြင်ဆရာမက အိပ်မက်တွေလည်း မက်သေးတယ်ပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . သူ့အိပ်မက်အကြောင်း ကျုပ်ကိုလာပြောပြတာပါ၊ အိပ်မက်ထဲမှာ ကျော်စိုးတို့ခြံထဲက ရေကန်ကြီးဆီ သူရောက်ခဲ့ကြောင်းပြောပါတယ်၊ အဲဒီမှာ ကျော်စိုးထွက်လာပြီး သူ့ကိုလည်ပင်းညှစ်တာလည်း ပါပါတယ်"

ဒီတော့ လာကြည့်သောပရိသတ်များ ပွဲကျသွား၏။ ကျော်စိုးမှာ လက်ထိပ်တန်းလန်းနှင့် ရှင်မင်းကို လှည့်ကြည့်လေသည်။ သူ့ကိုကြည့်နေမှန်းသိ၍ ရှင်မင်းလည်း မသိချင်ယောင် ဆောင်နေလိုက်ရသည်။

"သူ အိမ်မက်ကလန့်နိုးလာတဲ့အချိန်မှာ အိမ်အပြင်ကိုထွက်ခဲ့တယ်၊ သစ်ပင်ပေါ်က ရေကျလို့မော့ကြည့်တော့. ."

ဦးမြဒင်လည်း ဘာဆက်ပြောရမှန်းမသိ၍ ခေါင်းခြောက်သွား၏။

"ကျွန်တော် နားထောင်နေပါတယ်"

ရှေ့နေက ဆက်ပြောဖို့ တောင်းဆိုနေ၏။

"သူ နဒီလှိုင်းကို တွေ့တယ်လို့ ပြောပါတယ်၊ လေ. . လေထဲက ရေလွှာထဲမှာ နဒီလှိုင်းမြုပ်နေတာကို တွေ့တယ်တဲ့၊ မလုံ့တလုံအဝတ်အစားနဲ့ တစ်ကိုယ်လုံးကိုလည်း သံကြိုးကြီးနဲ့ ပတ်ထားသေးတယ်လို့ပြောပါတယ်"

"လေထဲက ရေမျက်နှာပြင်အလွှာ. . ဟုတ်လား ဦးမြဒင်"

"ဟုတ်ပါတယ်"

"ရယ်စရာတော့ ကောင်းနေပါပြီ၊ ဟုတ်ကဲ့. . အခုလိုဖြေကြားပေးတဲ့အတွက် စခန်းမှူးကြီးကို အထူးပဲကျေးဇူးတင်ပါတယ်"

ထိုနေ့က စစ်ဆေးကြားနာမှုမှာ ထိုမျှလောက်နှင့်ပင် နောက်



www.burmeseclassic.com

www.burmeseclassic.com



နှုံးချိန်းထပ်ချိန်းခဲ့သည်။

ရုံးမှအပြန် ဟောခန်း၌ တန်းစီစောင့်နေသူတွေကို တက်သုတ်ရိုက် ဟောတာတောင် ညခုနစ်နာရီမှ လူပြတ်သွား၏။ သားအမိနှစ်ယောက် ဆတ်သားခြောက်ဖုတ်၊ ထမင်းကြော်တို့နှင့်ပင် ညစာကို တင်းတိမ်လိုက်ရ၏။

"တီတလီ. . တီတလီ. ."

ထိုစဉ် ဖုန်းမြည်လာ၍ ကြည့်တော့ အောင်ခိုင့်အမေထံမှ လှမ်းဆက်တာဖြစ်ပြီး အောင်ခိုင် သူ့ပထွေးနှင့်ရန်ဖြစ်ကာ ပထွေးကို သတ်ဖို့ ကြိုးစားနေသည်ဟု ဖုန်းဆက်လာခြင်းဖြစ်၏။ ကြားရသည့် သတင်းကြောင့် ရှင်မင်းလည်း ထိတ်ထိတ်ပြာပြာ ဖြစ်သွားကာ သားကို ဘေးအိမ်မှာအပ်ခဲ့ပြီး အောင်ခိုင့်ထံ ထွက်လာခဲ့သည်။

သူတို့အိမ်ရှေ့အရောက်တွင် အရှူးမီးနင်းသလို ဖြစ်နေသည့် အောင်ခိုင့်အမေ ဗျာများနေတာကို တွေ့ရသည်။ ကားနားထိ ပြေးလာကာ. .

"လုပ်ပါဦး သမီးရယ်၊ နင့်သူငယ်ချင်းတော့ ရူးသွားပြီထင်တယ်၊ အဒေါ့်ယောက်ျားကို သတ်မယ်တကဲကဲ လုပ်နေတယ်"

ဝပ်ရှော့ရုံထဲရောက်တော့ အသည်းထိတ်စရာ မြင်ကွင်းကို တက်ပင်းကြုံရသည်။ အောင်ခိုင်က သူ့ပထွေးကို သံတုတ်နှင့်မညှာမတာ ရိုက်နှက်နေခြင်းဖြစ်၏။

"အောင်ခိုင်. . အောင်ခိုင်. . ရပ်. . ရပ်လိုက် မရိုက်နဲ့"

ရှင်မင်းပြောတာ အလေးမထားဘဲ၊ အောင်ခိုင်က ရိုက်မြဲဆက်ရိုက်နေ၏။ အောင်ခိုင့်အမေကလည်း အထိတ်တလန့်နှင့် ငိုကြီးချက်မ ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင်က သူ့ပထွေးအား လက်ညှိုးငေါက်ငေါက်ထိုး ကာ. . .

"ဟော့ကောင်. . လူယုတ်မာကောင် လူ့အမှိုက်သရိုက်၊ ငါ့ အမေကို အမျိုးမျိုးနှိပ်စက်နေတဲ့ကောင်၊ မင်းလုပ်ရပ်တွေအတွက် မင်းပြန်ခံရမယ်"

"သား့ရေ. . သားရယ်၊ ဒီမှာ ရှင်မင်းရောက်နေပြီလေ၊ သူ ပြောတာ နားထောင်လိုက်ပါ သားရယ်"

သူ့အမေက ချော့မော့ပြောနေ၏။ ပထွေးဖြစ်သူမှာ အောင် ခိုင်ရိုက်နှက်ထားသဖြင့် သွေးအလိမ်းလိမ်းနှင့် ဖြစ်နေ၏။

"အမေ့ပါးစပ်ပိတ်ထား၊ သူနှိပ်စက်တာ အမေခံနိုင်ပေမယ့် ကျုပ်မကြည့်ရက်ဘူး၊ ဒီကောင့်ကို အသေသတ်မယ်"

ဒေါသကြောင့် လူစိတ်ပျောက်ကာ ရူးကြောင်ကြောင် ဖြစ် နေသော အောင်ခိုင်က ပထွေးကို ခြေထောက်နှင့်ပိတ်ကန်ရင်း. .

"ဟော့ကောင် မင်းက အရက်သောက်ဖို့နဲ့ ငါ့အမေကို ရိုက်ဖို့ ပဲသိတယ်၊ ခင်ဗျားကို လက်မပါနဲ့လို့ ဘယ်နှခါပြောရမလဲ"

အောင်ခိုင်က အနီးရှိ ဓာတ်ဆီပုံးကို ကောက်ယူလိုက်သည်။ အော်ဟစ်တောင်းပန်ကြတာကို အရေးမစိုက်ဘဲ အောင်ခိုင်က သူ့ ပထွေးကိုယ်ပေါ်သို့ ဓါတ်ဆီတွေလောင်းချနေ၏။

"အောင်ခိုင် မလုပ်နဲ့၊ ပုံးကိုချထားလိုက်၊ ငါပြောတာ နား ထောင်စမ်း အောင်ခိုင်"

နားချလို့ ဘယ်လိုမှမရတော့သဖြင့် ရှင်မင်း ဓာတ်ဆီပုံးကို ပုတ်ထုတ်လိုက်သည်။ အောင်ခိုင် ပေါက်ကွဲသွား၏။

"ငါ့အလုပ်ကို ဝင်မရှုပ်နဲ့ ရှင်မင်း၊ သွား. . သွား. . နင်ပြန်


www.burmeseclassic.com

www.burmeseclassic.com



တော့၊ ဟော့ကောင့် မင်းကို ငါသတ်မှဖြစ်တော့မယ်"

အောင်ခိုင် မီးခြစ်ခြစ်မည်အလုပ် ရဲများရောက်လာ လက်ထိပ်ခတ်လိုက်ကြတော့သည်။ ထို့နောက် အောင်ခိုင့်ကို အချုပ်ကားနှင့် ခေါ်သွားပြီး သူ့ပထွေးကို ဆေးရုံပို့လိုက်ကြသည်။

ရှင်မင်းလည်း အောင်ခိုင် ဘာကြောင့်ခုလိုဖြစ်သွားရသလဲ ဆိုတာ လုံးဝစဉ်းစား၍မရတော့. . . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၈)

ဒီနေ့ ဒုတိယမြောက် ရုံးချိန်းရှိသည်။ စတင်ကြားနာချိန်မှာ ရှေ့နေဇင်မောင်က ရှင်မင်းကို ဦးစွာမေးခွန်းထုတ်၏။

"ဆရာမခင်ပွန်းက ဦးရဲမိုးနော်၊ လွန်ခဲ့တဲ့ငါးနှစ်က ကွယ်လွန်သွားတယ်၊ အဲဒါ ဟုတ်ပါသလား. . ."

"ဟုတ်ပါတယ်"

"သားတစ်ယောက်နဲ့ ကျန်ခဲ့တာနော်"

"ဆရာမတို့ သားအမိနှစ်ယောက် ဘဝကိုဘယ်လို ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သန်းလာကြပါသလဲ”

“ကျွန်မအမျိုးသား ဘဏ်မှာစုထားတဲ့ ပိုက်ဆံတစ်ချို့တစ်ဝက် ကျန်ခဲ့ပါတယ်၊ တာဝန်ထမ်းဆောင်ရင်း မတော်တဆ အသက်ဆုံးရှုံးခဲ့တာမို့ ဂရုဏာကြေးနဲ့ ပင်စင်စရိတ်ပါ ရခဲ့ပါတယ်၊ ကျွန်မအကြားအမြင်ဟောတာလည်း အိမ်စရိတ်ပေါ့”

“ဒီအကြားအမြင်. .၊ အဲ. . အဲဒါရဖို့ စိတ်စွမ်းအင် မြင့်မားလာအောင် ဘယ်လိုများ လေ့ကျင့်ခဲ့ပါသလဲ”

“စာအုပ်တွေတော့ ဖတ်ပါတယ်”

“အကြားအမြင်နဲ့ဆိုင်တဲ့ စာအုပ်တွေလား”

“ဟုတ်ပါတယ်”

ရွှေနေဇင်အောင်က အမှုသွားအမှုလာအတွက် အသေးစိတ်မေးနေ၏။

“ဘယ်လိုသိသလဲဆိုတော့. . ကျွန်မအာရုံထဲမှာ အလိုလိုပေါ်လာတာပါ၊ ငါးပါးသီလတော့ အတတ်နိုင်ဆုံး လုံအောင်စောင့်ရပါတယ်၊ ကျွန်မအဘွားမှာလည်း ဒီလိုစိတ်စွမ်းအင်မျိုး ရှိပါတယ်၊ ကျွန်မက အဘွားရဲ့အမွေကို ရလိုက်တာပါ၊ မိသားစု အစဉ်အဆက် ထိန်းသိမ်းရမယ့် အမွေပေါ့၊ ကျွန်မဟောခဲ့တာလည်း အတော်များများ မှန်တာကို သိခဲ့ရတယ်”

ဇင်အောင်က ပြုံးလိုက်ပြီး. .

“ဒီတရားခွင်မှာ မစစ်ခင် ဆရာမ ကျမ်းကိုင်ကျိန်ခဲ့ရတယ်နော်၊ ဆရာမသာ သတင်းမပေးခဲ့ဘူးဆိုရင် ဒီကံဆိုးမိုးမှောင်ကျသူကို ဖော်ထုတ်နိုင်မှာ မဟုတ်ပါဘူး၊ နဒီလှိုင်းကို ပြန်တွေ့ရတာ ဆရာမရဲ့ ထူးခြားတဲ့ စွမ်းရည်ကြောင့်ပါပဲ၊ အဘွားပေးခဲ့တဲ့ လက်ဆောင်လို့

www.burmeseclassic.com


ဆိုရမှာပေါ့”

“ဟုတ်ကဲ့ ကျွန်မ ကျိန်ပြီးပြောဝံ့ပါတယ်”

“ဒီလောက်ပါပဲ၊ ထပ်မေးစရာ မရှိတော့ပါဘူး၊ ကျေးဇူးတင်ပါတယ်”

တရားလိုဘက်မှ ရှေ့နေဇင်အောင်ပြီးတော့ ကျော်စိုး၏ရှေ့နေ ဦးသိန်းညွန့်က ရှင်မင်းကို မေးရမည်ဖြစ်သည်။ ထိုရှေ့နေက ကျော်စိုးအား လက်မထောင်ပြပြီးရင်ကော့ကာ တရားခွင်ကိုလျှောက်လာ၏။ သူက လက်နှစ်ဖက်ကို နောက်ပစ်ထားရင်း. .

“ကျွန်တော့်နောက်ဘက်မှာ လက်ချောင်းလေးတွေထောင်ထားတယ်၊ အဲဒါ ဘယ်နှစ်ချောင်းဖြစ်မလဲ၊ ဆရာမ စိတ်စွမ်းအင်နဲ့ ကြည့်ပေးပါလား”

“ကန့်ကွက်ပါတယ်ခင်ဗျား”

ဇင်အောင် ထရပ်ကာ ထိုမေးခွန်းကို ကန့်ကွက်လေသည်။

“ထိုင်နေပါ ဦးဇင်မောင်၊ ဆက်ပြောပါ ဦးသိန်းညွန့်”

တရားသူကြီးက ဆက်ပြောခိုင်းသည်။

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် တရားသူကြီးမင်း ခင်ဗျား၊ အခု ရုံးတော်ရှေ့မှာရောက်နေတဲ့ ကျွန်တော့်ရဲ့ အမှုသည်ဟာ သူ့ရဲ့ ဘဝတစ်စိတ်တစ်ပိုင်းကို အမဲလိုက်ခြင်းနဲ့ အချိန်ကုန်စေခဲ့သူပါ. . ခုတော့ စိတ်စွမ်းအင်ပိုင်ရှင် အမျိုးသမီးရဲ့ ခန့်မှန်းအဆိုတွေနဲ့တင် သံသယတရားခံ ဖြစ်နေရပါတယ်၊ သို့ပေမယ့်. . တရားမျှတမှုနဲ့ ဥပဒေရဲ့ အကာအကွယ်ကို ရရှိခံစားနိုင်ခွင့်ရှိသူလို့ ကျွန်တော်ယုံကြည်ပါတယ်၊ ဒါကြောင့် ဒီက ဆရာမရဲ့တန်ခိုးနဲ့ အကြားအမြင်ညာဏ် အများရှေ့မှာ စမ်းသပ်ရပါလိမ့်မယ်၊ အကြားအမြင်ဆရာမတစ်


www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ အပြောနဲ့တင် အပြစ်ပေးဖို့ကတော့ လုံးဝ မဖြစ်သင့်ပါဘူး”

“ဦးသိန်းညွှန့်ရဲ့မေးခွန်းက ခိုင်လုံပါတယ်၊ မေးသင့်တဲ့ မေးခွန်းပါပဲ၊ ကန့်ကွက်တာကို ပယ်ချပါတယ်”

တရားသူကြီးက ဦးသိန်းညွှန့် ဆက်မေးနိုင်အောင် ခွင့်ပြုပေးလိုက်၏။

“အခု တရားခွင်ကို ရောက်နေတဲ့ သူတွေအားလုံး ကျွန်တော် လက်ဘယ်နှခြောင်း ထောင်ထားသလဲဆိုတာ မြင်ကြရမှာပါ။ ကဲ. . ဆရာမ ကျွန်တော် လက်ဘယ်နှခြောင်း ထောင်ထားပါသလဲ အဖြေပေးပါ”

တစ်ဖက်ရှေ့နေက ရှင်မင်းအား ချောင်ပိတ်ရိုက်သလို မေးနေလေပြီ၊ ရှင်မင်း အခက်ကြုံရပြီ။ ဒါမျိုး ရင်ဆိုင်ရလိမ့်မည်ဟု သူမ တွေးမထားခဲ့. . ၊ ထို့ကြောင့် အမှန်အတိုင်းပင်. . ။

“ကျွန်မ သိပါဘူး”

တဖက်ရှေ့နေ ဦးသိန်းညွှန့်က အံ့အားသင့်သည့် ပုံစံဖြင့် ရယ်လျှက်. .

“မသိဘူး”

ကျော်စိုးနှင့် နားထောင်နေသော ပရိသတ်တစ်ချို့ ထိုမေးခွန်းကို သဘောကျသွား၏။

“ခုနစ်. . ခုနစ်ချောင်းပါ ဆရာမ”

ဦးသိန်းညွှန့်က လက်ခုနစ်ချောင်း ရှင်မင်းကို ထောင်ပြရင်း ပြောလိုက်သည်။

“ဒီလိုအရာတွေက သက်သေပြဖို့မလွယ်ပါဘူး၊ တရားသူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမင်းရှင်. . ကျွန်မကို ဒါမျိုးမေးတာ လက်မခံပါဘူး၊ ဒါကျွန်မကို စော်ကားတဲ့ မေးခွန်းတွေပါ၊ အခုရောက်နေတာ ကျွန်မရဲ့ဟောခန်း မဟုတ်ပါဘူး၊ တရားရုံးဆိုတာကို နားလည်စေချင်ပါတယ်"

တရားသူကြီးက ဝင်မတား၍ ဦးသိန်းညွှန့် ပိုကဲတော့သည်။

"ဟုတ်ပြီလေ၊ ဒီလိုဆိုရင်ကော. ."

ဦးသိန်းညွှန့်က ပိုက်ဆံအိတ်ထုတ်၍ ငါးထောင်တန် တစ်ရွက်နှိုက်ယူ၍ ရှင်မင်းရှေ့တွင် ချထားလိုက်ပြီး. .

"ဉာဏ်ပူဇော်ခ တင်တာပါ ဆရာမ"

ရှင်မင်း သည်းမခံနိုင်တော့. .

"ရှင် ကျွန်မကို ဘာပြောစေချင်နေတာလဲ"

"ဆရာမရဲ့ အကြားအမြင်က တရားရုံးမှာ အလုပ်မဖြစ်ဘူး ဖြစ်နေလို့ပါ၊ ဒါကြောင့် ဉာဏ်ပူဇော်ခတင်တာပါ၊ ဆရာမလည်း ပိုက်ဆံရမှ အကြားအမြင် ဟောတာမဟုတ်လား၊ Give and Take သဘောမျိုးပါ"

ရှင်မင်း စိတ်ကို မနည်းတည်ငြိမ်အောင် ထားနေရသည်။

"ရှင်ထင်သလို မဟုတ်ဘူး"

ရှေ့နေကြီး မျက်နှာတစ်ချက်မဲ့လိုက်ပြီး. .

"ဆရာမ နားလည်ထားဖို့က ဥပဒေကို ဆန့်ကျင်ရင် အရေးယူခံရပါမယ်၊ ဆရာမက အကြားအမြင်ဟောတယ်ဆိုပြီး ပြည်သူတွေဆီက ပိုက်ဆံကို လိမ်ညာယူနေပုံရပါတယ်"

ဦးသိန်းညွှန့် အပြောအဆိုတွေက ရင့်သီးလွန်းလှ၏။

"ကောင်းပြီ. . ဒါဆို ကျွန်မ ပိုက်ဆံမယူတော့ဘူး"

"စောစောက ထွက်ဆိုချက်မှာ အခကြေးငွေယူပြီး ဟောပါ



www.burmeseclassic.com

www.burmeseclassic.com


တယ်လို့ ပြောထားတယ်လေ"

"ယူခဲ့တယ်. . ကျွန်မ သဒ္ဒါကြေးပဲယူတာ၊ ဘယ်ရွှေဘယ်မျှလို့ တစ်ခါမှ မတောင်းခဲ့ဘူး၊ သူတို့စေတနာရှိလို့ ပေးသွားတာ ကျွန်မအတွက် လက်ဆောင်ပဲ"

"အိုး. . ရွှေနေတစ်ယောက်အတွက်တော့ ကွဲပြားခြားနားတယ်ဗျာ၊ ဒီစကားက တန်ဖိုးရှိပါတယ်၊ ဒါဆို ထပ်မေးပါရစေဗျာ၊ အဲဒီတော့ ဆရာမက သူဌေးတစ်ယောက် ဖြစ်နေလို့လား"

"မဟုတ်ပါဘူး"

ရွှေနေက အမှုနှင့် မဆိုင်တာတွေပြောကာ ပုဂ္ဂိုလ်ရေးအရ စော်ကားတိုက်ခိုက်နေသည်။ ဒါကို တားမြစ်မည့်သူမရှိ. .

"ကျုပ်သာ ဆရာမနေရာမှာဆို ချမ်းသာနေလောက်ပြီ. . ထားပါတော့၊ ဆရာမဆီလာတဲ့ လူတွေထဲက ကိုကျော်စိုးကိုတော့ ကောင်းကောင်းသိမှာပါ"

"သိပါတယ်"

"အင်း. . လွန်ခဲ့တဲ့အပတ်က ခင်ဗျား သူ့ကိုပြောခဲ့တယ်၊ စကားလုံး အတိအကျတော့ မမှတ်မိတော့ဘူး၊ ရှင့်လိုလူမိုက်ကို အချုပ်ထဲ ထည့်ပစ်မယ်လို့ ကြိမ်းခဲ့တယ်ဆို"

"ဒါက သူ ကျွန်မသားကို ခြိမ်းခြောက်ခဲ့တယ်လေ၊ အဲဒီအတွက် သတိပေးတာ၊ ရှင်ပြောသလို အဓိပ္ပာယ်မရှိ ကျွန်မပြောခဲ့တာ မဟုတ်ဘူး၊ ကျွန်မ အိမ်ထဲဝင်ပြီးရမ်းကားနေလို့ ပိုင်နက်ကျူးကျော်မှုနဲ့ ထောင်ထဲထည့်မယ်လို့ ပြောခဲ့တာ၊ အဲဒီအတွက် ကျွန်မမှာအပြစ်မရှိဘူး"

"ကျုပ်တော့ အဲဒီအချက်ကြောင့် ကိုကျော်စိုးအပေါ်တာမင်


www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပုံချသလားလို့ ထင်မိတယ်၊ သူ့ဇနီး မူယာ့ကိုလည်း ဒီလောက် ပွေရှုပ်ပြီး နှိပ်စက်တတ်တဲ့ ယောကျ်ားနားက ထွက်သွားဖို့ အကြံပေးတယ်ဆို"

ရှင်မင်း မူယာ့ကို တချက်လှမ်းကြည့်လိုက်၏။ မူယာ ခေါင်းငုံ့သွားသည်ကိုသာ တွေ့လိုက်ရသည်။

"ဟုတ်တယ်. . မူယာက ကျွန်မသူငယ်ချင်း၊ ကျော်စိုးလက်ချက်ကြောင့် မျက်လုံးတစ်ဖက် ပိတ်မတတ်၊ ဖူးရောင်ပြီး ရောက်လာတာ၊ မိန်းမချင်း အဲလိုမပြောလို့ ဘယ်လိုပြောရမလဲ"

ဦးသိန်းညွှန့်က ရှင်မင်း ပြန်ပြောသည်ကို မကြားချင်ယောင်ဆောင်ကာ. .

"ဒီနေ့အချိန်မှာတော့ ကိုကျော်စိုးဟာ လူသတ်သမားလို့ ခင်ဗျားပြောလိုက် ပြန်ပြီလေ"

"ခဏနေစမ်းပါဦး၊ သူ့ကို လူသတ်သမားလို့ ကျွန်မ ဘယ်တုန်းက ပြောဖူးလို့လဲ၊ သူ့အပိုင် ရေကန်ထဲက အလောင်းတွေ့လို့ မသင်္ကာမှုနဲ့ ဖမ်းထားတာ. . အဲဒါ ကျွန်မ ပယောဂမှုမပါတာ"

"ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ သူ့ကို အချုပ်ထဲပို့ချင်တဲ့ ခင်ဗျားရဲ့ ဆန္ဒတော့ ပြည့်တာပဲ မဟုတ်လား၊ သူဟာ အကောင်ငယ်လေးတွေ လိုက်တဲ့ မုဆိုးအဖြစ် တောထဲတောင်ထဲမှာ သူ့ဘဝကို မြှုပ်ထားတဲ့သူပါ"

"စခန်းမှူးကို ကျွန်မမြင်တာ ပြောပြရုံပဲ လုပ်ခဲ့တာပါ"

"ခင်ဗျားရဲ့ စကားတစ်ခွန်းနဲ့ ကိုကျော်စိုး တသက်တာ မေ့မရနိုင်တဲ့ အတွေ့အကြုံသစ်တွေ ရသွားပြီ"

ရွှေနေ ဦးသိန်းညွှန့်က ငါ့စကားနားရ မနားတမ်း ပြောနေ



www.burmeseclassic.com

www.burmeseclassic.com


၏။ သူ၏ စကားကွန်ရက်ထဲ ရှင်မင်း မလူးသာမလွန့်သာ ဖြစ်နေသည်။

"နဒီလှိုင်းဟာ ခင်ဗျားခြံထဲက ကောင်းကင်မှာ ရေနစ်နေတယ်လို့ ဆရာမမြင်တယ်နော်၊ ပြီးတော့ မလုံမလဲနဲ့ ဒါ့အပြင် သံကြိုးတွေနဲ့ ရစ်ပတ်ထားသေးတယ်တဲ့၊ ဒါက အခုဘာမှမဟောနိုင်တဲ့ ဆရာမအတွက် ရယ်စရာကောင်းမနေဘူးလား၊ ဆရာမရဲ့ အိပ်မက်တွေနဲ့ အနာဂါတ်အမြင်တွေက ဖျော်ဖြေရေးအဆင့်လောက်ပဲ ရှိနေပါလား"

ရှင်မင်း မျက်ရည်တွေ အဆက်မပြတ်စီးကျလာကာ ရှေ့နေကို စေ့စေ့ကြည့်ရင်း. .

"ပုပ်ပွနေတဲ့အလောင်းကို. . အမှန်တကယ် တွေ့ခဲ့တာတောင် ဒါကို ရယ်စရာတစ်ခုလို့ ရှင်ထင်နေသလား၊ ကျွန်မမြင်တာကို ရှင်ကရယ်စရာလို့ ထင်နေတာလား၊ ရှင်ဟာ တစ်ဘို့ထဲ ကြည့်တဲ့ အရှက်မရှိတဲ့ ရှေ့နေပဲ"

ဒီတော့မှ ဦးသိန်းညွန့်လည်း ရှင်မင်းကို ကျောပေးကာ. .

"ထပ်ပြီး မေးစရာမရှိတော့ပါဘူး၊ တရားသူကြီးမင်း ခင်ဗျား"

ရှင်မင်းက မခံနိုင်တော့သည့်အဆုံး အမှန်တွေကို ဒိုးဒိုးဒေါက်ဒေါက် မနားတမ်း ပြောချလိုက်သည်။ တရားခံရှေ့နေ ဦးသိန်းညွန့် မျက်စိမျက်နှာပျက်စွာနှင့် သူ့နေရာသူ ပြန်ထိုင်နေ၏။

"ဒေါ်ရှင်မင်းပြည့် ထွက်ဆိုချက်တွေ ပြည့်စုံပြီမို့ နေရာမှာ ပြန်ထိုင်နိုင်ပါပြီ"

ရှင်မင်း ကိုယ့်နေရာကိုယ် ပြန်ထိုင်လိုက်သော်လည်း တရား


www.burmeseclassic.com

www.burmeseclassic.com



ခွင် အမေးအဖြေတွေအပေါ် လုံးဝစိတ်ဝင်စား၍ မရတော့။ လူပုံလယ်မှာ အရှက်ခွဲခံရသည့်အတွက်လည်း . အတော်ပင် စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းကျေကွဲနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၈)

ရှိုး စင်းလှသော ရှင်မင်းဘဝမှာ စားဝတ်နေရေးအတွက် ာ၍ ငွေရှာရပြီး အိမ်မှုကိစ္စလုပ်၊ သားကို ကျောင်းကြိုကျောင်းပို့ ပ်နိုင်သာ ချာချာလည်လျက်ရှိသည်။ ဒီကြားထဲ တစ်ပတ်တစ်ခါ စ်ခါ ဆိုသလို ရုံးချိန်းကလည်း ရှိသေးသည်။

ဒီနေ့က နောက်ထပ် ရုံးချိန်းရှိသည့်ရက်ဖြစ်သည်။ အစိက က်သေဖြစ်နေသော ရှင်မင်းလည်း မဖြစ်မနေ ရုံးသို့ရောက်ခဲ့ရပြ ည်။ ကျော်စိုး အဖမ်းခံရသည့်ကိစ္စနှင့် ပတ်သက်ပြီး သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ မူယာလည်း သူ့ကို အခေါ်အပြောမလုပ်တော့၊ လောက
ရှစ်ပါးထဲက တစ်ခုဟုသာ ရှင်မင်း နှလုံးသွင်းထားလိုက်သည်။

တရားခံကို နှစ်ဖက်ရှေ့နေများက အပြန်အလှန် မေးမြ
မည့်နေ့ဖြစ်၏။ ဦးသိန်းညွန့်က အရင်ဆုံး မေးခွန်းထုတ်သည်။

"ကိုကျော်စိုး ခင်ဗျား နဒီလှိုင်းကို သတ်ခဲ့သလား၊ မသတ်ခဲ့
ဘူးလား"

"ကျွန်တော် မသတ်ပါဘူး"

"ဒါဆို နဒီလှိုင်း အသတ်ခံရတဲ့ ညကရော သူ့ကို မြင်ခဲ့သ
လား၊ မမြင်ခဲ့ဘူးလား"

"ဟုတ်ကဲ့ မြင်ခဲ့တွေ့ခဲ့ပါတယ်"

ရှေ့နေ၏ အစပျိုး မေးမြန်းမှုများကို ကျော်စိုးက တည်ငြိမ်
စွာပင် ဖြေဆိုနေသည်။

"ဒါဆို အဲဒီညက နဒီလှိုင်းနဲ့ ဆုံခဲ့ရပုံလေး ပြန်ပြောင်းပြော
ပြပါလား"

"ဟုတ်ကဲ့ အဲဒီညက သူနဲ့တွေ့တာ ခဏလောက်ပါပဲ"

"ကဲ. . အဲဒီတွေ့ခဲ့တဲ့အကြောင်းကို အသေးစိတ် ရှင်းပြပေး
ပါ"

ကျော်စိုးက နားထောင်သူတွေထဲမှ သူ့မိန်းမမူယာ့အား
လိုက်ရှာကာ ကြည့်နေသေးသည်။ ဆရာသော်တာ ကတော့ မျက်လုံး
ပြူး အံ့အားသင့်ကာ သေချာနားစိုက်ထောင်နေ၏။

"အဲဒီညက သူနဲ့ စကားများခဲ့ကြတာပါ"

"ဟုတ်ပြီ. . ဆက်ပါဦး"

"သူက ည(၁၁)နာရီလောက်မှာ တွေ့ကြဖို့ ချိန်းဆက်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဒါကြောင့် ဦးစိုင်းလုံရဲ့ ဆိုင်မှာတွေ့ဖို့ အကြောင်းပြန်ခဲ့တယ်၊ ကျွန်တော့်မိန်းမကို ဗိုက်ဆာလို့ တစ်ခုခုသွားစားဦးမယ်ပြောပြီး ထွက်ခဲ့တာပါ"

"အဲဒီနောက် ဘာတွေဖြစ်ခဲ့သလဲ"

"ကျွန်တော်တို့တွေ့ကြတော့. . သူက ဒီတစ်ခါတွေ့တာ နောက်ဆုံးပဲလို့ ကျွန်တော့်ကိုပြောပါတယ်၊ အဲဒီမှာ စကားများကြပါတယ်၊ သူကဆက်ပြောတယ်. . ကျွန်တော့်ကို နောက်တစ်ခါ ထပ်မတွေ့ချင်တော့ဘူး. . အဆက်ဖြတ်တယ်လို့ ပြောပါတယ်"

"ဒီကိစ္စအတွက်နဲ့ပဲ စကားများခဲ့ကြတာပေါ့"

ကျော်စိုးနှင့် သူရွှေနေ၏ အမေးအဖြေများက မဆိုင်သူများအတွက် စိတ်ဝင်စားစရာကောင်းသော်လည်း ဖခင်နှင့် ခင်ပွန်းဖြစ်သူတို့ မျက်နှာမဖော်ရဲကြတော့။ ရှင်မင်းမှာလည်းနောက်ဆုံးခုံတွင်ထိုင်ကာ စိတ်ဝင်တစား နားထောင်နေသည်။

"စကားများရုံပဲလား၊ သူ့ကို ရိုက်လိုက်မိသေးလား"

ထိုမေးခွန်းကြောင့် ကျော်စိုး အတန်ကြာခေါင်းငုံ့သွားပြီးမှ ပြန်မော့လာကာ. .

"ကျွန်တော်လုပ်မိပါတယ်၊ သူက ကုတ်ဆွဲတော့ ဒေါသထွက်ပြီး ကျွန်တော် လက်ပြန်တစ်ချက် လွှဲရိုက်ခဲ့တာပါ"

"ခင်ဗျား ရိုက်လိုက်တော့ သူဘာဖြစ်သွားလဲ"

"သူလဲကျသွားပြီး ကားဘီးနဲ့ ဆောင့်မိသွားတယ်"

"ပြီးတော့. ."

ရွှေနေဦးသိန်းညွန့်က စကားလိုက်ထောက်ပေးနေသည်။

"ပြီးတော့. . နဒီလှိုင်းကို ပွေ့ထူပြီး ဆေးရုံပို့ဖို့ ဆုံးဖြတ်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဆေးရုံကော တကယ်ပို့ဖြစ်ခဲ့လား"

"မပို့ဖြစ်ပါဘူး၊ ကားပေါ်ရောက်တော့ သူ့ကောင်းသွားပါ တယ်၊ ဆေးရုံမသွားဖြစ်တာက သူ့ကို တစ်ယောက်ယောက်မြင်သွား မှာစိုးလို့ပါ၊ သူ့ကားဆီ ပြန်ပို့ပေးလို့ ပြောပါတယ်၊ ဒါကြောင့် ကိုစိုင်း လုံဆိုင်ကို ပြန်မောင်းခဲ့တယ်၊ ဆိုင်ရှေ့မှာ ချပေးခဲ့ပြီး ကျွန်တော် အိမ်ပြန်လာတာပါ"

"ဒါဆို ခင်ဗျား သူ့ကို နောက်အကျဆုံးတွေ့ခဲ့တာပေါ့၊ သူ အသက်ရှင်လျက်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ကိုကျော်စိုး အဲဒီအတွက် အပြစ်ပေးခံရနိုင်တယ်လို့ စိတ် ထဲမှာ မခံစားမိဘူးလား"

"ကျွန်တော့်မိန်းမအပေါ် လိမ်မိတဲ့အတွက် စိတ်ထဲမသိုး သန့် ဖြစ်သလိုတော့ ခံစားရပါတယ်၊ ကျွန်တော်ဟာ လင်ယောကျ်ား ကောင်းမဟုတ်တဲ့အပြစ်ပဲ ရှိပါတယ်"

ထိုစကားကြောင့် ရှင်မင်း မှုယာ့အား လှမ်းကြည့်မိသည် မှုယာ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေလေ၏။

"နဒီလှိုင်း သေတာနဲ့ပက်သက်ပြီး ကျွန်တော့်မှာ ဘာအပြစ် မှမရှိပါဘူး၊ ကျွန်တော်လုံးဝ မသတ်ခဲ့လို့ပါ၊ ဒီစကားကို ဘုရားရှေ့မှာ ကျိန်ပြောရဲပါတယ်"

"မေးစရာ မရှိတော့ပါဘူး၊ တရားသူကြီးမင်း ခင်ဗျား"

"ဒါဆို တရားလိုရှေ့နေ ဦးဇင်အောင် မေးရမယ့်အလှည့် ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေဇင်အောင်က ထိုင်ခုံမှမထဘဲ လှမ်းမေးလိုက်၏။

"ကိုကျော်စိုး . . ခင်ဗျားရဲ့မိန်းမကိုရော ရိုက်နှက်ဖူးတယ်မ ဟုတ်လား"

ဇင်အောင်၏ မေးခွန်းကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွား သူများမှာ ကျော်စိုးနှင့် မူယာတို့သာ ဖြစ်သည်။ ကျော်စိုး အတန်ကြာ ခေါင်းငုံ့ရင်း စဉ်းစားနေ၏။

"ဒီနေ့တော့ ကျွန်တော် တကယ့်အမှန်တရားကိုပဲ ပြောပါ့ မယ်၊ ဒီအဖြစ်အပျက်တွေ မတိုင်ခင် . . ကျွန်တော့်မိန်းမ မူယာကို ရိုက်ခဲ့မိပါတယ်၊ ဒီကိစ္စဟာ လျှို့ဝှက်ချက်တစ်ခု မဟုတ်ပါဘူး"

ဒီတော့ ဇင်အောင်ထလာက အသံကပို ကျယ်လာ၏။

"ဒါဆို ခင်ဗျားမှာ မိန်းမသားတွေအပေါ် အကြမ်းဖက်ချင် တဲ့စိတ်ရှိတယ်လို့ ဝန်ခံလိုက်တာပေါ့၊ ခင်ဗျားဟာ အားနွဲ့သူတွေကို အနိုင်ကျင့်တတ်တဲ့ သူတစ်ယောက်လား၊ တိုက်ဆိုင်တယ်ပဲ ပြောရမ လား၊ အဲဒီညမှာပဲ နဒီလှိုင်း ရက်ရက်စက်စက် အသတ်ခံခဲ့ရတယ်"

"ကျွန်တော် မသတ်ဘူးလို့ ပြောပြီးပြီလေ၊ ရိုက်ပဲရိုက်လိုက် တာ"

"ခင်ဗျားဟာ အကောင်ငယ်လေးတွေကို အမဲလိုက်ပြီးသတ် ဖြတ်တယ်၊ ဒီကြားထဲ အိမ်ကဇနီးမယားကို အကြမ်းဖက်ရတာလဲ ဝါသနာထုံသေးတယ်၊ ကဲ . . ကောင်းပြီ ခင်ဗျားပြောပြတဲ့ အဲဒီည က ဇာတ်လမ်းလေးမှာ အားနွဲ့သူကို အဆုံးစွန်ထိ အကြမ်းဖက်ခဲ့သ လား . . . ပြောစမ်းပါဦး၊ ငယ်ရွယ်ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်ကို ဘာလို့ ဒီလိုလုပ်ခဲ့တာလဲ၊ သူဟာ မြို့မျက်နှာဖုံး မိုက်ကယ်လ်ဦးဇော်ရဲ့ တစ်ဦးတည်းသော အမွေဆက်ခံမယ့်သမီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်. . ၊ ပြီးတော့ သူနဲ့ အင်မတန်လိုက်ဖက်ညီတဲ့ ပညာတတ်ဆရာကိုသော်တာနဲ့ လက်ထပ်ပြီး သူ့ဘဝလေး အေးချမ်းနေတယ်၊ လှပမယ့်အနာဂါတ်ကိုလည်း သူတို့ပိုင်ဆိုင်ထားကြတယ်၊ ဒီလိုမိန်းမသားတစ်ယောက်က ခင်ဗျားလို ကြမ်းတမ်းတဲ့ စရိုက်ရှိတဲ့သူကို ဘယ်လိုလုပ် လက်ခံချင်မှာလဲ"

"ဒီစကားမျိုး သူလည်း တစ်ခါက ကျွန်တော့်ကို ပြောခဲ့ဖူးပါတယ်၊ ခင်ဗျား ကြားချင်သလား. . ."

ကျော်စိုးက ရယ်လျှက်. .

"အဟင်း မိန်းမတစ်ယောက် စိတ်ကျေနပ်မှုရအောင် ဘယ်လိုဆက်ဆံရမလဲဆိုတာမျိုး သိတဲ့လူဆိုလို့ ဒီမြို့မှာ ရှင်တစ်ယောက်ပဲ ရှိမယ်ထင်တယ်တဲ့. . ၊ ခင်ဗျားကော အဲဒီ့အကြောင်း ဆက်ဆွေးနွေးချင်သေးလား"

ပရိတ်သတ်တချို့ ရယ်သံများထွက်လာ၍ ဇင်အောင် မျက်နှာအတော်ပျက်သွား၏။ ဇင်အောင်က ကျော်စိုးမျက်နှာကို စေ့စေ့ကြည့်ရင်း. .

"ခင်ဗျား တကယ်ပြောချင်တာလား. . ဆက်ပြောပါ. ."

"ကန့်ကွက်ပါတယ်. . ကန့်ကွက်ပါတယ်၊ ကျွန်တော့်အမှုသည် သိက္ခာကျအောင် စွပ်စွဲပြောဆိုနေတာပါ"

"ဦးဇင်အောင် အမှုနဲ့ပတ်သက်တာပဲ မေးပါ၊ ကိုယ်ရေးကိုယ်တာ မပါပါနဲ့"

ဦးသိန်းညွှန့် ကန့်ကွက်တာကို တရားသူကြီးက လက်ခံခဲ့သည်။

"ပုဂ္ဂိုလ်ရေးဆိုင်ရာကို ထိခိုက်စေတဲ့ မေးခွန်းမျိုး ရှောင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်အောင်"

"ဟုတ်ကဲ့ ကျွန်တော့်မေးခွန်းကို ပြန်လည်ရုပ်သိမ်းပါတယ်၊ ဆိုင်တဲ့အကြောင်းတွေပဲ ပြင်ဆင်မေးပါ့မယ်၊ ဟုတ်ပြီ. . ကိုကျော်စိုး အားလုံး နားလည်လက်ခံနိုင်မယ့် မေးခွန်းတွေနဲ့ပဲ ဆက်သွားရအောင်၊ ခင်ဗျားက အဲဒီညမှာမှ နဒီလှိုင်းနဲ့တိုက်ဆိုင်စွာပဲ ဆိုင်တစ်ခုမှာ ချိန်းတွေ့ခဲ့တယ်၊ ဟုတ်ပြီ. . . ဒါဆို တစ်ယောက်ယောက်က နဒီလှိုင်းကို ရိုက်နှက်ဒဏ်ရာရအောင်လုပ်ပြီးမှ အလောင်းကို ခင်ဗျားခြံထဲက ရေအိုင်ထဲ လာပစ်သွားတာပေ့ါ၊ အဲဒီ့လိုလား"

"တိုက်ဆိုင်မှုလို့ ကျွန်တော်မပြောခဲ့ပါဘူး"

"ဒါဆို ဘာပြောချင်တာလဲ"

"ကျွန်တော် ချောက်ချခံရတာ"

"အိုးဟိုး. . ဟိုး ခင်ဗျားရဲ့ ချေပချက်က သိပ်ကိုရိုးစင်းလွန်းတယ်ဗျာ"

ဇင်အောင်က ပရိသတ်ဘက်လှည့်ကာ ကျော်စိုးကို ကျောပေးထားရင်း. .

"ခင်ဗျားက နဒီလှိုင်းကို အထိန်းအကွပ်မဲ့ပြီး လေလွင့်နေတဲ့ မိန်းကလေးလို့ ထင်သလား၊ ဥပမာ ကြောင်ရိုင်းမလေး တစ်ကောင်လိုပေ့ါ"

ကျော်စိုးက ချက်ချင်းပင်. .

"မထင်ပါဘူး"

"ခင်ဗျား စခန်းမှူး ဦးမြဒင်ကို ပြောခဲ့တုံးက ခင်ဗျားလက်က ဒဏ်ရာက တောကြောင်ကုတ်သွားတာဆို. ."

"ဟုတ်တယ် ပြောခဲ့တယ်. ."



www.burmeseclassic.com

www.burmeseclassic.com



"တရားရုံးမှာ မမှန်မကန်တွေ ဘာလို့ပြောရတာလဲ၊ ခင်ဗျားလက်ကို ကုတ်ခဲ့တာ နဒီလှိုင်းပါ"

"ဟုတ်ပါတယ်၊ ဒါ. . ဒါပေမယ့်"

ဇင်အောင်က ကျော်စိုးကို အပြောမခံဘဲဆက်ကာ. .

"ဒါပေမယ့်စခန်းမှူးကို တောကြောင်ကုတ်တာပါလို့ ခင်ဗျားပြောခဲ့တာလေ၊ အဲဒီကြောင်ကိုလည်း ခင်ဗျားသတ်လိုက်ပြီလို့ ပြောခဲ့တယ်မဟုတ်လား"

"မှန်တယ် အဲဒီတုန်းက ကျုပ်လိမ်ပြောခဲ့တာ၊ ဘာလို့လဲဆိုတော့ ကျုပ်မိန်းမက စခန်းမှူးနားမှာ ရပ်နေတာလေ၊ အမှန်အတိုင်းပြောရင် ကျုပ်မိန်းမ သိသွားမှာပေါ့"

လေသံတွေက အပြိုင်မာနေကြပြီ။ ဇင်အောင်က လေသံကို ပိုမြှင့်ကာ. .

"အခုလည်း. . ခင်ဗျားအလိမ်တွေထွက်ဆိုနေတာ ကျုပ်သိတာပေါ့"

ဇင်အောင် အရှိက်ထိအောင် ပြောလိုက်နိုင်၏။

"မဟုတ်ဘူး"

"ခင်ဗျား အခုလိမ်ပြောနေတာ မဟုတ်ဘူးလို့ ကျုပ်ဘယ်လိုလုပ်သိမှာလဲ. . "

ရှေ့နေဇင်အောင်က ထိုစကားကို နင်းတော့သည်။ ဒီတော့ ဝူးဝူးဝါးဝါးနှင့် ကျော်စိုးက. .

"မဟုတ်ဘူး. . သူ့ကို ကျုပ်မသတ်ဘူး၊ သတ်တာက ဟိုမိန်းမ. . "

"ဒါ ရုံးတော်ပါ ကိုကျော်စိုး၊ ခင်ဗျားအပြုအမူကို ဆင်ခြင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုး ပေါက်ကွဲကာထရပ်ပြီး လက်သီးလက်မောင်းတန်းသည်အထိ ဖြစ်ကုန်သည်။ အစောင့်ရဲနှင့် တရားရေးဝန်ထမ်းများ ကျော်စိုးကိုဝိုင်းချုပ်လိုက်ရသည်။ ခက်နေတာက ကျော်စိုး အော်ဟစ်စွပ်စွဲကာ လက်ညှိုးထိုးနေသည်က ရှင်မင်းဖြစ်နေခြင်းပင်။

"စုန်းမ . . စုန်းမ . . ."

ထို့အတွက် ရှင်မင်းကိုယ်တိုင်လည်း အံ့သြရ၏။ ကျော်စိုးကတော့ တရားရုံးမှာ သောင်းကျန်းနေပြီ။

"အဲဒီစုန်းမ ကလိန်စေ့ငြမ်းဆင်ပြီး အကွက်စေ့စေ့ လုပ်ကြံခဲ့လို့ ကျုပ်အဖမ်းခံရတာ၊ စုန်းမ . . စုန်းမ . . ."

အခြေအနေကို ထိန်းမရတော့သဖြင့် ကြားနာစစ်ဆေးခြင်းကို ရပ်တန့်လိုက်ရပြီ။

"ဒီလိုပဲ အမျိုးမျိုးပြုစား အကွက်ဆင်ပြီး ဒီမြို့မှာ လုပ်စားနေတဲ့ မကောင်းဆိုးဝါးမ . ."

ကျော်စိုးအား ရဲတွေ ဆွဲခေါ်သွားတာတောင် စွပ်စွဲစော်ကား ပြောဆိုတာတွေ မရပ်သဖြင့် ရှင်မင်းရှက်ပြီး ရုံးတော်ထဲမှပြေးထွက်လာခဲ့၏။

ဒါတောင် ကျော်စိုး၏ အသံနက်ကြီးက ပြေးလိုက်လာသေး၏။ တရားရုံးအတွင်း ရှန်းရင်းဆံခတ်အခြေအနေကို ထိန်းသိမ်းကာ တရားသူကြီးကိုယ်တိုင်က ကျော်စိုးအား တရားရုံးမထီမဲ့မြင် ပြုလုပ်မှုနှင့် ထပ်မံစွဲချက်တင်လိုက်တာကိုပင် ရှင်မင်းမသိလိုက်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၉)

ထိုနေ့နောက်ပိုင်းမှာတော့ နဒီလှိုင်းအမှု မပြီးပြတ်သေးသော်လည်း ဆင့်ခေါ်မှုမရှိ၍ မသွားရတော့၊ အများပြောသံ ကြားရတာတော့ ကျော်စိုးလူသတ်မှုနှင့် ထောင်ကျဖို့ သေချာသလောက်ရှိနေပြီဖြစ်သည်။

တစ်ရက်တွင် တစ်ပတ်စာဈေးဝယ်ပြီး ပြန်အလာ မျှော်လင့်မထားသော ဧည့်သည်တစ်ယောက် ရောက်လာ၏။ လှမ်းခေါ်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လှည့်အကြည့်မှာ မူယာအားတွေ့ရသဖြင့် ရှင်မင်း အံ့ဩသွားသည်။ ကားပေါ်မှဆင်းပြီး တံခါးပြန်အပိတ်တွင် ချက်မကျတော့တာ သတိပြုမိသည်။ ဒီတော့မှ သူငယ်ချင်းအောင်ခိုင် ဘယ်လိုများဖြစ်နေသလဲ သတိရမိသည်။ သို့သော်. . မူယာရောက်နေသဖြင့် ထိုကိစ္စကို အလေးမထားနိုင်ခဲ့၊ မူယာ့ပုံစံက မဝံ့မရဲ ဖြစ်နေ၏။

"ဒီနေ့အတွက် နောက်ဆုံးစာရင်းပေးထားတဲ့သူလို့ သဘောထားပြီး မူယာ့ကိုကြည့်ပေးပါ ရှင်မင်းရယ်"

"ဘာတွေဖြစ်လာပြန်ပြီလဲ၊ မူယာ. . လာလေ ပစ္စည်းတွေအိမ်ထဲကူသယ်ပေးဦး"

ဘာမှ အမှတ်အတေးမထားဘဲ ကြည်ကြည်သာသာ ဖိတ်ခေါ်လိုက်တော့ မူယာဝမ်းသာသွားကာ အထုပ်အပိုးတွေကူဆွဲပြီး အိမ်ထဲလိုက်လာ၏။

"ရှင်မင်း ငါ ဘာကြောင့် လာရသလဲဆိုတာ နင် နားလည်မှာပါ၊ ဖြစ်ခဲ့တာတွေအတွက် နင့်ကို ငါ အပြစ်မတင်ပါဘူး၊ ဒါပေမယ့် နင့်အကူအညီကို ငါ အရမ်းလိုနေတယ်၊ ရှေ့လျှောက် ဘာဆက်ဖြစ်မလဲဆိုတာ ငါ အရမ်းသိချင်နေတယ်၊ ငါ့ကံကြမ္မာကို ကြည့်ပေးပါ ရှင်မင်းရယ်"

"ကဲပါ မူယာရယ်. . အေးအေးဆေးဆေးပေါ့ ခဏထိုင်ဦး၊ ငါ ပစ္စည်းတွေ သိမ်းလိုက်ဦးမယ်"

"သားရော. ."

"သားက ကျောင်းမှာလေ"

မူယာ့အား ထိုင်ခိုင်းပြီး ဝယ်လာသမျှတွေ ရေခဲသေတ္တာထဲ အစီအရီ ထည့်ရ၏။ ပြီးမှ ဟောခန်းသို့ မူယာ့အား ခေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


ရှင်မင်း ဖဲချပ်ထုပ်ကို ကလဖန်ထိုးပြီး အသင့်ပြင်ထားလိုက်သည်။

"ကိုကျော်စိုးအကြောင်း ငါအသိဆုံးပါ၊ သူ သိပ်ဒေါသကြီးတယ်၊ ဘာမဆိုလုပ်ပစ်ဖို့ အဲဒီဒေါသက ကူညီထောက်ပံ့နေတာလေ၊ ဒါပေမယ့်ဟယ်. . သူမရှိဘဲ ငါမနေနိုင်ဘူး၊ ရှင်မင်း နင်သိပါတယ်၊ ငါ့ဘဝမှာ သူတစ်ယောက်ပဲရှိခဲ့တာ၊ အခု ငါ. . ငါ အရမ်းကြောက်နေတယ် ရှင်မင်းရယ်"

"ဘာမှကြောက်နေစရာမလိုပါဘူး မူယာရယ်၊ အားလုံး သူ့သဘောသူ ဆောင်သွားမှာပါ"

ကတ်ပြားများ ခွေးထုတ်ကြည့်ရှုရင်း ပြောလိုက်သော ရှင်မင်း စကားကြောင့် မူယာ အားတက်ဝမ်းသာသွား၏။

ရှင်မင်း တဲရှေ့ကတ်တွေကို ကြည့်ရင်း အံ့ဩတုန်လှုပ်သွားသည်။ အမှတ်မထင် ဆွဲထုတ်စီတန်းထားသည့် ကတ်တွေအား အံ့အားသင့်စရာ အခြေအနေတစ်ခုကို ညွှန်ပြနေ၏။ ဒါကို မူယာရိပ်မိသွားကာ. .

"ဟင်!. . ဘာ. . ဘာလဲ ရှင်မင်း၊ ဘာမြင်ရလို့လဲ၊ နောက်ထပ် ဆိုးဆိုးဝါးဝါး ကိစ္စတစ်ခုခုလား"

"မဟုတ်. . မဟုတ်ပါဘူးမူယာ၊ ဟို. . ငါလည်း မသိတော့ဘူးဟာ၊ အခြေအနေက အရမ်းရှုပ်ထွေးနေတယ်၊ ငါတောင်းပန်ပါတယ်၊ အခုဘာမှ ဟောလို့ ရမှာမဟုတ်သေးဘူး၊ နင် ပြန်ပါတော့"

အားကိုးတကြီး ရောက်လာသော မူယာ စိတ်ဓာတ်ကျကာ ပြန်သွား၏။ ထိုနေ့က သားကို ကျောင်းကြိုပြီး ရက္ခပေဒဥယျာဉ်သို့ သွားကာ အချိန်ဖြုန်း အနားယူလိုက်သည်။ အပြန်မှာ ညနေစာတန်းဝင်ပြီး တရုတ်ဆိုင်၌ ညစာဝင်စားလိုက်ကြ၏။

www.burmeseclassic.com


အိမ်ပြန်ရောက်တော့ ညရှစ်နာရီရှိပြီ၊ မေမြို့သို့မဟုတ် ပြင်ဦးလွင်က နာမည်နှင့်မလိုက်အောင် ပူအိုက်နေ၏။ သားက ခုန် ပေါက်ကစားခဲ့ပြီး ဗိုက်လေးအောင် စားထားသဖြင့် အိပ်ငိုက်နေပြီ၊ သူ့ကို အဝတ်အစားလဲပေးပြီး အိပ်ယာပြင်ပေးလိုက်၏။ ချက်ချင်း ဆိုသလိုပင် သားဆီမှ ဟောက်သံထွက်လာသည်။

စိတ်ချရပြီမို့ ရေချိုးခန်းဝင်၍ ရေချိုးကန်ထဲ ရေဖြည့်လိုက် သည်။ ပြီးမှ တံခါးတွေ သော့မခတ်ရသေးတာ သတိရ၍ အောက် ထပ် ပြန်ဆင်းခဲ့ရ၏။ ပြတင်းပေါက်နှင့် တံခါးတွေ အသေအချာပိတ်၊ မီးတွေပိတ်ပြီး အိမ်ပေါ်ပြန်တက်လာခဲ့သည်။ ပူလောင်အိုက်စပ်နေ သည်မို့ ရေစိမ်ချိုးပစ်လိုက်မည်ဟု တွေးလာခဲ့သည်။ ရေချိုးခန်းနား အရောက်တွင် ရေစပ်စပ်ကို နင်းမိသဖြင့် လန့်ပြီးငုံ့ကြည့်လိုက်သည်။

"ဟင်. . ရေ. . ရေတွေ. . လျှံနေပါလား"

ရေစီးလာရာ ဇစ်မြစ်ကိုရှာတော့ ရေချိုးခန်းထဲမှ ဖြစ်နေ သည်။ ဆယ်မိနစ်တောင် မကြာသေးသည့် အချိန်မှာ ရေတွေပြည့်ရုံ မှမက လျှံကျလာသတဲ့လား၊ မဖြစ်နိုင်မှန်းသိ၍ ရေချိုးခန်းထဲ ဘာ ဖြစ်နေလဲတွေးကာ ထိတ်လန့်လာသည်။

ရေချိုးခန်းထဲမှလည်း ရေကျသံနှင့်ရောကာ ငိုသံတစ်ခုကို ကြားနေရ၏။ တံခါးကို တွန်းဖွင့်ကြည့်ဖို့ ရှင်မင်း တွန့်ဆုတ်တုန့် ဆိုင်းဖြစ်နေ၏။ တံခါးနားကပ်လာလေ ငိုသံက ပိုကျယ်လာလေဖြစ် သည်။ ဒီအိမ်မှာ သူမှမဖြေရှင်းလျှင် ဘာမှပြေလည်မှာ မဟုတ်သည့် အတွက် အရဲစွန့်ကာ တံခါးကို တွန်းဖွင့်လိုက်သည်။

"ဟင်!. ."

ရှင်မင်း တွေ့လိုက်ရသည်က ရေကန်ထဲ ကျော[?]ပေးကာ


www.burmeseclassic.com

www.burmeseclassic.com


ငုပ်တုတ်ထိုင်နေသော ဝတ်လစ်စလစ်နှင့် မိန်းမတစ်ယောက်ဖြစ်နေသည်။ တစ်ကိုယ်လုံး သံကြိုးတွေပါ ပတ်ထားသဖြင့် နဒီလှိုင်းဟု ရှင်မင်း သိလိုက်၏။

"ဘုရား. ဘုရား. . သူ ရောက်လာပြန်ပြီ ဒုက္ခပါပဲ၊ ကိစ္စတွေကပြီးပြီပဲ. . ဘာလို့ ငါ့ဆီလာရတာလဲ"

နဒီလှိုင်းက ဖားလျားကျနေသော ဆံပင်တွေကို သပ်တင်လိုက်ရင်း ဖြတ်ခနဲ လှည့်ကြည့်လာ၏။ မျက်နှာက ဒဏ်ရာများနှင့် အညိုအမည်းဆွဲနေကာ ကြောက်စရာကောင်းနေ၏။ ဒေါသထွက်နေပုံရသော နဒီလှိုင်းက. .

"အသုံးမကျတဲ့ ကောင်မ. . လူမှားနေပြီ"

သူမက ထိုသို့အော်ကာ ကုန်းထလာ၍ ရှင်မင်း အလန့်တကြား လှည့်ထွက်ပြေးဖို့ ကြိုးစားသည်။ သို့သော် နဒီလှိုင်းက ရေချိုးခန်း အပေါက်ဝသို့ ရောက်နေလေပြီ။

"အောင်မလေး!. ."

ရှင်မင်း ဗလုံးဗထွေး အော်ဟစ်ရင်း အကြောက်လွန်ကာ သတိလစ် လဲကျသွားတော့သည်။ ပိန်းပိတ်အောင်မှောင်နေသည့် နက်ရှိုင်းသော တွင်းနက်ကြီးထဲ ပြုတ်ကျသွားသလိုမျိုး သူမ ခံစားလိုက်ရတော့၏။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၀)

ဆရာသော်တာ ကျောင်းမလာတာ ကြာပြီဟု သိရသဖြင့် အိမ်လိပ်စာမေးကာ လူနာမေးရန် ရှင်မင်း လိုက်သွား၏။ ညကပျောက်နေတာကြာပြီဖြစ်သော နဒီလှိုင်း ပြန်ရောက်လာကာ အိပ်ခန်းထဲထိပါ ဝင်ရောက်စိုးမိုးနေ၏။

လိပ်စာအတိုင်းရောက်တော့ ခြံဝင်းရှေ့မှာ ရတနာပုံသတင်းစာတွေ ပြန့်ကျဲနေတာ တွေ့ရသည်။ အခြေအနေကတော့ ကိုးသော့ကားပါ ရှိနေသဖြင့် အိမ်ထဲကအိမ်ပြင် မထွက်ပုံပေါ်၏။ သတင်း



www.burmeseclassic.com

www.burmeseclassic.com



စာတောင် ထွက်မယူတဲ့သဘောပင်ဖြစ်သည်။

"ဆရာ. . ဆရာ. . ."

ပြန်ထူးသံမကြား၍ ရှင်မင်း အိမ်တံခါးကို တွန်းဖွင့်ကြည့်သည်။ အလွယ်တကူ ပွင့်သွား၍ အိမ်ထဲ အရဲစွန့်ဝင်လာခဲ့သည်။ ဆရာ့ကို ဝေးဝေးလံလံ သွားရှာမနေရ၊ ဧည့်ခန်းက ဘီယာပုလင်းတွေ ကြားထဲမှာ ဆံပင်စုတ်ဖွားနှင့် တွေ့ရ၏။ ဆရာ ဘီယာသောက်ပြီး ဘဝကိုမေ့ပစ်ဖို့ ကြိုးစားနေပုံပေါ်၏။

"ဆရာ. ."

"ဟင်. . ရှင်. . ရှင်မင်း. . လာ. . လာဗျာ၊ ရှုပ်ပွနေတော့ အားနာလိုက်တာ"

"ရပါတယ် ဆရာ"

"ပုံ. . ပုံမှန်အတိုင်း ဆိုရင်တော့. . ဒါတွေ ကျွန်တော် မသောက်ပါဘူး"

"ကျွန်မ နားလည်ပါတယ် ဆရာရယ်"

ကိုသော်တာ လမ်းလျှောက်တာတောင် ယိမ်းယိုင်နေ၏။ ဘာမှမစားဘဲ သောက်ပဲသောက်နေပုံပေါ်၏။

"ဆရာ အိပ်လိုက်ပါလား၊ အနားယူလိုက်ရင် ကောင်းမယ်"

"ကျွန်တော် လုံးဝမခံစားနိုင်ဘူး ဖြစ်နေတယ်ဗျာ၊ နဒီ သက်တမ်းစေ့ မနေရဘူးဆိုပေမယ့် သူ့မှာ ဒီလိုသေရမယ့်ကံ ပါလာတာကိုး. . ."

"လူဆိုတာ သေမျိုးပါ ဆရာ"

"ရှင်မင်းက ခံစားရတဲ့သူမှ မဟုတ်တာ"

"ကျွန်မလည်း ခင်ပွန်းဆုံးရှုံးခဲ့ရတာ မကြာသေးပါဘူးဆ



www.burmeseclassic.com

www.burmeseclassic.com



ရာ"

"ဪ. . ဟုတ်သားပဲ ဆောရီးနော်၊ ကျွန်တော်တို့ ဝေဒနာ တူသွားကြပြီပေါ့"

"ဟုတ်တယ်ဆရာ၊ ဆရာက ယောက်ျားပဲ၊ ကျွန်မလို မုဆိုးမတောင် ဒီလိုပဲ ဆက်ပြီးရှင်သန်ဖို့ ကြိုးစားနိုင်သေးတာပဲလေ၊ သေသောသူ ကြာရင်မေ့တဲ့"

"ဟုတ်ပါပြီ၊ ကျွန်တော် ကြိုးစားပါ့မယ်"

"အချိန်တော့ ယူရမှာပေါ့ဆရာ၊ သောက်ပဲ သောက်မနေနဲ့နော် အစားလည်းစားဦး၊ တော်ကြာလဲသွားလိမ့်မယ်"

"ဟုတ်ကဲ့ပါ"

"ဖြေသာအောင်ဖြေပါဆရာ၊ ဒါနဲ့ ကျွန်မတော့ နဒီလှိုင်းကိုကိုကျော်စိုး သတ်တယ်လို့ မထင်မိဘူးဆရာ"

"ဗျာ. ."

ရှင်မင်းစကားကြောင့် ကိုသော်တာ အမူးပြေသွား၏။

"ကျွန်မ ဒါကိုမပြောသင့်ဘူး၊ ဒါပေမယ့် တရားခံ အစစ်ပဲ ပြစ်ဒဏ်ကို ခံသင့်တယ်လေ"

"အားလုံး ပြီးသွားပြီပဲ၊ အစပြန်မဖော်ပါနဲ့၊ တော်ပါတော့. . ကျွန်တော် အဲဒီကိစ္စကို လုံးဝမတွေးချင်တော့ဘူး၊ ကျော်စိုးလည်း ငြင်းလို့မှမရတာ. . ဒီကောင် ထောင်ကျတော့မှာ. ."

"ကျွန်မ နားလည်ပါတယ်၊ တကယ်ကျူးလွန်တဲ့သူပဲ ထောင်ထဲရောက်စေချင်တဲ့သဘောမျိုး ပြောတာပါ"

"ဒါပေမယ့် သူက အပြစ်ရှိတဲ့သူပဲလေ"

"မဟုတ်ဘူးဆရာ၊ ကျွန်မ အာရုံထဲမှာ မြင်နေတယ်၊ နဒီ



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းကိုသတ်တာ ကိုကျော်စိုး မဟုတ်ဘူး၊ သူ့မိန်းမ မူယာလာသွားတုန်းက ရှင်မင်း ကြည့်ပေးလိုက်သေးတယ်၊ အဲဒီမှာ ဖဲချပ်တွေက တစ်ဆင့်သိရတာ၊ အပေါင်းလက္ခဏာပါတဲ့ ဖဲတစ်ချပ်ပါလာတယ်၊ တရားခံက ကိုကျော်စိုးမဟုတ်ဘူး၊ နောက်တစ်ယောက်ဖြစ်လိမ့်မယ်"

ကိုသော်တာ ဣန္ဒြေမဆည်နိုင်အောင် ဖြစ်သွားသည်။

"ဒါ. . ဒါဆို ဘယ်သူသတ်တာလဲ၊ လူသတ်သမားကို ဆရာမ. . မြင်ခဲ့လား"

"အင်း. . ကျွန်မ ကြိုးစားကြည့်နေတယ်၊ ဒါပေမယ့် သေချာမသိရသေးဘူး ဖြစ်နေတယ်"

"ဒါဖြင့် ကျွန်တော်တို့ ဘာဆက်လုပ်ကြရင် ကောင်းမလဲ"

"နဒီ့ရဲ့ အဝတ်အစား တစ်ခုလောက်ယူပြီး ရေကန်နားသွားပြီး အာရုံပြုကြည့်ရင် ပိုကောင်းနိုင်တယ် ဆရာ"

"ကျွန်တော်က အားလုံးပြီးသွားပြီ ထင်နေတာ၊ ဒါတွေက ပြီးမှမပြီးသေးဘဲ. . ."

ကိုသော်တာ ဘီယာတစ်ပုလင်း ထယူကာ ဖောက်သောက်နေ၏။

ကိုသော်တာ အတော်မှုးနေသဖြင့် ရှင်မင်း မနေသင့်တော့မှန်းသိကာ. . .

"ကဲ. . ဈေးဝင်ဝယ်ရဦးမှာမို့ သွားမယ်နော်၊ နောက်မှတွေ့ကြတာပေါ့ ဆရာ"

"ဟုတ်ကဲ့. . ခုလို သတင်းလာမေးဖော်ရတာ ကျေးဇူး"

ရှင်မင်း ပြန်လာခဲ့သော်လည်း စိတ်ထဲမတင်မကျ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမထပ်၍ အာရုဏ်ပြုကြည့်ရဦးမည်ဖြစ်သည်။

လောလောဆယ်တော့ အိမ်ကိုပဲပြန်တာ ကောင်းလိမ့်မည်ဟု တွေးလိုက်မိတော့၏။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

ရှင်မင်း ပြူတင်းပေါက်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းကာ ဖဲချပ်များကိုင်ရင်း အာရုံပြုနေလိုက်သည်။ ထို့နောက် ဖဲချပ်များကို ခုံပေါ်သို့ တစ်ရွက်ချင်းချလိုက်၏။ အပေါင်းဖဲချပ်ကတော့ ပါလာမြဲပါနေ၏။

ရှင်မင်း ဖဲချပ်တွေကြည့်နေရင်း မျက်လုံးတွေ ပြန်မှေးစင်း သွား၏။ ချက်ချင်းဆိုသလိုပင် ဖယောင်းတိုင်မီးက ဟုပ်ခနဲ ငြိမ်းသွား သည်။ ထိုစဉ် လက်ဆေးဘေဇင်၏ ဘုံဘိုင်ခေါင်းမှ ရေကျသံ တစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပေါက်ကို ကြားနေရသည်။ ရေသံအဆက်မပြတ် ကြားလာရသောအခါ ကန်ထဲမှရေတွေ လေတိုက်ပြီး လှိုင်းဘောင်ဘင်ခတ်သလိုအသံမျိုး ဖြစ်လာ၏။

ရှင်မင်း ရုတ်တရက် လှည့်ကြည့်လိုက်၏။ ဘုံဘိုင်မှ အဆက်မပြတ်ကျနေသော ရေတွေအရောင်ပြောင်းကာ သွေးတွေဖြစ်သွား၏။ ထိုစဉ်မှာပင် တဲရှေ့ကတ်ပြားတွေ လေပြင်းကြောင့် လွင့်ပါသွားကြလေသည်။ ရှင်မင်းလည်း သတိလစ်သလို ဖြစ်နေ၏။

သို့သော် အာရုံထဲတွင် ရှုပ်ထွေးသော မြင်ကွင်းများကို မြင်နေရသည်။ ကျော်စိုးခြံထဲ သူမရောက်နေပြန်သည်။ တနေရာအရောက် သွေးကွက်များတွေ့သဖြင့် ထိုင်ကာငုံ့ကြည့်ခိုက်. .

သူမကိုယ်ပေါ်သို့ အရိပ်တစ်ခုကျလာလေသည်။ မော့ကြည့်လိုက်ရာ ဓါတ်မီးကိုင်ထားသောလက်တစ်ဖက် မြောက်တက်လာတာကို အံ့အားသင့်စွာ မြင်လိုက်ရသည်။ ထိုဓာတ်မီးက သူ့ခေါင်းအား ရိုက်ချလိုက်သည့်အခါ. .

"ဒုတ်!. ."

"အား!. . သေပါပြီ"

ရှင်မင်း တကိုယ်လုံးတုန်သွားကာ သတိပြန်ဝင်လာတော့သည်။ သူ မြင်တွေ့ခဲ့ရတာကို သူ မယုံနိုင်ဖြစ်နေသည်။ နဒီလှိုင်းကို သတ်သည့် လူသတ်သမားက ဓာတ်မီးနှင့် လှဲရိုက်ခဲ့တာဖြစ်ကြောင်း ရှင်မင်း မြင်လိုက်ရတာလား၊ ဒါမှမဟုတ် အနာဂါတ်မှာ ဖြစ်လာမည့် ဖြစ်စဉ်တစ်ခုလားဆိုတာတော့ မသေချာသေး. .

ထို့အတွက် တအားပင် စိတ်လှုပ်ရှားနေမိသည်။ သို့သော် လူသတ်သမား၏ လက်တစ်ဖက်ကိုသာ တွေ့ခဲ့ခြင်းဖြစ်၍ အားမလို

www.burmeseclassic.com



အားမရ ဖြစ်နေသည်။ ဒီအတိုင်းဆိုလျှင်တော့ အလောင်းတွေ့ခဲ့သည့် ရေကန်နားမှာပင် အဖြေရှိလိမ့်မည်ဟု ခန့်မှန်းလို့ရသွားသည်။

သူတစ်ယောက်ထဲတော့ မသွားရဲ. . ဘယ်သူ့ကို ဒီကိစ္စတိုင်ပင်ကြည့်လျှင် ကောင်းမလဲတွေးတော့ ရှေ့နေဇင်အောင်ကို သတိရသွား၏။ အချိန်ကလည်း မှောင်ရီပျိုးစ ဖြစ်နေလေပြီ။ သို့သော်. . တရားခံအစစ်ကို မမိဘဲ တအုံနွေးနွေးနှင့် ရှင်မင်း မနေချင်တော့သို့နှင့် စိတ်စောစွာပင် သားကို အမေ့အိမ် ခေါ်လာခဲ့သည်။

စကားတွေ မရှုပ်အောင် အရေးကြီးကိစ္စနှင့် မန္တလေး ခဏသွားမလို့ဟုသာ ရှင်းပြပြီး ပြန်ထွက်လာခဲ့သည်။ ဇင်အောင့် အိမ်ရောက်တော့ မိုးစုပ်စုပ်ချုပ်နေပြီ ဖြစ်၏။ ဇင်အောင်အား အဆင်သင့်ပင် တွေ့ရသည်။ ချမ်းချမ်းနှင့် အရက်ကို အဖော်ပြုနေတာတွေ့တော့ စိတ်ပျက်လက်ပျက် ဖြစ်မိသေးသည်။ ရောက်လာမှတော့ ဆွေးနွေးကြည့်မည်ဟုပင် အားတင်းလိုက်ရသည်။

"ဆရာမ ညဘက်ရောက်လာပုံထောက်တော့ အရေးကြီးကိစ္စတွေ သယ်လာပြန်ပြီ ထင်တယ်၊ ကဲ. . ဘာများလဲ ပြောပါဦး"

ရှင်မင်းက မထိုင်သေးဘဲ. .

"ကျွန်မတို့ အမှားတွေ လုပ်မိတော့မယ်ထင်တယ်၊ အဲဒါ တိုင်ပင်ချင်လို့. ."

သောက်လက်စ အရက်ခွက်ကိုကိုင်ရင်း ဇင်အောင်က. .

"ဘာအမှားလဲဗျ"

"ကျွန်မတော့ နဒီလှိုင်းကို ကိုကျော်စိုးသတ်ခဲ့တာ မဟုတ်ဘူး လို့ထင်တယ်"

"မဖြစ်နိုင်တာဗျာ၊ သူ သတ်တာ သေချာပါတယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



နောက်ရုံးချိန်းကျရင်ပဲ စီရင်ချက်ချတော့မှာ၊ အမှုကလည်း ပြီးတော့မှာ. . ”

“ကျွန်မ အလေးအနက် ထပ်ပြောပါရစေ၊ ကိုကျော်စိုး လူသတ်သမား မဟုတ်ပါဘူး၊ လူသတ်သမားက အပြင်မှာ လွတ်နေပါတယ် ကိုဇင်အောင်”

“ဒါ ဘယ်လို အပေးအယူမျိုးလဲ ဆရာမ၊ ကျော်စိုးက သူ့မိန်းမကတဆင့် ဆရာမကို ခြိမ်းခြောက်ခဲ့လို့လား၊ ဒါဆိုရင် ဒီကောင် အမှုပိုကြီးသွားပြီနော်”

“အို. . . မဟုတ်ဘူး ကိုဇင်အောင်၊ ကျွန်မကို သူ မခြိမ်းခြောက်ပါဘူး၊ ကျွန်မ ရှင်းပြတာကို နားထောင်ပါဦး၊ ကျွန်မ အသေအချာ ပြောနိုင်တာကတော့ နဒီလှိုင်းကို ကိုကျော်စိုး မသတ်ခဲ့ဘူးဆိုတာပဲ၊ သူ့ခြံထဲက ရေကန်ထဲကို တစ်ယောက်ယောက် လာပစ်သွားတာ”

ရှင်မင်း ခုံတွင်ဝင်ထိုင်ကာ သေချာရှင်းပြလိုက်၏။

“ဒါဆို တကယ့်လူသတ်သမား ဘယ်သူလဲဆိုတာ ခင်ဗျား သိလား”

“မသိပါသေးဘူး”

“ဒါဆို ဆရာမ ဘာကိုစိုးရိမ်နေတာလဲ၊ ဟိုအကောင်ကလည်း ရမန်ကြီးနဲ့ အချုပ်ထဲမှာလေ”

“ဒီနေ့ ထူးထူးဆန်းဆန်း အသိပေးတာမျိုး ကြုံခဲ့ရတယ်၊ ကျွန်မကို တစ်ယောက်ယောက် သတ်ဖို့ကြိုးစားနေတယ်လို့လည်း ထင်မိတယ်”

ရှေ့နေဇင်အောင်ထံတွင် အံ့သြရိပ် စွန်းထင်နေတာ တွေ့



www.burmeseclassic.com

www.burmeseclassic.com



နေရ၏။

"အဲဒီတော့ ကျွန်တော့်ကို ဘာလုပ်ပေးစေချင်တာလဲ"

"အမှုထပ်ဖွင့်ပြီး တကယ်ကျူးလွန်ခဲ့တဲ့ လူသတ်သမားကို ရှာပေးဖို့ပါ"

ဇင်အောင်မှာ ရှင်မင်းစကားကို ကြားသည်နှင့် အတော်စိတ်ပျက်သွားသည့်ပုံဖြင့်. .

"ဒါတော့ ကျွန်တော် မကူညီနိုင်ဘူး၊ ပြစ်မှုထင်ရှားလို့ မကြာခင် စီရင်ချက်ချတော့မှာ"

"ရှင် တစ်ယောက်ယောက်ကို ပြောပြပေါ့၊ တရားသူကြီးဖြစ်ဖြစ်. ."

"မဖြစ်နိုင်တာဗျာ၊ ကျွန်တော်က တရားလိုရဲ့ရှေ့နေလေ၊ ဒီကောင် အပြစ်မရရအောင် မနည်းကြိုးစားခဲ့ရတာ၊ ခုမှ သူကတရားခံ မဟုတ်ပါဘူးလို့ပြောရင် ကျွန်တော် အရူးဖြစ်သွားမှာပေါ့၊ နောက်ပြီး ဒီအမှုကို အစကနေ ကျွန်တော်ပြန်မစချင်တော့ဘူးဗျာ"

ပြောပြီး ဇင်အောင် ခုံမှထရပ်ကာ သူမကို ကျောပေးထားလိုက်၏။

"ရှင် မကူညီရင်လည်း ဒီကိစ္စကို ကျွန်မ လက်မလျှော့ဘူး၊ ရှင်သိအောင် ကျွန်မပြောထားလိုက်မယ်. . ရှင်နဲ့ နဒီလှိုင်းတို့ရဲ့ အရှုပ်တော်ပုံကို ကျွန်မ မသိဘူးမျှားမှတ်နေသလား"

ထိုစကားအတွက် ဇင်အောင် မော့သောက်နေသော အရက်ပင်နင်သွားပြီး ရှင်မင်းဘက်လှည့်ကာ ပမာမခန့် အမူအရာနှင့် လှောင်သလိုရယ်ရင်း. .

"ခင်. . ခင်ဗျား ဘာတွေလာပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ နဒီလှိုင်း အသတ်မခံရခင်အချိန်လေးမှာ ရှင်နဲ့ အတူ ရှိနေနိုင်တာပဲလေ"

ဇင်အောင် သူမကို စူးစိုက်စွာကြည့်လိုက်ပြီး စိတ်ပျက်လက်ပျက် ခေါင်းရမ်း၏။ ရှိုးကေ့စ်အနီး လျှောက်သွားရင်း ပုလင်းကိုယူ၍ တစ်ခွက်ထပ်ငှဲ့သည်။ မျက်နှာကို လက်ဖြင့်တစ်ချက် သပ်ချကာ. . ရှင်မင်းအား အထင်သေးသလို ကြည့်လိုက်ရင်း. .

"ခင်ဗျား ပိုက်ဆံဘယ်လောက်ယူမလဲ"

စော်ကားတာဖြစ်သော်လည်း ရှင်မင်း သည်းခံလိုက်၏။

"မဟုတ်ပါဘူး၊ ကျွန်မ ပိုက်ဆံမလိုဘူး၊ လိုတာက ဒီအမှု ပြန်စစ်ပေးဖို့ပဲ"

"ခင်ဗျားပြောပုံအရဆို ပြီးသွားတဲ့ကိစ္စကို ကျုပ်က ပြန်ညှာပေးရမလို ဖြစ်နေပြီ၊ ဒီကိစ္စ ပြန်ဖော်လို့ ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူး၊ အခုတောင် ခင်ဗျားမှာ အန္တရာယ် ကြုံရနိုင်တယ်လို့ ထင်နေပြီ မဟုတ်လား၊ အကျိုးသင့်အကြောင်းသင့်လေး တွေးစမ်းပါဗျာ"

ရှေ့နေက ရှင်မင်းအား နားချစည်းရုံးနေသည်။

"တကယ်အန္တရာယ်စမှာက ဒီအမှုပြန်စစ်ဖို့ တစ်ယောက်ယောက်က ပြန်ဖော်တဲ့အချိန်ပဲ၊ ခင်ဗျားရဲ့ အိပ်မက်တွေကို တစ်ယောက်ယောက်က ဖျက်ဆီးပစ်မှာကိုပဲ တွေးပူပါ၊ ပြီးတော့ ခင်ဗျား အသက်အန္တရာယ် ပိုရှိနိုင်တယ်၊ တရားခံစာရင်းမှာလည်း ခင်ဗျား ထိပ်ဆုံးက ပါသွားလိမ့်မယ်"

ရှင်မင်း အတန်ကြာသည်အထိ ဘာစကားမှ မပြောနိုင်ဘဲ ငိုင်နေမိသည်။

"ကျွန်မ စိတ်ပူနေတာက အပြစ်မရှိတဲ့ လူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com


အပြစ်ပေးမိမယ့် ကိစ္စပဲ၊ အဲ့ဒီလူ ဘယ်လောက်ပဲ စိတ်ဓါတ်အောက်တန်းကျပါစေ၊ ကျွန်မ ဂရုမစိုက်ဘူး၊ ဒီကိစ္စမှာ ကျွန်မသူ့ကို ကူညီရမယ်၊ ကျွန်မ ဒီအတိုင်း ကြည့်မနေနိုင်ဘူး"

ရှင်မင်း အိမ်ပြန်ဖို့ ထရပ်ပြီး တံခါးဝဆီသို့ လျှောက်လာခဲ့၏။

"နောက်ဆုံးအနေနဲ့ မေတ္တာရပ်ခံပါရစေ. . ကိုဇင်အောင်၊ အမှုပြန်စစ်လို့ရမယ့် နည်းလမ်းလေး ရှာကြံပေးပါလို့ အဲလိုမှမဟုတ်ရင် ဖြစ်တဲ့နည်းနဲ့ ကျွန်မ ဆက်လုပ်မယ်ဆိုတာပါပဲ"

စကားကုန်ပြောပြီး ရှင်မင်း လှည့်ထွက်လာခဲ့တော့၏။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၂)

ဘောင်ပေါ်ရာသီဥတုက ချက်ချင်းပင်ပြောင်းလဲသွားသည်။ ညကောင်းကင်တွင် လျှပ်စီးတို့ ပြိုးပြက်ဝင်းလက်နေသည်။ မိုးရွာတော့မည် ထင်၏။ ရှင်မင်း ကားအမြန်မောင်းကာ အိမ်ပြန်လာခဲ့သည်။ အပြန်လမ်းမှာပင် မိုးက သည်းသည်းမည်းမည်း ရွာလာ၏။ မိုးရွာ၍ လူရှင်းနေသဖြင့် အရှိန်တင်ကာ မောင်းလာခဲ့၏။

သူ့အိမ်ခြံဝင်းအတွင်း ခြုံအဝင်တွင် ချုံတွေကြားထဲ ရပ်နေသော အောင်ခိုင့်ကိုတွေ့လိုက်၏။ ရှင်မင်း ဝမ်းသာသွားသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



မှ ရှင်မင်းအား ကူညီမည့်သူအစစ်ဖြစ်သည်။ ရှင်မင်း ကားပေါ်မှ ဆင်းပြီး အော်ခေါ်လိုက်၏။

"အောင်ခိုင်. . အောင်ခိုင် ငါ ပြန်ရောက်ပြီလေ၊ မိုးရွာနေတယ်. . လာ အိမ်ထဲဝင်"

တုန့်ပြန်သံ မကြားရသလို အောင်ခိုင့်ကိုလည်း မတွေ့ရတော့သဖြင့် စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ စောစောကတွေ့ခဲ့သည့် ချုံတွေနား သွားရှာကြည့်သည်။ သို့သော် ဘယ်သူမှမတွေ့၊ မိုးကလည်း မစဲသေးသည်မို့ အိမ်ထဲဝင်လာခဲ့ရ၏။ အိမ်ရောက်တော့ သားကို သတိရလာသဖြင့် အမေ့ထံ ဖုန်းဆက်လိုက်သည်။ သားအိပ်နေပြီဆို၍ မနက်မှပဲ လာခေါ်တော့မည်ဟု ပြောလိုက်တော့၏။

ထိုစဉ် အရိပ်တစ်ခုဖြတ်သွားတာကို မှန်ပြတင်းမှတဆင့် မြင်လိုက်ရာ စိတ်ထင့်သွား၏။ အောင်ခိုင် နောက်နေတာလား အတွေးနှင့် အိမ်ပြင်ထွက်ခဲ့ရပြန်သည်။ ခြံထဲလှမ်းကြည့်ဖွေရှာရင်း. .

"အောင်ခိုင်. . အောင်ခိုင် နင်ရောက်နေတာလား"

အကြိမ်ကြိမ် အော်ခေါ်သော်လည်း ထူးသံ မကြားရသဖြင့် စိုးထိတ်သွားသည်။ လုံလုံခြုံခြုံ အိမ်ထဲမှာပဲ နေတော့မည်ဟု ဆုံးဖြတ်ပြီး ပြန်အလှည့်တွင်. .

"အောင်မလေး. . ဘုရား. . ဘုရား"

"ဟာ. . ဆော. . ဆောရီး ဆရာမ၊ ဆရာမ လန့်သွားရပြီ၊ တောင်းပန်ပါတယ်ဗျာ"

အိမ်ထဲဝင်ဖို့ ပြန်အလှည့်တွင် လူတစ်ယောက်နှင့် ပက်ပင်းဆုံသဖြင့် ရှင်မင်း အတော်ပင် လန့်သွားရသည်။ ရောက်လာသူက မျှော်လင့်ထားသည့် အောင်ခိုင်မဟုတ်ဘဲ ဆရာသော်တာဖြစ်နေ၍



www.burmeseclassic.com

www.burmeseclassic.com


ပိုပြီးအံ့ဩမိသည်။

"ဟင် ဆရာ. . ဟို. . ဟိုလေ၊ ခုနက ဒီနားမှာ အောင်ခိုင်ကိုတွေ့မိသေးလား"

"ဝပ်ရှော့ထောင်ထားတဲ့ အောင်ခိုင်လား၊ ဟင့်အင်း မတွေ့ပါဘူး၊ သူ. . အချုပ်ကျနေတယ်မို့လား ဆရာမရဲ့"

"အင်း. . ဟုတ်ပါရဲ့ ကျွန်မ အမြင်မှားတာ ဖြစ်မှာပါ"

"ဆရာမ ဘာတွေဖြစ်နေတာလဲ အဆင်ပြေရဲ့လား"

"ပြေ. . ပြေပါတယ်ဆရာ၊ ဒါနဲ့ ဆရာက အချိန်မတော်ကြီး ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်လည်း မသိတော့ဘူးဗျာ၊ နေမထိထိုင်မရနဲ့ စိတ်ထဲ မွန်းကျပ်နေလို့ ထွက်လာမိတာ၊ ဆရာမ ပြောခဲ့တာတွေ ပြန်ကြားပြီး အရမ်းခံစားနေရတယ်၊ ကျွန်တော် ရူးချင်နေပြီ ဆရာမ၊ ကျွန်တော် ဒီအတိုင်းမနေနိုင်တော့ဘူး၊ ဖြစ်နိုင်ရင် ကျွန်တော့်ကံကြမ္မာကို ကြည့်ပေးပါလား ဆရာမရယ်"

အပူတပြင်း တောင်းဆိုနေ၍ ဆရာသော်တာအား အိမ်ထဲသို့ ဖိတ်ခေါ်ရတော့၏။ ဟောခန်းတွင် နေရာပေးပြီး တဲရော့ကတ်တွေ ထုတ်ယူရပြန်သည်။ ကတ်တွေရွေးထုတ်ပြီး အာရုံစိုက် ကြည့်သော်လည်း ဘာကိုမှမမြင် မတွေ့ မသိရပေ. .။

"ကျွန်မ ဘယ်လိုမှ အာရုံစိုက်လို့ မရဘူး ဖြစ်နေတယ် ဆရာ"

"ဆရာမရယ် ကြိုးစားကြည့်ပါဦး"

"ကျွန်မ ဘာကိုမှ မသိနိုင်ဘူးဖြစ်နေတာ"

ဒီတော့ ဆရာသော်တာက. .


www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ကျွန်တော့်ကို ပြောခဲ့တာမှတ်မိသေးလား"

"ဘာကို ပြောတာလဲ ဆရာ"

"လူသတ်သမားကိုရှာဖို့ ရေကန်နားမှာ သွားကြည့်ရင် ထူးခြားနိုင်တယ်ဆိုတာလေ၊ အဲဒါ အခုသွားကြည့်ကြမလား၊ ကျွန်တော်လိုက်ကူပေးမယ်လေ"

"ဟင် . . ဆရာက ဒီညသွားဖို့ ပြောနေတာလား၊ ဟင့်အင်း မဖြစ်ပါဘူး၊ မိုး ဒီလောက်ရွာနေတာ . . ၊ ညကြီးမိုးချုပ်တော့ မသွားချင်ဘူး ဆရာ"

ဆရာသော်တာ မျက်နှာက ညှိုးကျသွားသည်။ ဇနီးကိုသတ်သည့် တရားခံအစစ်ကို တအားသိချင်နေပုံရ၏။ သနားတတ်သော ရှင်မင်း ဆုံးဖြတ်ချက် ပြောင်းလိုက်ရသည်။ သို့နှင့် ဆရာသော်တာနှင့်အတူ ကျော်စိုး ခြံကြီးဆီသို့ ထွက်လာခဲ့ကြ၏။

ညဘက် မြူနှင်းငွေ့တွေကြားထဲ ကားတစ်စီး အရှိန်ဖြင့်ပြေးလွှားနေ၏။ အချိန်မတော် လူပြတ်သည့်နေရာကို ထွက်လာရ၍ စိုးရွံ့မိသော်လည်း ဆရာ၏သိက္ခာနှင့် ကိုယ်ကျင့်တရားကို ယုံကြည်ကာ လိုက်လာခြင်းဖြစ်သည်။ ပြီးတော့ သူကိုယ်တိုင်လည်း လူသတ်တရားခံအစစ်ကို ဖော်ထုတ်လို၍ အရဲစွန့် ထွက်လာခဲ့ခြင်းလည်း ဖြစ်၏။

ခြံတခါးကို အသံမကြားအောင် တွန်းဖွင့်ရင်းဝင်လာခဲ့သည်။ အချိန်မတော် သူများခြံထဲ ခိုးဝင်သလိုဖြစ်နေ၍ စိတ်ထဲတော့ မလုံမလဲ ဖြစ်မိသည်။ ကန်နားသို့အရောက်တွင် ကားရပ်ပြီး ကားပေါ်မှ ဆင်းခဲ့ကြသည်။ မိုးက မသည်းတော့ . . ၊ တဖွဲဖွဲသာ ကျနေသော်လည်း လျှပ်စီးလက်ပြီး မိုးခြိမ်းသံတွေကို အတိုင်းသား ကြား



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ လျှပ်စီးရောင်ဖြင့် မြင်နေရသော ရေကန်ကြီးက ချောက်ခြားဖွယ် ကောင်းနေ၏။

"ဒီနားမှာပတ်လျှောက်ရင်း အာရုံပြုကြည့်ပါလား"

"ကြိုးစားကြည့်ရမှာပေါ့ ဆရာရယ်"

မှောင်နေ၍ ရှင်မင်း ကားထဲမှ ဓါတ်မီးပြန်ယူပြီး ဟိုထိုးဒီထိုးနှင့် စတင်ရှာဖွေကြည့်၏။ သို့သော် သူဘာကို ရှာနေသလဲဆိုတာ သူကိုယ်တိုင် သေချာမသိ၊ ဆရာသော်တာက ဘေးမှ အဖော်အဖြစ်လိုက်လာသည်။ တဖြည်းဖြည်းနှင့် ကန်စပ်သို့ ရောက်လာခဲ့၏။

ရှင်မင်း လောကြီးပြီး ခြေအလှမ်းတွင် ချိုင့်ထဲ ခြေထောက်ကျသွားကာ လေးဘက်ထောက်လျက် လဲတော့သည်။ ဆရာက ပြုတ်ကျသွားသော ဓါတ်မီးကို ကောက်ယူရင်း ရှင်မင်းအား ဖေးမတွဲထူသည်။ ဆရာ့လက်ထဲမှ ဓါတ်မီးရောင်က ရှင်မင်း မျက်နှာတည့်တည့်ကို ထိုးထားသလိုဖြစ်နေ၍ ထိုမီးရောင်အား လက်နှင့် ကာထားလိုက်ရသည်။

ထိုအချိန်တွင် ရှင်မင်းအာရုံထဲ၌ ဓါတ်မီးကိုင် လက်တစ်ဖက်ပေါ်လာကာ သူမကို အားကုန်လွှဲ ရိုက်လိုက်သည့် မြင်ကွင်းအား ပြတ်ခနဲ မြင်လိုက်ရ၏။ ရုတ်တရက် အောင်ခိုင့်ကိုပါ ဖျတ်ခနဲ ထပ်တွေ့လိုက်ရပြန်သည်။

"ရရဲ့လား . . ဆရာမ"

တကယ့်အဖြစ်က ဆရာသော်တာ သူ့ကို တွဲထူနေခြင်းသာဖြစ်သည်။ ဒါဆို စောစောကအာရုံထဲ ပေါ်လာသော ပုံရိပ်တွေဟာ အနာဂါတ် မြင်ကွင်းတွေလား၊ ဆရာ့ကို အကဲခတ်ကြည့်တော့လည်း သတိ ရှိုးသားသည့် အသွင်အပြင်ကိုသာ တွေ့ရသည်။ သို့သော် . .



www.burmeseclassic.com

www.burmeseclassic.com



ဆရာသော်တာ လက်ထဲမှာတော့ ခါတ်မီးက ကိုင်လျှက်သားလေး ရှင်မင်း စိတ်တွေရှုပ်ထွေးလာသည်။

"ရပါတယ်. . ဆရာ"

ခေါင်းထဲမူးနောက်နောက်ဖြစ်သွားကာ. . ရှင်မင်း လမ်းကြောင်းပြောင်းပြီး ဆက်လျှောက်ခဲ့သည်။ ဆရာကတော့ ဓါတ်မီးနှင့် လမ်းပြပေးနေသည်။ လျှောက်လာရင်း သံကြိုးအပိုင်းအစတွေရှိနေသည့် သစ်တုံးကြီးဆီ ရောက်လာပြန်သည်။ ထိုသစ်တုံး ကိုကြည့်ပြီး ရှင်မင်းစိတ်ထဲ ထူးခြားသလို ခံစားမိသည်။

မလှုံ့တလုံ့ အဝတ်အစား နဲ့ အရုပ်ကြိုးပြတ်လဲကျလာသော နဒီလှိုင်း၏ပုံရိပ်များ. ၊ ပြီးတော့ ဦးစိုင်းလုံ ဆိုင်ရှေ့၌ ကားတံခါးဖွင့်နေသော နဒီလှိုင်း. ၊ ပြီးတော့ ထိုးရပ်လာသော ကားတစ်စီး. ၊ ထိုကားက ကျော်စိုး၏ ကားတော့မဟုတ်. ။

နဒီက ရောက်လာသောကားထဲ လှမ်းကြည့်ကာ. .

"ရှင် ဒီကိုဘာလာလုပ်တာလဲ"

ထိုသို့မေးလေသည်။ နောက်ထပ်မြင်လိုက်ရတာက ဒဏ်ရာနှင့် လဲကျနေသူမှာ သူကိုယ်တိုင် ဖြစ်နေပြန်သည်။ ရှင်မင်း အမူအရာတွေ ထူးခြားနေတာကို ဆရာသော်တာ ရိပ်စားမိသွားသည်။

"ဆရာမ တစ်ခုခု မြင်နေရပြီလား"

ရှင်မင်း. . ဆရာသော်တာအမေးကို ပြန်မဖြေသေးဘဲ သစ်တုံးရှေ့မှ လှည့်ထွက်လာသည်။ နဒီလှိုင်း အသံကို ထပ်ကြားရပြန်ပြီ. . ။

"ကျွန်မ အိပ်မပျော်ဘူး၊ ဒါကြောင့် တစ်ခုခုစားဖို့ ဒီကိုထွက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"စားပြီးပြီလား"

နဒီ ကမချိုပြုံးလေးပြုံးကာ. .

"အခုလေးပဲ စားပြီးပြီ. ."

"ဒါဆို နဒီ့ကားထားခဲ့. . ၊ မောင့် ကားနဲ့ပဲပြန်လိုက်ခဲ့တော့"

ပုံရိပ်တွေက ပေါ်လိုက်ပျောက်လိုက် ဖြစ်နေ၍ ရှင်မင်း မနည်းအာရုံစိုက်ကာ ကြည့်နေရသည်။ ပြန်မြင်ရပြန်ပြီ. . .။

နဒီလှိုင်းနှင့် ထိုလူတို့ ကျော်စိုးခြံထဲက ရေကန်နားရောက်နေကြပြန်ပြီ။

"အဝတ်အစားတွေက ဖရိုဖရဲနဲ့ သေသေသပ်သပ် ပြန်လုပ်လိုက်ဦး"

ထိုလူကပြော၏။ ဒီတော့ နဒီလှိုင်းက. . .

"မလိုပါဘူး၊ ဒါတွေက ရှင့်အတွက်ပဲလေ"

"မင်းပါးစပ်ပိတ်ထားစမ်း နဒီ၊ မင်းဘယ်သူနဲ့ သွားအိပ်နေတာလဲ. . ပြောစမ်း"

"ဘယ်သူနဲ့ အိပ်လို့လဲ. . ရှင်နဲ့ပဲ အိပ်နေတာလေ၊ နေပါအုံး ဘာလို့ မောင်က နဒီ့ကို ဒီခြံထဲခေါ်လာရတာလဲ"

"အေး. . အဲဒါပြောချင်လို့ မင်းကိုငါ ဒီကိုခေါ်လာတာ. . ၊ မင်းနဲ့အိပ်တဲ့ကောင်က ဒီခြံပိုင်ရှင် ကျော်စိုးဆိုတာ ငါမသိဘူးများ မှတ်နေသလား"

ဒါ. . ဒါ ဆရာသော်တာရဲ့အသံပဲ. . ဘုရား. . ဘုရား။ ရှင်မင်း တဖြည်းဖြည်းရုပ်လုံးပေါ်လာလေပြီ။ အာရုံစိုက်ရင်း ရှေ့ဆက်အလျှောက် ဆရာသော်တာကလည်း ခေတ်မီးထိုးပေးရင်း ထပ်ချပ်မကွာလိုက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရေကန်ဘေးနား၌ အချီအချ စကားများနေကြတာက ကိုသော်တာနှင့် နဒီလှိုင်းတို့သာဖြစ်၏။ ရှင်မင်းမှာ နဒီလှိုင်းသေမည့်ညက ဖြစ်ခဲ့သမျှကို ဟိုတစ်စဒီတစ်စ ပြန်မြင်နေရခြင်းဖြစ်သည်။

ဆရာတို့ လင်မယားရန်ပွဲက အရှိန်မြင့်လာသည်။

နဒီလှိုင်းအသံကို ကြားရပြန်သည်။

"အဲဒီတော့. ."

"မင်း ငါ့အပေါ် ဘာကြောင့် ဒီလိုလုပ်တာလဲ၊ မင်းကို ငါ သိပ်ချစ်ခဲ့တာ. . နဒီ"

"ရှင့်ကို ကျွန်မငြီးငွေ့သွားပြီ"

"ဪ. . မင်းက ဒီစကားမျိုး ထွက်လာပြီပေါ့"

ဆရာသော်တာက နဒီ့ပါးကို ရိုက်ချလိုက်၏။ နဒီကမခံ ပြန်လည်ဆောင့်တွန်းရင်း. .

"ရှင်. . လူကမွေးရင် လူလိုပြော လက်မပါနဲ့"

ဟု နဒီလှိုင်းက ကက်ကက်လန် ပြန်ပြော၏။ ကျော်စိုးတို့အိမ်က ခပ်လှမ်းလှမ်းမှာမို့ သူတို့အသံတွေ မကြားရခြင်းဖြစ်သည်။

နဒီက လက်ထပ်လက်စွပ်ကို ချွတ်ကာ. .

"ရှင့်ကိုလက်ထပ်ခဲ့တဲ့ တစ်ခုတည်းသော အကြောင်းပြချက်က အဖေ့ကို စိတ်မဆင်းရဲစေချင်လို့ပဲ. . အဲဒါ ရှင်မြဲမြဲမှတ်ထား"

ထိုသို့ပြောအပြီး လက်စွပ်ကို ရေထဲလွှင့်ပစ်လိုက်၏။

ဒီတော့ ကိုသော်တာ ပေါက်ကွဲသွားတော့သည်။

"နင်. . နင်. . တော်တော်အကျင့်ယုတ်တဲ့မိန်းမပဲ"

နဒီလှိုင်းကို ဆောင့်တွန်းလိုက်ရာ. . ပစ်လဲကျသွားတော့သည်။ ထိုအခြေအနေတွင် ဒေါသမထိန်းနိုင်သော ကိုသော်တာက



www.burmeseclassic.com

www.burmeseclassic.com



နဒီအားတက်ခွကာ လည်ပင်းညှစ်လေတော့သည်။ ရှင်မင်းကိုယ်တိုင် ကြုံခဲ့သည့်အိပ်မက်ထဲ လည်ပင်းညှစ်ခံရတာကို ပြန်သတိရလာသည်။ ရှင်မင်း နာရီကိုကြည့်တော့ (၁)နာရီအတိထိုးနေ၏။ သေချာအောင် ဆရာသော်တာလက်ကို လှမ်းအကြည့် . .

"ဟင်! . ."

Seiko တံဆိပ်နာရီလေး ပတ်ထား၏။ ခုတော့ ရှင်မင်း သိသွားပြီ၊ လူသတ်သမားက နဒီလှိုင်း၏ခင်ပွန်း ဆရာသော်တာဖြစ်နေ၏။ သူမ ဘာလုပ်ရမှန်းမသိတော့၊ သူ့အတွက်လည်း အန္တရာယ်က အချိန်မရွေး ကျရောက်လာနိုင်တာကို သိလိုက်ပြီဖြစ်သည်။ မသိမသာ ထပ်ပြီးစောင်းငဲ့ကြည့်တော့ ကိုသော်တာ တစ်လှမ်းချင်း တိုးကပ်လာတာတွေ့၏။

"ကဲ. . ဆရာ ကျွန်မတို့ပြန်ကြရင်ကောင်းမယ်၊ ဘာမှလည်း မသိရဘူး"

"ဘာမှမတွေ့ဘူးလား ဆရာမ"

ရှင်မင်း မျက်နှာအား ခတ်မီးနှင့် လှမ်းထိုးကြည့်ရင်းမေးလေ၏။ ရှင်မင်း ထိုအလင်းရောင်ကြောင့် မျက်စိတွေ ပြာဝေသွားသည်။

"မတွေ့ဘူး. . ဘာမှမတွေ့ဘူး. . "

သို့သော် ဟန်ဆောင်နေသော ရှင်မင်း အမူအရာက ပျက်နေပြီ။ တစ်ခုခုကိုကြောက်လန့်နေသလို ချွေးစေးများပင် ထွက်လာ၏။

"မင်း. . သိနေပြီ မဟုတ်လား"

"ဆရာ. . ဆရာ. . ကျွန်မ ပြောပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



နဒီလှိုင်းအားသတ်ခဲ့သော လူသတ်သမားက သူ့ကိုပါ နှုတ်ပိတ်တော့မည်ဆိုတာ တွေးမိ၍ ရှင်မင်း အူတုန်အသည်းတုန်အောင် ထိတ်လန့်လာသည်။

"အားလုံးပြီးသွားပြီ၊ ဘာမှပြောစရာမလိုတော့ဘူး၊ မင်း အဖြစ်မှန်တွေကို သိသွားပြီ၊ မင်း ပြန်ဖို့မကြိုးစားပါနဲ့"

သော်တာ ရှေ့တိုးလာတိုင်း ရှင်မင်း တစ်လှမ်းနောက်ဆုတ်နေရ၍ ကန်စပ်သို့ ပြန်ရောက်လာသည်။

"ကျုပ် လူသတ်သမားမဟုတ်ဘူး၊ ဘယ်သူ့ကိုမှ မသတ်ချင်ဘူး၊ ဒါပေမယ့် ဖောက်ပြန်တဲ့မိန်းမဆို အရမ်းမုန်းတယ်၊ ကျုပ် သူ့ကို ဆုံးမရုံပဲ ဆုံးမချင်တာ၊ ဒေါသက တွန်းပို့လိုက်လို့ လက်လွန်သွားရတာ၊ သူ့ရဲ့မရောင့်ရဲနိုင်တဲ့ ရမ္မက်စိတ်က ကျုပ်ကို နာကျင်စေတယ်"

"ကျွန်မ. . ကျွန်မ နားလည်ပါတယ်ဆရာ"

"နားမလည်ပါဘူး၊ အဲ့ဒီအခိုက်အတန့်လေးမှာ ကျုပ် ဘာဖြစ်သွားသလဲဆိုတာ ဘယ်သူမှ စာနာပေးလို့မရဘူး"

မာတ်မီးကို ဆ၍ဆ၍ကိုင်ရင်း ရှေ့တိုးလာသည့် သော်တာက မဖြစ်မနေ အပြတ်ရှင်းတော့မည့်ပုံမျိုးမို့. . ရှင်မင်း အလွန်ပင် နောင်တရနေပြီ ဖြစ်သည်။

"ဆရာ. . ဆရာ ကျွန်မကို ချမ်းသာပေးပါ"

"ကျုပ်ပြောတာ နားထောင်စမ်းပါ၊ ကျုပ်ဟာ ပညာတတ်လူတော်တစ်ယောက် ဒီလိုဖြစ်ခဲ့ရတာ မတန်ဘူး၊ ကျုပ် မခံစားနိုင်ဘူး"

"ဟုတ်. . ဟုတ်ပါပြီ ဆရာ၊ ဒီအဖြစ်တွေ ကျွန်မ ဘယ်သူ့ကိုမှ ပြောမပြပါဘူး၊ ကတိပေးပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တော့ဘူး"

နောက်ဆုံးအချိန် ရောက်နေပြီဆိုတာသိ၍ ရှင်မင်း ရှတ်တရက်လှုပ်ရှားကာ သော်တာအား ဆောင့်တွန်းပြီး ထွက်ပြေးဖို့ ကြိုးစားသည်။ သို့သော် မရ. .၊ သော်တာက ပိုပြီးမြန်နေသည်။

"ဒုတ်!. ."

ဓါတ်မီးနှင့် အားကုန်လွှဲရိုက်တာကို ခံလိုက်ရသည်။ သူကန်စပ်မှာပင် မှောက်ခုံလဲကျသွားသည်။ နဖူးအစပ်ကလည်း တစစ်စစ်နာကျင်လာပြီး မူးဝေနေ၏။ သို့သော် သားအတွက် သူ အသက်ရှင်ဖို့ လိုအပ်နေသည်မို့ ကုန်ရုန်းထကာ လွတ်မြောက်ရေးအတွက် ကြိုးစားရပြန်သည်။ သော်တာက သူဆံပင်တွေကို စုကိုင်ကာ ဆွဲလိုက်သည်။

"အား!. . နာ. . နာတယ်၊ မလုပ်ပါနဲ့ရှင်"

ရှင်မင်း ဒဏ်ရာမှလည်း သွေးတွေစီးကျလာသည့် အထိအတွေ့ကို ခံစားနေရသည်။ သော်တာက ဆံပင်ဆောင့်ဆွဲ၍ ရှင်မင်းခေါင်းထောင်လာသည်တွင် ဓါတ်မီးနှင့် အားကုန်လွှဲရိုက်ရန် လက်ကိုလွှဲအမြှောက်. . .

"ဟော့ကောင်. ."

လူတစ်ယောက်က သော်တာ့ဓါတ်မီးကိုင်လက်ကို ဖမ်းချုပ်ပြီး ထိုးနှက်လေတော့သည်။

"ခွပ်!. . ခွပ်!. . ခွပ်!. ."

သော်တာလည်း သွေးရဲရဲသံရဲရဲဖြင့် လဲကျသွားလေပြီ။

"ဘယ်နေရာ နာသွားလဲ ရှင်မင်း"

ဟင်. . ဒါ. . ဒါ အောင်ခိုင့်အသံပဲ၊ သူ့ကို ကယ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင်ပေါ့၊ ရှင်မင်း ဝမ်းသာသွားကာ တွဲထူလာသူကို သေချာကြည့်မိ၏။ ဟုတ်သည် အောင်ခိုင်မှ အောင်ခိုင်အစစ်၊ သူ မသေတော့ဘူးဆိုတာသိ၍ ရှင်မင်း အတိုင်းမသိ ဝမ်းသာသွားသည်။

သူ့ခြေထောက်ပေါ် သူရပ်မိသည်နှင့်. .

"ဒီလူသတ်သမားကို ရဲစခန်းပို့မှ ဖြစ်မယ်"

အောင်ခိုင် ဘာမှပြန်မပြော၊ နှစ်ယောက်အားနှင့် သော်တာကို ဒရွတ်တိုက်ဆွဲခေါ်ကာ ကားဆီ အရောက်သယ်လာခဲ့ကြသည်။ ကားနောက်ဖုံးထဲထည့်ပြီး တံခါးပိတ်ထားလိုက်၏။ ကားပေါ်တွင် ခဏအနားယူနေခိုက် သက်သာလာ၍ ခေါင်းမော့ကြည့်တော့ သူ့ကိုကြည့်နေသော အောင်ခိုင်ကို တွေ့ရလေသည်။

"ငါ နင့်ကို အချုပ်ထဲမှာလို့ ထင်ထားတာ၊ နင် လွတ်လာပြီပေါ့"

BURMESE CLASSIC

"ဟုတ်တယ် ငါလွတ်လာပြီ၊ ရှင်မင်း"

"လွတ်လာပြီဆိုလို့ ဝမ်းသာပါတယ်ဟယ်၊ ရဲတွေခေါ်မိတာ ငါပါ. . နင့်ကို အချုပ်ခန်းထဲ ပို့မိသလို ဖြစ်သွားတယ်၊ အဲဒီအတွက် စိတ်မကောင်းပါဘူး. . တောင်းပန်ပါတယ် အောင်ခိုင်ရယ်"

"ကဲပါ ဒါတွေပြောမနေနဲ့တော့ ရှင်မင်း၊ နင်က ငါ့အတွက် တစ်ဦးတည်းသော သူငယ်ချင်းပဲဟာ၊ ပြီးတော့လေ. . ငါ. . ငါ. ."

အောင်ခိုင့် စကားလုံး တစ်ဆို့လို့နေသည်။

"ငါ. . နင့်ကို သိပ်ချစ်တယ်သိလား၊ နင်ဟာ ဒီမြို့ရဲ့ ဝိညာဉ်ပါ၊ နင့်ကြောင့် လူတွေအများကြီး အကျိုးရှိခဲ့ကြတယ်၊ သူများအတွက် လုပ်ပေးရင်း နင်ကိုယ်တိုင် သေတော့မလို့၊ နောက်ကို ဘာပဲလုပ်လုပ် သေချာစဉ်းစားပြီးမှလုပ်ပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင် ပြောနေတာကြည့်ပြီး ရှင်မင်း မျက်ရည်တွေစီးကျလာ၏။ အောင်ခိုင် အိတ်ကပ်ထဲမှ တစုံတရာကို နှိုက်ယူသည်။ လက်ကိုင်ပုဝါလေး . . ။ တစ်ခါက အောင်ခိုင် မျက်ရည်သုတ်ဖို့ ပေးခဲ့သော ရှင်မင်း၏လက်ကိုင်ပုဝါလေး ဖြစ်သည်။

"ငါ သေချာလျှော်ထားတာဟ၊ နင့် မျက်ရည်တွေသုတ်လိုက်ပါအုံး"

ရှင်မင်း ကြည်နူးစွာဖြင့် မျက်နှာကိုသုတ်သည်။ ဒဏ်ရာကို လက်ကိုင်ပုဝါနှင့်ဖိပြီး သွေးတိတ်အောင် လုပ်ရသည်။

"ငါနဲ့အတူ မြို့ထဲပြန်လိုက်မှာလား အောင်ခိုင်"

"အေး . . လိုက်ခဲ့မယ်လေ"

အောင်ခိုင်တို့ အိမ်ဘက်သွားသည့် လမ်းခွဲတွင် သတိတရမေးတော့ ရဲစခန်းအထိအတူလိုက်ခဲ့မည်ဆို၍ ရှင်မင်းက မြို့ထဲဘက်ချိုးကွေ့ကာ စခန်းသို့ဦးတည် မောင်းလာခဲ့သည်။ သိပ်မကြာခင်မှာပင် ရဲစခန်းရှေ့ ကားထိုးရပ်လိုက်၏။

"နင် သေချာပေါက် ပြန်ရမယ့်နေရာတစ်ခု ရှိတယ်နော်"

"သိပါတယ်ဟာ ငါ့အမေ မျှော်နေမှာ"

"အင်း . . ဟုတ်တယ်"

BURMESE CLASSIC

အောင်ခိုင်က စခန်းထဲမလိုက်တော့ဟု ဆိုသဖြင့် ရှင်မင်း တစ်ယောက်ထဲ ဝင်လာခဲ့၏။ ပြန်လှည့်အကြည့်မှာ သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေသော အောင်ခိုင့်အား တွေ့နေရသည်။ ရှင်မင်း ပြုံးပြလိုက်၏။

စခန်းထဲရောက်တော့ ဦးမြဒင်အား အကျိုးအကြောင်း ရှင်းပြရသည်။ ချက်ချင်းပင် အရေးတယူနှင့် တရားခံကိုခေါ်ဖို့ ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။ ကားကို လှမ်းမြင်ရချိန်တွင် အောင်ခိုင် ကားထဲမှာ မရှိတော့. . .

ဒီနေ့မှ လွတ်လာသူက ရဲတွေနှင့် ရင်မဆိုင်ချင်၍ ရှောင်နေတာ ဖြစ်မည်ဟု တွေးမိသည်။ ရဲတွေက ကားနောက်ခန်းမှ သော်တာကို သတိရအောင်လုပ်ပြီး ဆွဲခေါ်လာကြသည်။ ရဲတွေ သူ့အလုပ်သူလုပ်နေစဉ် ဦးမြဒင်အခန်းမှာပင် ရှင်မင်း ထိုင်စောင့်နေ၏။ နာရီဝက်လောက်အကြာမှာ ဦးမြဒင် ပြန်ရောက်လာ၏။

"လူဆိုတာ ဘယ်လောက်ပဲ ပညာတွေတတ်တတ် ဒေါသကို ထိန်းနိုင်ခဲ့တယ်၊ ဆရာမခေါင်းက ဒဏ်ရာကော ဘယ်လိုနေသေးလဲ"

"သက်သာပါတယ်၊ အောင်ခိုင် ရောက်လာလို့တော်သေးတာ"

"အောင်ခိုင်. . ဘယ်အောင်ခိုင်လဲ ဝပ်ရှော့ဆရာ အောင်ခိုင်လား"

"ဟုတ်ပါတယ် ဦးမြဒင်"

ဦးမြဒင်က ရှင်မင်းအား ကြောင်နာစွာကြည့်ရင်း ခေါင်းယမ်းသည်။

"အဲဒီ အောင်ခိုင်ဆိုရင်တော့ မဟုတ်ဘူးလို့ ပြောရမှာပဲ"

"ဟုတ်ပါတယ် ဦးမြဒင်ရဲ့၊ စခန်းရှေ့ထိ ကားပေါ်မှာပါလာတာ၊ ကျွန်မပြန်ထွက်လာမှ သူမရှိတော့တာ"

"အင်း. . အဲဒါ အောင်ခိုင်တော့ လုံးဝ မဖြစ်နိုင်ဘူး"

ရှင်မင်း နားမလည်သလိုလေသံနှင့်. .

"သူ. . သူပြောတော့ လွတ်လာပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ အောင်ခိုင်က သေသွားပြီ ရှင်မင်း"

"ရှင်!. ."

ဦးမြဒင်စကားကြောင့် ရှင်မင်း မယုံနိုင်အောင် ဖြစ်သွား၏။

"ဒီနေ့ပဲသူ အချုပ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ်၊ ညနေ ခြောက်နာရီလောက်ကဖြစ်မယ်"

ရှင်မင်း ဘာမှမပြောနိုင်တော့၊ ကြားရသည့် သတင်းတွေက မယုံနိုင်အောင် ဖြစ်နေသည်။ စောစောကအထိ အတူရှိနေသော အောင်ခိုင်က ညနေကတည်းက သေသွားပြီဆိုတာ ဖြစ်နိုင့်ပါ့မလား၊ ရှင်မင်း အနွေးထည်အိတ်ထဲမှ လက်ကိုင်ပုဝါလေးကို ထုတ်ယူလိုက်သည်။ ဦးမြဒင်ကတော့ သူမကို ဂရုဏာသက်စွာ ကြည့်နေ၏။

"ဒါ. . ဒါ. . သူ. . သူ ကျွန်မကို ပေးသွားတာလေ"

ရင်ထဲဆို့နင့်ကာ ကြေကွဲနေသော အသံဖြင့် ရှင်မင်း ပြောရှာသည်။

BURMESE CLASSIC

"အင်း. . ကျုပ်ယုံပါတယ် ရှင်မင်း၊ ရှင်မင်းက ဝိညာဉ်တွေကို တွေ့မြင်နိုင်သူလေ၊ သံယောဇဉ်ကြီးတဲ့ သူငယ်ချင်းတွေမို့လား၊ ရှင်မင်း ဒုက္ခတွေ့နေလို့ ဝိညာဉ်ဘဝနဲ့ လာကယ်သွားတာနေမှာပေါ့"

အောင်ခိုင်ရယ်. . ဝိညာဉ်ဘဝနဲ့တောင် ငါ့ကိုချစ်တယ်လို့ ပြောသွားသေးတယ်နော်၊ ငါ စိတ်မကောင်းလိုက်တာဟာ. . .။

ဝမ်းနည်းကြေကွဲမှုတွေ မထိန်းနိုင်အောင် ဖိစီးလာသဖြင့် ရှင်မင်း ခြုံးပွဲချကာ ငိုလိုက်လေတော့သတည်း။



www.burmeseclassic.com